www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နဂါးမျက်စောင်း

စိတြအဂ္ဂ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အခန်း [၁]

ရာဇသံအပေးခံရခြင်း

ရင်ခုန်ဖွယ်ခရီးပေါ်

မမျိုမအန္တရာယ်

မမျှော်လင့်သူ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)



## ရာဇသံအမေးခံရခြင်း

တစ်ခုသောညနေခင်းအချိန်တွင် ...

ဗားကရာချောက်အနီးရှိ ကျွန်ုပ်၏ နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးအောက်ထပ် အိမ်ရှေ့ဝရန်တာတွင် ကျွန်ုပ်သည် ပက်လက်ကုလားထိုင်တစ်လုံးနှင့် ထိုင်လျက် ဖော့စတားဆေးတံကြီးခဲကာ နောက်ထပ်ရေးမည့်ဝတ္ထုဇာတ်ကြောင်းကို စဉ်းစားလျက်ရှိစဉ် အိမ်ရှေ့သို့ ဖို့ဒ်ကားအနက်လေး မီးခိုးတလူလူဖြင့် ထိုးဆိုက်လာပြီး ကျွန်ုပ်၏စာအုပ်များကို ထုတ်ဝေနေသော ခုနစ်စဉ်ကြယ်စာအုပ်တိုက်ပိုင်ရှင် ထုတ်ဝေသူဦးအောင်စိုးသည် မျက်



www.burmeseclassic.com

www.burmeseclassic.com



ကလဲဆန်ပျာအမူအရာဖြင့် တောင်မြှောက်လေးပါးကို ကျိုးကန်း တောင်းမှောက်ကြည့်လျက် ကားထဲမှထွက်လာလေသည်။ ပြီး လျှင် အိမ်ရှေ့လှေကားမှ အူယားဖားယား တက်လာလေ၏။

"စာရေးဆရာ ... ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ ဗျာ၊ ပြဿနာတော့ အကြီးကြီးတက်နေပြီဗျ"

သူ၏ အမြီးမပါ ခေါင်းမပါစကားကို နားမရှင်းသဖြင့် ကျွန်ုပ်သည် ပါးစောင်၌ခဲထားသည့် ဆေးတံကြီးကို ချွတ်လိုက် ကာ သူ့ကို ရှုတည်တည်ကြည့်လိုက်မိလေ၏။

"ဘာလဲဗျ ... ကျုပ်ရေးတဲ့စာအုပ်တွေ အရှုံးပေါ်နေလို့ လား"

"ဘယ်ကလာဗျာ၊ စာအုပ်က ရောင်းကောင်းပါတယ်၊ ခု ရောင်းကောင်းလို့ကို ပြဿနာအကြီးကြီး တက်နေတာဗျ"

"ဘယ်လို ဘယ်လို ... ရောင်းကောင်းတာပဲ ပြဿနာ အကြီးကြီးတက်ရတယ်လို့၊ ခင်ဗျားတို့စီးပွားရေးသမားတွေက ဘယ်လိုလဲဗျ ... အဆီယစ်နေရတာတောင် အစာမကြေပါဘူး လို့ ပြောသလိုဖြစ်နေပြီ"

"ဟော့ ဟော့ စာရေးဆရာ ... စကားတတ်တိုင်း ပေါက်





ကရ ပြောမနေနဲ့၊ အခုဟာက အဆီယစ်တာတွေ့၊ အစာမကြေ တာတွေနဲ့ မဆိုင်ဘူးဗျ၊ အသက်အန္တရာယ်၊ လူဆိုးတွေပေးမယ့် အသက်အန္တရာယ်နဲ့ဆိုင်နေတာ ... သိရဲ့လား"

"အလိုလေးဗျာ ... ကျုပ်က ဝတ္ထုရေးတယ်၊ ခင်ဗျားက ထုတ်ဝေတယ်၊ အဲဒါ ဘာအသက်အန္တရာယ်ရှိလို့လဲ၊ လူဆိုးတွေနဲ့ ရော ဘာဆိုင်လဲ၊ ခင်ဗျားဘာသာ ကိုညွန့်အောင်တို့နဲ့ပေါင်းပြီး ဟိုတယ်တွေတက်ရာက ဟိုတယ်မယ်တွေနဲ့တွဲလို့ လူဆိုးဂိုဏ်း တွေနဲ့ငြိပြီး ပြဿနာတက်တာ ကျုပ်တို့စာရေးဆရာတွေနဲ့ ဘာမှ မဆိုင်ပါဘူးဗျာ ...၊

တကယ်လို့ လူဆိုးဂိုဏ်းတွေက ပြဿနာရှာနေရင် လည်း အိုင်အိုချစ်သွေးကို အကူအညီတောင်းလိုက်ပေါ့ဗျာ၊ ဒါပေ မဲ့ ပြောသာပြောရတယ် ... ကိုယ်ပြုတဲ့ကံ ကိုယ့်ထံပြန်ဆိုသလို ပြဿနာဆိုတာ ကိုယ်ကစမှ ဖြစ်တတ်တာပါ၊ စကတည်းက ခင်ဗျားတို့ ဆင်ခြင်သင့်တယ်ဗျ"

"အေး ... အခုပြဿနာကို စတာက ခင်ဗျား ... သိ ရဲ့လား၊ ခင်ဗျား အစကတည်းက ဆင်ခြင်ရင် ဒီလိုမဖြစ်ဘူး"

"အလိုလေးဗျာ ... ကျုပ်က ဘာပြဿနာကိုစလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခု နောက်ဆုံးထွက်သွားတဲ့ ခင်ဗျားရဲ့လုံးချင်းဝတ္ထု နဂါးစေတမန်ဟာ နဂါးမာန်ကျော်ရင်ရဲ့အကြောင်းကို အခြေခံပြီး ရေးထားတာမဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒီ နဂါးမာန်ကျော်ရင်ဆိုတာ မြန်မာပြည် မြောက်ဖျားပိုင်းက နာမည်ကြီးလူဆိုးဆို"

"သူက လူဆိုးမဟုတ်ပါဘူး၊ လူဆိုးတွေအပေါ် ဖျံကျတဲ့သူပါ"

"ကိုညွှန့်အောင်က မြန်မာပြည်ရဲ့နေရာတကာ ရောက်ဖူးပြီး ဗဟုသုတစုံတော့ သူပြောပြမှ ခင်ဗျားရဲ့နဂါးစေတမန် ဝတ္ထုထဲက နဂါးမာန်ကျော်ရင်ဆိုတာ အပြင်မှာ ကကယ်ရှိတဲ့သူမှန်း ကျုပ်သိရတာဗျ"

"အေးလေ ... အဲဒါ ဘာဖြစ်လဲ၊ ကျုပ်ရေးတဲ့ ဂမ္ဘီရလျှို့ဝှက်ဆန်းကြယ်လုံးချင်းဝတ္ထုမှန်သမျှဟာ ဖြစ်ရပ်မှန်တွေကို အခြေခံပြီးရေးတာ များတယ်၊ အဲဒါလည်း စကတည်းက ခင်ဗျားကို ပြောဖူးသားပဲ"

"အေး ... တခြားဖြစ်ရပ်မှန်တွေရေးတာ အကြောင်း





မဟုတ်ဘူး၊ ခု နဂါးမာန်ကျော်ရင်ရဲ့အကြောင်းကို အခြေခံရေးလိုက်တာက ခင်ဗျားကိုယ်ခင်ဗျား ခေါင်းစီလောင်းပြီး မီးရှို့သလို ဖြစ်နေပြီဗျ ... သိရဲ့လား ကိုအဂ္ဂရဲ့"

"နေပါဦး ... ခင်ဗျားပြောတာ ကျုပ်နားမရှင်းပါဘူး၊ နဂါးမာန်ကျော်ရင်ရဲ့အကြောင်း ရေးလိုက်တာနဲ့ ဘာတွေဖြစ်ကုန်လို့လဲ"

"ဒီလိုဗျ ... စာအုပ်ဖြန့်ချိပြီး နှစ်ပတ်အကြာမှာ ကျုပ်ရဲ့ စာအုပ်တိုက်ဆီ ဖုန်းဝင်လာတယ်၊ ကျုပ်က စာအုပ်တိုင်းမှာ ခင်ဗျားရဲ့လိပ်စာကို ထည့်မရိုက်ဘဲ ကျုပ်ရဲ့စာအုပ်တိုက် တည်နေရာလိပ်စာနဲ့ ဖုန်းနံပါတ်ကို ထည့်ရိုက်တော့ ကျုပ်ဆီကို အဲဒီစာအုပ်နဲ့ပတ်သက်ပြီး ဖုန်းဝင်လာတာပေါ့ဗျာ"

"အဲဒါ ဘာဆန်းလဲဗျ၊ ခါတိုင်း စာအုပ်တွေထွက်တိုင်းလည်း စာဖတ်သူတွေက ခင်ဗျားရဲ့စာအုပ်တိုက်ပဲ ဝေဖန်စာတွေပို့၊ ဖုန်းတွေဆက် လုပ်နေတာပဲ၊ မဆန်းပါဘူး"

"ခုဟာက ဆန်းတယ်ဗျာ၊ ခု ဖုန်းဆက်တာက လူဆိုးဂိုဏ်းက ဆက်တာ"

"ဗျာ ... လူဆိုးဂိုဏ်း ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ဆက်တာမှ လူဆိုးဂိုဏ်းကြီးသုံးဂိုဏ်းကကို တစ်ဂိုဏ်းပြီးတစ်ဂိုဏ်း ဆက်ကြတာ"

"နေပါဦး . . . ဘယ်လိုဖြစ်လို့တုံး"

"ဒီလိုဗျာ . . . ကျုပ်က စာအုပ်တွေ ထုတ်ဝေတာ တစ်ဖက်, စက္ကူရောင်းတာကတစ်ဖက်မို့ အလုပ်ရှုပ်နေတာနဲ့ ခင်ဗျားရဲ့ နဂါးစေတမန်ဝတ္ထုကို မဖတ်ဖြစ်ဘူးဗျ၊ အခု ပြဿနာတက်မှ ဖတ်ဖြစ်တာ"

"သိပါတယ်၊ ခင်ဗျားက ကိုယ်ထုတ်တဲ့စာအုပ်တောင် ကိုယ်ဖတ်ရမှန်းသိတဲ့သူ မဟုတ်ဘူး၊ သိုင်းဝတ္ထုပဲ ဖတ်ရမှန်းသိတဲ့သူ၊ မဂ္ဂဇင်းဆိုလည်း Play Boy တို့ ဘာတို့"

"ဟော့ ဟော့ . . . ဒါ နောက်ရမယ့်အချိန် မဟုတ်ဘူး စာရေးဆရာ၊ သေရေးရှင်ရေးကိစ္စဗျ . . . သိရဲ့လား"

"ဟုတ်ပါပြီဗျာ ဟုတ်ပါပြီ၊ ကဲ . . . ဆိုစမ်းပါဦး၊ ဘယ်လူဆိုးဂိုဏ်းတွေက ဆက်တာလဲ၊ ဘာဖြစ်လို့တဲ့လဲ"

"ဒီလိုဗျ၊ ခင်ဗျားရဲ့ဝတ္ထုဇာတ်သိမ်းခန်းမှာ လူဆိုး နဂါးမာန်ကျော်ရင်ဟာ သူကျူးလွန်တဲ့လူသတ်မှုတစ်မှုအတွက်နဲ့ တစ်သက်တစ်ကျွန်းကျခံသွားတယ်လို့ ရေးထားတယ်မဟုတ်လား"





"ဟုတ်တယ်လေ"

"အေး . . . ကျုပ်ဆီဖုန်းဆက်တဲ့ လူဆိုးဂိုဏ်းကြီးသုံးဂိုဏ်းဟာ သူတို့အပေါ် ဖျံကျသွားတဲ့ နဂါးမာန်ကျော်ရင်ကို အသေရရ အရှင်ရရ အလိုရှိနေတာတဲ့ဗျ၊ နဂါးမာန်ကျော်ရင်ကို မြေလှန်ရှာနေတာ ကြာပြီတဲ့၊ ခင်ဗျားရဲ့ဝတ္ထုကို သူတို့ရဲ့ဂိုဏ်းသားတချို့က ဖတ်မိမှ နဂါးမာန်ကျော်ရင်ကို ပြန်ပြီးခြေရာခံမိတာတဲ့ . . .၊

ဒါနဲ့ အဲဒီလူဆိုးဂိုဏ်းရဲ့အထောက်တော်တချို့ဟာ တခြားလူဆိုးအချင်းချင်း အဆက်အသွယ်လုပ်ပြီး စုံစမ်းကြည့်ကြတော့ နဂါးမာန်ကျော်ရင်ဟာ တစ်ကျွန်းကို လုံးဝရောက်မလာဘူးလို့ သိရတယ်တဲ့"

"ဟုတ်တယ်လေ . . . နဂါးမာန်ကျော်ရင်က အဖမ်းမှ မခံရဘဲ၊ တစ်ကျွန်းလည်းမကျပါဘူး"

"ဒါဆို ခင်ဗျားက ဘာဖြစ်လို့ နဂါးမာန်ကျော်ရင် တစ်ကျွန်းကျသွားတယ်လို့ ရေးရတာလဲဗျ"

"ဟား ဟား ဟား . . . ဒါကတော့ ကျုပ်က စာရေးဆရာလေဗျာ၊ ကျုပ်ဝတ္ထုထဲက ဇာတ်ကောင်ကို ထောင်ချချင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရတယ်၊ သတ်ရင်လည်း သတ်ပစ်မယ်၊ လွှတ်ရင်လည်း လွှတ်ပစ်မယ်၊ မိန်းမယူရင်လည်း ယူနိုင်းလိုက်မှာပေါ့၊ အဲဒါက ဝတ္ထုလေဗျာ၊ ဝတ္ထုဆိုတာ ဖြစ်ရပ်မှန်ကို အခြေခံသည့်တိုင် အားလုံး အမှန်အတိုင်းတွေချည်း ရေးချင်မှရေးမှာပေါ့ဗျ၊ ဖတ်ကောင်းအောင်, ဆီလျော်အောင် ရေးရတာမျိုးဗျ''

''အင်း . . . ဒါပေမဲ့ ခက်တာက အခုလူဆိုးဂိုဏ်းတွေက ပျောက်ဆုံးနေတဲ့ နဂါးမာန်ကျော်ရင်နဲ့ နဂါးစေတမန်ဝတ္ထုရေးတဲ့ စာရေးဆရာဟာ ဆက်နွှယ်မှုရှိနေရမယ်၊ နဂါးမာန်ကျော်ရင်နဲ့ တွေ့ဖူး ဆုံဖူးတဲ့အပြင် နဂါးမာန်ကျော်ရင် ဘယ်မှာရှိနေတယ်ဆိုတာ သိကိုသိရမယ်လို့ ယူဆနေတယ်ဗျ . . .၊

ဒါကြောင့် သူတို့က ဖုန်းဆက်ပြီး ခင်ဗျားရဲ့လိပ်စာကို မေးတယ်၊ ခင်ဗျားနဲ့တွေ့ပြီး မေးကြမယ့်သဘောပဲ၊ ပုလိပ်ဘက်ကို အကြောင်းမကြားဖို့လည်း ပြောတယ်၊ ပုလိပ်ဘက်ကို အကြောင်းကြားရင် ကျုပ်ကိုပါ အန္တရာယ်ပြုမယ်လို့ ခြိမ်းခြောက်တယ် . . .၊

ကျုပ်က ခင်ဗျားရဲ့လိပ်စာကို မပေးလိုက်ပါဘူး၊ စာရေးဆရာက ကြည့်မြင်တိုင်ဘူတာနားမှာ နေတယ်၊ လမ်းနာမည်နဲ့





အိမ်အမှတ်တော့မသိဘူးလို့ ဘူးခံပြီးပြောထားတယ်၊ အဲဒါ မနက်ဖြန်မှာ ဖုန်းထပ်ဆက်ကြမယ်တဲ့၊ အဲဒီအခါကျရင် ခင်ဗျားရဲ့ လိပ်စာ အတိအကျပြောရမယ်တဲ့ဗျ''

''ဩော် . . . ဒါဆို ခင်ဗျားက ကျုပ်ရဲ့လမ်းနာမည်နဲ့ အိမ်နံပါတ်လာယူတာပေါ့ . . . ဟုတ်လား''

''မဟုတ်ရပါဘူးဗျာ၊ ခင်ဗျားကိုအသိပေးဖို့ လာခဲ့တာပါ၊ အဲဒီလူတွေ ကျုပ်ရဲ့နောက်က နောက်ယောင်ခံပြီးလိုက်မှာတောင် ကျုပ်က စိုးရိမ်နေတာပါ''

''ဒီမှာ . . ခင်ဗျားကို ကျုပ်ပြောလိုက်မယ်၊ ကျုပ်အတွက် ဘာမှမစိုးရိမ်နဲ့၊ ဒီတစ်ခါ ဖုန်းဆက်ရင် ကျုပ်ရဲ့လိပ်စာ ပေးချင်ပေးလိုက်၊ ဒါပေမဲ့ စာရေးဆရာဟာဖြင့်ရင် ခုအချိန်မှာ အိန္ဒိယပြည်ကို ထွက်သွားပြီလို့ ပြောလိုက်''

''ဟ . . . အဲဒီလို လိမ်ပြောလို့ ဖြစ်မလား၊ သူတို့က ခင်ဗျားဆီကို လိုက်လာကြမှာဗျ''

''လိမ်ပြောတာမဟုတ်ဘူးဗျ၊ ကျုပ် မနက်ဖြန်ပဲ အိန္ဒိယပြည်သွားမလို့''

''ဘယ်လို ဘယ်လို''



www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုဗျာ . . . ကျုပ်ရဲ့မိတ်ဆွေလေး မောင်လှူရဲ့ဟာ ဘီလပ်ကို ပညာတော်သင်သွားရာက နှစ်စေ့လို့ပြန်အလာ သင်္ဘောကြုံရှိတာနဲ့ အာရပ်တွေရဲ့နိုင်ငံတွေဆီ ဝင်ခဲ့တယ်ဗျ။ အဲဒီမှာ ဂျစ်ပစီအဘိုးကြီးတစ်ယောက်နဲ့ အီဂျစ်နိုင်ငံမှာတွေ့ပြီး အဲဒီ ဂျစ်ပစီအဘိုးကြီးဆီက အာရိယန်တွေရဲ့ မအိုမနာဆေး တောင့်ရဲ့သတင်းကို ရခဲ့တယ်ဗျ”

“ဘယ်လို ဘယ်လို . . . မအိုမနာဆေးတောင့် . . . ဟုတ်လား”

“ဟုတ်တယ်၊ တစ်ချိန်တုန်းက ဂေါတမဗုဒ္ဓဘုရားရှင် မပွင့်မီ နှစ်ပေါင်းမြောက်မြားစွာက အိန္ဒိယပြည်လို့ခေါ်တဲ့ မဇ္ဈိမ တိုင်းမှာ ဒေသခံ ဒြာဝိဒီယန်တွေနဲ့ အရှေ့မြောက်ဘက်က ဟိမ ဝန္တာတောင်တန်းကို ကျော်ဖြတ်ဝင်ရောက်လာကြတဲ့ အာရိယန် လူမျိုးတွေဟာ စစ်ပွဲတွေ အကြိမ်ကြိမ်ဖြစ်ခဲ့ဖူးတယ်ဗျ . . .။

အဲဒီစစ်ပွဲတွေကို အခြေခံပြီး အိန္ဒိယကဗျာစာဆိုကြီး ဝါလမိကိက ရာမယဏကဗျာရှည်ကြီးကို ရေးဖွဲ့ခဲ့တယ်ဗျ၊ ရာမ ဇာတ်တော်ဆိုတာ အဲဒီရာမယဏကဗျာကြီးထဲက ဇာတ်ပဲဗျ၊ ဆိုတော့ ရာမမင်းသားတို့ ဦးဆောင်တဲ့ အာရိယန်တွေဟာ ဒသသ





ဂီရိလို့ လူသိများတဲ့ ရာဝဏာဘုရင်ဦးဆောင်တဲ့ ဒြာဝိဒီယန်တွေနဲ့ တိုက်ပွဲအကြိမ်ကြိမ် ဖြစ်ခဲ့ဖူးတယ်ဗျ၊ နောက်တော့ အာရိယန်တွေ အနိုင်ရပြီး အဲဒီဒေသကို အာရိယန်တွေ နှစ်အတော်ကြာလွှမ်းမိုးခဲ့ တယ်ဗျ . . .။

အဲဒီအာရိယန်တွေမှာ နတ်ဆရာတွေ ပါလာတယ်၊ ထူး ခြားတဲ့ ဂမ္ဘီရပညာရှင်တွေလည်း ပါလာတယ်၊ နောက်တော့ အာရိယန်တွေထဲမှာပဲ အုပ်စုတွေကွဲပြီး ကိုးကွယ်ယုံကြည်မှုတွေ ကွဲလာသလို မြို့ပြနိုင်ငံတွေ အသီးသီးထူထောင်လာခဲ့ကြတယ်ဗျ။

အဲဒီထဲက ဥဒယဆိုတဲ့ မြို့ပြနိုင်ငံရဲ့ဘုရင်ဟာ ရှေး ဟောင်းနတ်ဆရာတစ်ယောက်ကြောင့်လား, ဝိဇ္ဇာဓိုရ်တစ်ယောက် ကြောင့်လား မသိဘူး . . . မအိုမနာဆေးတောင့်ကို ရရှိခဲ့တယ်လို့ မဟာဘာရတကျမ်းတစ်ခုမှာ ရေးထားကြောင်း အိန္ဒိယပြည်မှာ နှစ်ရှည်လများနေဖူးတဲ့ ဂျစ်ပစီအဘိုးကြီးက သူသေခါနီးမှာ သူ့ ကိုပြုစုပေးခဲ့တဲ့ ကျုပ်ရဲ့မိတ်ဆွေလေး မောင်လှူရဲ့ကို ပြောပြခဲ့ တယ်ဗျ . . .။

အဲဒီအကြောင်းကို ပြီးခဲ့တဲ့လကမှ မြန်မာပြည်ပြန်ရောက် လာတဲ့ မောင်လှူရဲ့က ကျုပ်ကိုပြောပြပြီး အဲဒီမအိုမနာဆေး



www.burmeseclassic.com

www.burmeseclassic.com



တောင့်ကို သွားရှာဖို့ ကျုပ်ကိုပြောတယ်၊ သူက သူ့ဒွေးသားဆိုတော့ ခရီးစရိတ်ကုန်ကျသမျှ အားလုံးခံမယ်လို့ ပြောတယ်ဗျ''

ဤတွင် ကျွန်ုပ်၏ထုတ်ဝေသူ ဦးအောင်စိုးက သက်ပြင်းကြီးချပြီး ခေါင်းကို လေးလေးပင်ပင် ခါယမ်းတော့သည်။

''ခင်ဗျားဟာကဗျာ မသေချာမရေရာတဲ့ကိစ္စကြီး၊ အဲဒီကိစ္စအတွက်နဲ့ အချိန်တွေအကုန်ခံဦးမလို့လား၊ ဒီမှာလည်း ပြဿနာက တန်းလန်းနဲ့၊ ဒီကပြဿနာကို မရှင်းရင် မအိုမနာဆေးမရခင် မရဏာလမ်း မြန်းနေရဦးမယ်''

''ဖွဟဲ့ ... လွဲပါစေ ဖယ်ပါစေ၊ ခင်ဗျားကလည်း မဦးမချွတ် ပြောရော့မယ်၊ ကျုပ်က ဂမ္ဘီရစာရေးဆရာလေဗျာ၊ ဂမ္ဘီရဆိုင်ရာကိစ္စတွေ စိတ်ဝင်စားတာပေါ့ ...၊

နဂိုကတည်းက အိန္ဒိယပြည်နဲ့ ဟိမဝန္တာဒေသကို အခြေခံပြီး ဂမ္ဘီရလျှို့ဝှက်ဆန်းကြယ်ဝတ္ထုတစ်ပုဒ် ရေးမယ်လို့ စိတ်ကူးထားတာနဲ့ မောင်လှူရဲနဲ့ အတူလိုက်သွားဖို့ ဆုံးဖြတ်လိုက်တာဗျ၊ ခင်ဗျားဆီတောင် အကျိုးအကြောင်း စာရေးပြီး ကျုပ်ရဲ့တပည့်လေး မောင်ဗေဒါကိုပဲ ပို့နိုင်းမလို့''

''အေးဗျာ ... ဒေသန္တရဗဟုသုတ ရှာဖွေတာတော့





ကောင်းပါတယ်၊ ဒါပေမဲ့ ဒီကကိစ္စကြီးကို ဘယ်လိုလုပ်မှာလဲ၊ သူတို့က တကယ့်လူဆိုးဂိုဏ်းကြီးတွေနော်၊ သူတို့ရဲ့ရန်ကို လျှော့မတွက်နဲ့၊ ကျုပ်လည်း တောင်လဲရာမြက်ပြတ် အဖြစ်မခံနိုင်ဘူး၊ ခင်ဗျားရဲ့ကိစ္စ ခင်ဗျားရှင်း''

''ကျုပ်က ဘယ်လိုရှင်းရမှာလဲဗျ၊ နဂါးမာန်ကျော်ရင်ကို ကျုပ်တွေ့ခဲ့ရတာတော့ အမှန်ပဲ၊ ဒါပေမဲ့ သူ ဘယ်မှာဆိုတာ ကျုပ်မှမသိဘဲ''

''တဓောက်ကန်းလူဆိုးဂိုဏ်းတွေကိုတော့ အဲဒီလို ပြောလို့ရမှာ မဟုတ်ဘူး''

''ဒါဆို ဒီလိုလုပ်ဗျာ ... သူတို့ ဒီတစ်ခါ ခင်ဗျားကို ဆက်သွယ်လာရင် ကျုပ် ဒီနိုင်ငံမှာမရှိဘူး၊ အိန္ဒိယပြည်ကို လေ့လာရေးခရီးသွားတယ်လို့ ပြောလိုက်ဗျာ၊ ပြီးတော့ နဂါးမာန်ကျော်ရင်နဲ့ ကျုပ်တွေ့ဖူးပေမယ့် သူ ဘယ်ရောက်နေသလဲဆိုတာ ကျုပ် မသိတဲ့အကြောင်း စာပေဆောင်းပါးပုံစံ စာရေးဆရာနှင့်သူ၏ဖာတ်ကောင်ဆိုပြီး ဆောင်းပါးအတိုလေး ဒီညပဲရေးမယ်၊ မနက်ကျ မောင်ဗေဒါကို ပို့ခိုင်းလိုက်မယ်၊ ပြည်သူ့ဆန္ဒဂျာနယ်မှာ ခင်ဗျားသွားထည့်လိုက် ...၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီက တာဝန်ခံအယ်ဒီတာ ရဲခေါင်မဲမောင်ဟာ ကျုပ်ရဲ့သူငယ်ချင်းပဲ၊ လူဆိုးဂိုဏ်းတွေကို ပြောပြလိုက် ... နဂါးမာန်ကျော်ရင်နဲ့ပတ်သက်ပြီး ကျုပ်ရဲ့ဝန်ခံထားချက်ကို အဲဒီဂျာနယ်မှာ ဖတ်ကြည့်လို့''

ဤတွင် ထုတ်ဝေသူဦးအောင်စိုးမှာ သက်ပြင်းကြီးချပြန်သည်။

''အေးဗျာ ... ခင်ဗျားပြောတော့ အလွယ်လေး၊ ဒါပေမဲ့ ကျုပ်ကပဲပြောပြော, ဂျာနယ်ထဲပဲပါပါ အဲဒီလူဆိုးဂိုဏ်းတွေက ယုံဦးမှကိုးဗျ''

''မယုံလည်း မတတ်နိုင်ဘူးဗျာ၊ ကျုပ်ကတော့ သွားစရာရှိ သွားရမှာပဲ၊ ကဲ ... ပိုက်ဆံပါရင်လည်း ပေးခဲ့ဦး၊ စာမူကောင်းရဖို့ ခရီးသွားရမှာဆိုတော့ ငွေကကုန်မှာဗျ''

ဤတွင် ဦးအောင်စိုးသည် ကျွန်ုပ်ကို မျက်စောင်းကြီးထိုးပြီး သူ၏လက်ဆွဲသားရေအိတ်ငယ်ထဲမှ ငွေစက္ကူအချို့ကို ထုတ်ကာ ကျွန်ုပ်အားပေးရင်း ...

''နောက်ထုတ်မယ့်စာအုပ်အတွက် စာမူမရသေးဘူးနော်၊ အိန္ဒိယမှာလည်း သောင်တင်မနေနဲ့ဦး၊ ခင်ဗျားခေါင်းရှောင်





သွားတဲ့ကိစ္စကြီးကို ကျုပ်က ရှင်းထားရမှာ''

ဟု မျက်နှာကြီးရှုပုတ်လျက်ပြောကာ သူ၏ဖိုင်ကားလေးကို မီးခိုးတလူလူဖြင့် မောင်းရင်း ပြန်သွားပါတော့သတည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## ရင်ခုန်ပွယ်ခရီးဖော်

နောက်နေ့နံနက်တွင်မူ ...

ကုက္ကိုင်းဘက်မှ ဆူနီယံပတ်ရှိ တစ်ထပ်တိုက်လေးတွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေလေး လူရဲသည် အငှားကား တစ်စီးဖြင့် ကျွန်ုပ်၏အိမ်သို့ ရောက်ရှိလာလေ၏။

လူရဲသည် ရေနံချောင်းဇာတိဖြစ်ကာ မိဘများမှာ တွင်းစားမျိုးရိုးမှဖြစ်ပြီး ကြွယ်ဝချမ်းသာသောသူများ ဖြစ်ကြသည်။

သူက မိဘများနှင့်မနေဘဲ ရန်ကုန်တွင် တစ်ဦးတည်း လာနေသူ ဖြစ်၏။





လူရဲတို့၌ ညီအစ်ကိုမောင်နှမ ခုနစ်ယောက်ရှိပြီး လူရဲက သားလတ်ဖြစ်၏။

သူသည် အခြားညီအစ်ကိုမောင်နှမများနှင့် မတူဘဲ ပညာထူးချွန်သူဖြစ်သလို ရှေးဟောင်းသမိုင်းဆိုင်ရာကိစ္စရပ်များကို လေ့လာရန် ဝါသနာပါသူဖြစ်၏။

သို့ကြောင့်လည်း ရန်ကုန်ယူနီဗာစီတီ၌ ပညာသင်ကြားသည့်အခါ သမိုင်းအထူးပြုဘာသာတွဲကိုယူခဲ့ပြီး ဘီအေတန်းအောင်ပြီးနောက် မိဘ၏ပံ့ပိုးမှုဖြင့် ဘိလပ်သို့ ပညာတော်သင်သွားကာ သမိုင်းနှင့်ပတ်သက်သည့် မဟာဘွဲ့ကို ရယူခဲ့သူဖြစ်၏။

သူသည် မဟာဘွဲ့ရရှိခဲ့ပြီး ရန်ကုန်ယူနီဗာစီတီတွင် ဆရာအလုပ်မဝင်မီ အိန္ဒိယပြည်သို့ လေ့လာစူးစမ်းရေးခရီးထွက်ရန် ကျွန်ုပ်ကို အဖော်လာစပ်ခဲ့လေသည်။

“အာစရိ လိုက်ခဲ့ဗျာ၊ ဗုဒ္ဓဂါယာကိုလည်း ရောက်ဖူးသွားတာပေါ့၊ အိဂျစ်မှာတွေ့ခဲ့တဲ့ ဂျစ်ပစီအဘိုးကြီးရဲ့ လမ်းညွှန်မြေပုံ ကျွန်တော့်မှာရှိတယ်ဗျ၊ အဲဒီမြေပုံကို အခြေပြုပြီးရှာရင် ပျောက်ကွယ်သွားပြီဖြစ်တဲ့ ရှေးဟောင်းဥဒယတိုင်းပြည်ကို ရှာဖွေတွေ့ရှိနိုင်မှာပဲဗျ ...၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမြို့ဟောင်းကို ရှာဖွေတွေ့ရှိရင် ရှေးဟောင်း မဟာဘာရတကျမ်းမှာပါတဲ့ မဒိုမနာဆေးတောင့်ကို ကျွန်တော်တို့ရနိုင်တယ်''

''အဲဒီဆေးတောင့်ရတော့ မောင်ရင်က ဘာလုပ်မှာမို့တုံးကွဲ့''

''အာ အာစရိကလည်း ... မေးမှမေးရက်ပလေ၊ မဒိုမနာဆေးတောင့်ရမှတော့ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ မဒိုမနာအောင် လုပ်မှာပေါ့ဗျ။ ပြီးတော့ အဲဒီဆေးတောင့်ပေါ် အခြေခံပြီး သုတေသနတွေ အများကြီးလုပ်နိုင်မယ်၊ လူသားတွေအတွက် အပုံကြီးကို အထောက်အကူပြုနိုင်မှာဗျ''

''အေးလေ ... ဘာပဲဖြစ်ဖြစ် ဂမ္ဘီရဆိုင်ရာကိစ္စမို့ ကျုပ်စိတ်ဝင်စားပါတယ်၊ လိုက်ခဲ့မယ်''

သို့ဖြင့် ကျွန်ုပ်သည် လူရဲနှင့်အတူ အိန္ဒိယနိုင်ငံသို့ လိုက်ပါဖြစ်ခြင်းဖြစ်ကာ ထိုနေ့ နေ့လယ်မှာပင် ယိုးဒယားလေကြောင်းလိုင်းမှ လေယာဉ်ပျံကြီးဖြင့် လိုက်ပါဖြစ်ခဲ့ကြပါ၏။

ကျွန်ုပ်တို့သည် ရန်ကုန်လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ တိုက်ရိုက်မပျံသန်းနိုင်ဘဲ ယိုးဒယားနိုင်ငံ ဘန်ကောက်လေဆိပ်သို့





လေယာဉ်ဖြင့်သွားပြီး ဘန်ကောက်မှတစ်ဆင့် အိန္ဒိယလေကြောင်းလိုင်းဖြင့် ကာလကတ္တားသို့သွားရမည်ဖြစ်ရာ ဦးစွာ ဘန်ကောက်သို့ ဦးတည်ခရီးနှင်ကြရခြင်းဖြစ်၏။

သို့ဖြင့် ကျွန်ုပ်တို့နှစ်ယောက်သည် ဘန်ကောက်လေဆိပ်သို့ရောက်သောအခါ လေယာဉ်ပေါ်မှဆင်းပြီး ကာလကတ္တားသို့သွားရန် လေယာဉ်လက်မှတ်ဝယ်ရပြန်၏။

လေယာဉ်လက်မှတ်ဝယ်ပြီးနောက် လေယာဉ်ထွက်ရန် တစ်နာရီကျော်ကျော်ခန့်လိုသေးသဖြင့် လေဆိပ်ထဲရှိ အမှတ်တရပစ္စည်းပစ္စယအရောင်းဆိုင်များကို လေ့လာရန် ထွက်ခဲ့ကြရာ ရှေးဟောင်းပစ္စည်းများရောင်းသည့် ဆိုင်ငယ်ကိုတွေ့ရလျှင် နှစ်ဦးစလုံး ရှေးဟောင်းပစ္စည်းတို့ကိုလေ့လာရန် ဝါသနာပါသဖြင့် ဆိုင်ထဲသို့ ဝင်ရောက်ခဲ့ကြတော့၏။

ကျွန်ုပ်တို့သည် ယိုးဒယားတို့၏ ရှေးလက်ရာအနုသုခုမပစ္စည်းတို့ကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုနေရင်း ဆိုင်ငယ်၏ထောင့်ချိုးတစ်ခုသို့အရောက်တွင် စင်မြင့်လေးတစ်ခု၏အထက်၌ တင်ထားသော ငွေသားဖြင့်သွန်းလုပ်ထားသည့် မျောက်ရုပ်တုလေးကို တွေ့ရရာ ကျွန်ုပ်မှာ များစွာ စိတ်ဝင်စားသွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်သည် ယင်းမျောက်ရုပ်တုလေးအား လှမ်းယူကာ အနုလုံပဋိလုံ လှည့်ပတ်ကိုင်တွယ်ကြည့်နေမိလေသည်။

မျောက်ရုပ်တုလေး၏ပုံမှာ ဆောင့်ကြောင့်ထိုင်နေသည့်ပုံဖြစ်ပြီး ရှေ့ဘက်သို့ ပိုက်ထားသည့်အမြီးကို ဝဲဘက်လက်က ဆုပ်ကိုင်ထားကာ လက်ယာဘက်လက်က ဦးခေါင်းကို ကုတ်နေဟန် ဖြစ်၏။

"အာစရိ ... ဘာကိုစိတ်ဝင်စားနေတာလဲဗျ"

လူရဲက ကျွန်ုပ်၏လက်ထဲမှ အမြင့်တစ်မိုက်ခန့်သာရှိသော ငွေမျောက်ရုပ်တုလေးကို ကြည့်ကာမေးလိုက်လေသည်။

"ဒီရုပ်တုလေးကို စိတ်ဝင်စားလို့ကွဲ့၊ လက်ရာက ယိုးဒယားလူမျိုးတွေရဲ့လက်ရာ မဟုတ်လောက်ဘူး၊ မြန်မာလက်ရာနဲ့ တူနေတယ်"

"ဒါကတော့ အိမ်နီးချင်းနိုင်ငံကိုး အာစရိရဲ့၊ ပြီးတော့ ဒီမှာလည်း ရှေးအတီတေကတည်းက မြန်မာလူမျိုးတွေ၊ ရှမ်းလူမျိုးတွေ နေထိုင်ခဲ့တာပဲလေ၊ မြန်မာပြည်ဘက်က မြိတ်တို့ ထားဝယ်တို့နဲ့ ဒီယိုးဒယားဘက်ကဒေသတွေဆို ကုန်းဘောင်





ခေတ်ဦးပိုင်းတုန်းက ယိုးဒယားနဲ့မြန်မာဟာ သူက သိမ်းပိုက်လိုက် ကိုယ်ကသိမ်းပိုက်လိုက်နဲ့ ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်နေခဲ့ကြတာဗျ ...၊

အလောင်းမင်းတရားကြီးလက်ထက်ကဆို အယုဒ္ဓရအထိ တက်သိမ်းပြီး ယိုးဒယားနယ်စပ်ဒေသတွေမှာ စေတီပုထိုးတွေ တည်ခဲ့တာပဲ၊ အဲဒီလိုနဲ့ မြန်မာတပ်တွေ ပြန်ဆုတ်သွားတော့ ပညာရှင်အမျိုးမျိုး ကျန်ခဲ့ကြတယ်ဗျ၊ အဲဒီတော့ ဒီရုပ်တုဟာလည်း ယိုးဒယားဘက်မှာကျန်ရစ်တဲ့ မြန်မာပညာရှင်က သွန်းလုပ်ခဲ့တာ ဖြစ်နိုင်တာပဲဗျ"

"ဟုတ်ပါတယ်ကွယ်၊ ဘာပဲဖြစ်ဖြစ် ဒီမျောက်ရုပ်တုကို ကျုပ်လိုချင်တယ်၊ ဝယ်သွားမယ်"

သို့သော် မျောက်ရုပ်တုလေးအား ဝယ်ရန် ဆိုင်ရှင်ကို ပြောသည့်တွင် ယိုးဒယားလူမျိုးဆိုင်ရှင်မှာ အင်္ဂလိပ်စကား လုံးဝ မတတ်သဖြင့် ဈေးမေးရခက် ဆစ်ရခက်နေတော့၏။

သူက လက်ငါးချောင်းကိုသာ ထောင်ပြနေ၏။ ကျွန်ုပ်ရော လူရဲပါ ယိုးဒယားစကား မတတ်သဖြင့် သူ၏ လက်ငါးချောင်းအဓိပ္ပာယ်ကို နားမလည်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘတ်ငါးထောင်လို့ ပြောနေတာရှင့်"

ကျွန်ုပ်တို့၏နောက်ကျောဘက်ဆီမှ မြန်မာလိုပြောလိုက်သည့် မိန်းကလေးတစ်ဦး၏အသံကို မမျှော်လင့်ဘဲ ကြားလိုက်ရရာ အံ့အားတသင့် လှည့်ကြည့်လိုက်မိလေသည်။

သို့သော် ကျွန်ုပ်တွေ့လိုက်ရသူမှာ မြန်မာမလေး မဟုတ်ဟု ထင်မိသည်။

ယောကျ်ားရှပ်အင်္ကျီကို လက်မောင်းအလယ်အထိ လိပ်တင်ထားပြီး အနက်ရောင်ဘောင်းဘီရှည်ကို ဝတ်ထားကာ ကျောပိုးအိတ်ကြီးလွယ်ထားသော အသက်နှစ်ဆယ်ဝန်းကျင်ခန့် လှပပျိုမျစ်သည့်မိန်းကလေးမှာ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းပါးပါး၊ မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် ကုလားဆင်ချော ချောသူလေး ဖြစ်၏။

"မင်း မင်းက မဂိုမလေးလား၊ မြန်မာစကား တတ်သလား"

သူမက ပြုံးလျက် ခေါင်းလေးကို ညင်ညင်သာသာ ခါယမ်းရင်း ပြန်ဖြေသည်။

"မာလာက မြန်မာပါ၊ အဲ ... အဖေ့ဘက်ကတော့





အိန္ဒိယသွေး စပ်တယ်၊ ရှင်တို့ မြန်မာတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ် ... မြန်မာပြည်က လာတာ၊ အိန္ဒိယဘက် သွားမလို့"

"ဟုတ်ကဲ့၊ ဒါထက် ဒီမျောက်ရုပ်လေးကို အစ်ကိုက ဘာဖြစ်လို့ ဝယ်ချင်ရတာလဲရှင့်"

"ဒီရုပ်တုမျိုး မြန်မာပြည်မှာ ကျုပ်တွေ့ဖူးတယ်၊ ဒါကြောင့် အမှတ်တရ ဝယ်ချင်တာပါ"

"ဩော် ဟုတ်လား၊ ဒီလိုပဲ ငွေနဲ့သွန်းထားတာလား"

"အင်း ... ဆိုပါတော့၊ ဒါထက် မာလာက မြန်မာပြည်ကနေ လိုက်လာတာလား"

"မဟုတ်ဘူးရှင့်၊ မာလာက ဒီဘန်ကောက်မှာ ငယ်ငယ်ကတည်းက နေလာခဲ့တာ၊ ပြီးခဲ့တဲ့နှစ်က မိဘတွေဆုံးသွားလို့ ဖေဖေ့ ရဲ့ဘက်က

အဘိုးရှိရာ အိန္ဒိယပြည်ဆီသွားဖို့ ဆုံးဖြတ်ခဲ့တာပါပဲ၊ မိဘတွေမရှိတဲ့နောက် ဒီယိုးဒယားမှာလည်း မနေချင်တော့ဘူးလေ"

"ဒါဆို အတော်ပဲပေါ့၊ ကျုပ်တို့နဲ့ လေယာဉ်တစ်စီး



www.burmeseclassic.com

www.burmeseclassic.com



တည်း အတူစီးရမှာပဲ၊ ဒါထက် မင်း ယိုးဒယားစကားတတ်တယ် မဟုတ်လား၊ ဒီမျောက်ရုပ်အတွက် ဘယ်လောက်လျှော့နိုင်မလဲ ဈေးဆစ်ကြည့်ပါကွယ်''

ဤတွင် မာလာက ဆိုင်ရှင်အား ယိုးဒယားလို စကား ပြောလေ၏။

အတန်ကြာ အပြန်အလှန်ပြောပြီးမှ မာလာက ကျွန်ုပ်တို့ ဘက်သို့လှည့်ကာ ပြုံးပြလျက် ...

''ဘတ်ငွေသုံးထောင်နဲ့ ဆစ်လို့ရတယ်၊ ဝယ်ချင်ရင် ဝယ်လိုက်''

ဟု ပြောရာ ကျွန်ုပ်လည်း ငွေမျောက်ရုပ်တုလေးကို ဘတ်ငွေသုံးထောင်ပေးကာ ဝယ်လိုက်လေ၏။

ထို့နောက်မှာမူ မာလာ့ကို လေဆိပ်မှလက်ဖက်ရည်ဆိုင် မှာပင် လက်ဖက်ရည်တိုက်ကြရာ တစ်ဦးနှင့်တစ်ဦး အတော်ကြီး ရင်းနှီးသွားကြကာ ဘန်ကောက်မှ ကာလကတ္တားသို့ ပျံသန်း သည့် လေယာဉ်ကြီးထဲတွင် အတူစီးနင်း လိုက်ပါလာခဲ့ကြပါတော့ သတည်း။

✵



မြန်မာပြည်မှထွက်လာစဉ်က ကျွန်ုပ်နှင့်လူရဲတို့နှစ်ဦး တည်း၏ ခရီးစဉ်မှာ ခြောက်ကပ်ကပ်နိုင်သလောက် ယိုးဒယား ပြည်မှနေ၍ အိန္ဒိယပြည်သို့ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီ ပင်လယ်ပြင်တို့ကို ဖြတ်ကျော်ပျံသန်းလာသည့် လေကြောင်းခရီး စဉ်တွင်မူ မာလာပါလာသောကြောင့် စိုပြည်လျက်ရှိတော့သည်။

မာလာသည် မဂိုသွေးစပ်သော မြန်မာမလေးဖြစ်သဖြင့် ကုလားဆင်ချော ချောကာ ဖြူဖြူမြင့်မြင့်ဖြစ်ပြီး အနက်စက်စက် ဆံပင်ရှည်ရှည်၊ သွယ်လျ အချိုးကျသော ခန္ဓာကိုယ်နှင့် ယဉ် ကျေးချိုသာစွာ စကားပြောဆိုတတ်သူလေး ဖြစ်၏။

သူမသည် ဘန်ကောက်ရှိတက္ကသိုလ်တစ်ခုမှ ခေတ္တ ဗေဒဆိုင်ရာဘွဲ့တစ်ခု ရထားပြီး တိုင်းတစ်ပါးတွင် မွေးဖွားကြီး ပြင်းခဲ့ရသူလေးဖြစ်သော်လည်း မိခင်၏ဆုံးမသင်ပြမှုကြောင့် မြန်မာမှုတို့ကို နားလည်သူလေးဖြစ်သည်။

''မာလာလည်း ဗုဒ္ဓဘာသာဝင်ပါပဲ၊ ဒါကြောင့် ပါပါး (ဖေဖေ) ရဲ့အဖေ မာလာရဲ့အဘိုးရှိရာ သွားရင်း ဗုဒ္ဓမြတ်ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ပွင့်တော်မူရာ ဗုဒ္ဓဂါယာကိုပါသွားဖို့ ရည်ရွယ်ပြီး ဒီခရီးထွက်ခဲ့တာပါ''

''ကျုပ်တို့နဲ့ ရည်ရွယ်ချက်ချင်းတူနေပြီ၊ ဒါထက် အိန္ဒိယပြည်ကို မရောက်ဖူးဘဲ တစ်ယောက်တည်း ခရီးထွက်ခဲ့ရသလား မာလာ''

''မာလာ့မှာ အဖော်ခေါ်စရာ မရှိဘူး၊ မွေးချင်းမရှိဘူး၊ ဒါကြောင့် တစ်ယောက်တည်း ခရီးထွက်လာခဲ့တာပဲ၊ ယိုးဒယားနိုင်ငံမှာတော့ မိန်းကလေးတစ်ယောက်တည်း ခရီးထွက်တာ ဘာမှမဆန်းပါဘူး''

''သြော် သြော် ... ဒါထက် မာလက ယိုးဒယားကနေ အပြီးထွက်လာတာဆိုတော့ အိန္ဒိယမှာ အခြေချမှာလား၊ မိဘ အမွေအနှစ်ပစ္စည်းပစ္စယတွေကိုရော ဒီအတိုင်းထားခဲ့သလား''

သူမက လေယာဉ်မယ်လေးလာပေးသည့် သကြားလုံးကို ငုံလိုက်ရင်း အေးဆေးစွာ ပြုံးသည်။

''မှန်တာပြောရရင် တစ်ခါမှမရောက်ဖူးပေမယ့် ရင်ထဲမှာ တရင်းတနှီးဖြစ်နေတဲ့ မြန်မာပြည်မှာ အခြေချချင်တာပါ၊ ဒါပေမဲ့ မြန်မာပြည်မှာ မားမား(အမေ)ဘက်က ဆွေမျိုးတွေ





ဘယ်မှာရှိတယ်, ဘယ်သူတွေဆိုတာ မာလာမသိဘူး၊ မားမားက သူ့အမျိုးတွေကို စိတ်နာထားလို့ ပါပါးနဲ့ညားကတည်း က အဆက်ဖြတ်ထားတာ''

ဤတွင် လူရဲက သူမကို ခေါင်းငဲ့ကြည့်ပြီး ...

''မြန်မာပြည်မှာ အသိအကျွမ်းရော ရှိသလား''

ဟု မေးလိုက်လေသည်။

''ရှိတာပေါ့''

ဟု မာလာက ပြုံးတုံ့တုံ့အမူအရာဖြင့် ဖြေလိုက်ပြီး ကျွန်ုပ်နှင့်လူရဲ၏ဘက်သို့ လက်မလေးကော့ကာ ညွှန်ပြရင်း ...

''ဒီမှာလေ ... ဒီကအစ်ကိုနဲ့ ကိုလူရဲတို့ပေါ့''

ဟုပြောလိုက်ရာ လူရဲက အားတက်သရောအမူအရာဖြင့် ...

''ဟာ ... ဟုတ်တာပေါ့၊ ကိုယ်တို့ကို ဆွေမျိုးရင်းချာလို သဘောထားလို့ ရတယ်၊ မြန်မာပြည်ရောက်ရင် ကိုယ်တို့ဆီ လာသာလာလည်၊ တည်းခိုလို့လည်း ရတယ်၊ ဘာမှမပူနဲ့''

ဟု ရွှန်းရွှန်းဝေအောင် ဖိတ်မန္တကပြုတော့၏။

သူတို့နှစ်ဦးကြားမှ ဆိုဖာထိုင်ခုံကြီးတွင် လက်ပိုက်လျက်



www.burmeseclassic.com

www.burmeseclassic.com



ကျောမှီထိုင်နေသည့်ကျွန်ုပ်က ခပ်တည်တည်ဖြင့် …

"ဟုတ်တယ် မာလာ၊ မြန်မာပြည်ကိုရောက်လို့ကတော့ ဘာမှမပူနဲ့၊ ကျုပ်ရဲ့အိမ်က အကျယ်ကြီး။ ကျုပ်က လူကြီးလည်း ဖြစ်တယ်၊ လက်တိုလက်တောင်းခိုင်းစရာ တပည့်လေးတစ်ယောက်လည်း ရှိတယ်ဆိုတော့ မာလာ့အတွက် လုံခြုံစိတ်ချရတယ်၊ အားလုံးအဆင်ပြေမှာ အမှန်ပဲ"

ဟုပြောလိုက်ရာ လူရဲက ကျွန်ုပ်ကို မျက်လုံးပြူးကြည့်လိုက်ပြီး …

"အာ အာစရိကလည်း … အာစရိပြောပုံက ကျွန်တော့်အိမ်မှာဆို မလုံခြုံ စိတ်မချရသလိုကြီး"

ဟု ဘဝင်မကျသံဖြင့်ပြောလိုက်ရာ မာလာက တခစ်ခစ် ရယ်တော့သည်။

"ခစ် ခစ် ခစ် … ကဲပါ တော်ကြပါတော့၊ မာလာ့ကို ခုလို ဖိတ်ကြတာပဲ ကျေးဇူးတင်လှပါပြီ၊ မာလာ မြန်မာပြည်ရောက်ရင် ဒီက အစ်ကိုအဂ္ဂရဲ့ အိမ်မှာရော ကိုလူရဲရဲ့အိမ်မှာရော တစ်လှည့်စီတည်းမယ်၊ ဟင်း ဟင်း … တော်ကြာ မာလာ ညှို့သည်လာလုပ်လွန်းလို့ ညှို့သည်ကြာ အိမ်သည်မှန်းဆိုသလို





ဖြစ်နေပါဦးမယ့် … ဟင်း ဟင်း ဟင်း"

"မဖြစ်ပါဘူး မာလာရယ်၊ ညှို့သည်ကောင်း အိမ်သည် မထ ဆိုသလိုပဲ ဖြစ်မှာပါ"

"ဟင်း ဟင်း … ဟုတ်ပါ့မလားရှင်၊ တော်ကြာ ညှို့သည် ညဉ့်နက် အိမ်ရှင်အအိပ်ခက် ဖြစ်နေမှ မာလာ့ကိုနှင်မချနဲ့နော် … ဟင်း ဟင်း ဟင်း"

လူရဲက မာလာနှင့် ရွှန်းရွှန်းဝေအောင် အချီအချပြောနေပြီး ကျွန်ုပ်ကမူ မြန်မာစကားကျွမ်းကျင်လှသည့် မာလာ့ကိုသာ သဘောကျစွာ ပြုံးကြည့်နေလိုက်မိလေတော့သတည်း။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com



## မင်္ဂလာမအာနန္ဒရာယ်

ကျွန်ုပ်တို့စီးနင်းလာသည့် လေယာဉ်ကြီးသည် ကာလကတ္တားမြို့ရှိ ဒမ်ဒမ် (Dum Dum) လေဆိပ်သို့ ညနေသုံးနာရီခန့်တွင် ဆိုက်ရောက်လေ၏။

ကျွန်ုပ်တို့သည် အခြားခရီးသည်များနှင့်အတူ လေယာဉ်ပေါ်မှ ဆင်းခဲ့ကြပြီးနောက် လူဝင်မှုကြီးကြပ်ရေးဌာနတွင် အစစ်ဆေးခံကြရသောအခါ ခရီးသည်တို့မှာ ထိုဌာနကို သူ့ထက်ငါ ခပ်မြန်မြန်ဖြတ်သန်းလိုကြသဖြင့် ကပျာကသီ တန်းစီကြတော့၏။

ကျွန်ုပ်နှင့်လူရဲတို့လည်း လူရော ပါလာသည့်ပစ္စည်းပစ္စ





ယများပါ အစစ်ဆေးခံရမည်ဖြစ်သဖြင့် ကျောပိုးအိတ်တို့ကို ပိုက်လျက် အရောရောအနှောနှော တန်းစီရလေရာ မာလာ့ကို သတိရသဖြင့် နံဘေးနဘီသို့ စောင်းငဲ့ကြည့်သည်တွင် သူမကို မတွေ့ရတော့ချေ။

"ဟ လူရဲရေ . . . မာလာ့ကို မတွေ့တော့ပါလားကွ"

"ဟုတ်တယ် အာစရိ၊ ကျွန်တော်လည်း ကြည့်နေတာပဲ၊ ဒီပြင်လေကြောင်းလိုင်းတွေလည်း ဆိုက်လာတော့ လူတွေက အရောရောအနှောနှော ဖြစ်လာတယ်"

"အေးကွယ် . . . ကျုပ်တို့ဆီက ရန်ကုန်လေဆိပ်နဲ့တော့ အတော်ကွာတာပဲ၊ ဒီမှာ လေယာဉ်တွေ အဝင်အထွက်ကများ၊ လူတွေကရှုပ်နဲ့"

"လူဝင်မှုကြီးကြပ်ရေးဌာနက ဒီတစ်နေရာတည်း ဟုတ်ချင်မှဟုတ်မှာပေါ့ အာစရိရဲ့၊ တခြားတစ်နေရာမှာ သွားအစစ်ခံနေသလားမှ မသိတာ"

ထို့နောက်မှာမူ ကျွန်ုပ်တို့သည် မာလာ့ကို သတိမရနိုင်တော့ဘဲ လူဝင်မှုကြီးကြပ်ရေးအရာရှိတို့၏ စစ်ဆေးမှုကို ခံနေကြရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် စစ်ဆေးခံရမှု ပြီးစီးသည်တွင် ကျွန်ုပ်နှင့်လူရဲတို့သည် လေဆိပ်အဆောက်အအုံကြီးထဲမှ ထွက်လာကြရာ ကျွန်ုပ်တို့၏အနီးသို့ အငှားကား Taxi ဒရိုင်ဘာများ ဝိုင်းလာကြတော့သည်။

"ဘရားဆပ် ဘယ်သွားမလဲ၊ လိုက်ပို့မယ် ... လာပါ"

"ကျွန်တော့်ကားကို စီးပါ ... ပေး ပေး အထုပ်"

အငှားကားဒရိုင်ဘာတို့သည် ဟိန္ဒူစတန်နီဘာသာစကားတစ်ဝက် အင်္ဂလိပ်ဘာသာစကားတစ်ဝက်ဖြင့် ပြောကာ ကျွန်ုပ်တို့၏လက်တွေကို ဝိုင်းဆွဲ၊ ကျောပိုးအိတ်တွေကို ဝိုင်းဆွဲကြသည်မှာ ခွေးသေကောင်ကို လင်းတဆွဲသည့်နှယ် ကျွန်ုပ်တို့နှစ်ဦးမှာ ဟိုလူ့လက်ပါသွားလိုက်၊ ဒီလူ့လက်ပါသွားလိုက်ဖြင့် ချာလပတ်တွေလည်ကုန်ကြတော့၏။

"ဟ ဟ ... ဘယ့်နှယ်ဝိုင်းဆွဲကြတာလဲ၊ လွှတ် လွှတ် ... ဖယ် ဖယ်"

"ဟာ အာစရိ ... လုပ်ပါဦး၊ ဝိုင်းဆွဲနေကြပြီဗျ"

"ဟေ့ လူရဲ လူရဲ ... အိတ်ကိုအဆွဲမခံနဲ့နော်၊ တော်ကြာ မင်းရဲ့အိတ်ကြီး ပါသွားဦးမယ်၊ ဟ ... ကလွှားတဲ့မှ





မဆွဲနဲ့လေ ... လွှတ် လွှတ်ပါဦး"

ကျွန်ုပ်မှာ လူရဲကိုလည်း သတိပေးရ ကိုယ်တိုင်လည်း ဒရိုင်ဘာတို့လက်မှ ရုန်းထွက်ရန်ကြိုးစားရနှင့် ဗျာများရသည့်အရေးထဲ ခါးပတ်ပတ်ဝတ်ထားသော တောင်ရှည်ပုဆိုးပင် ကျွတ်ကျရာ အရှုံးခွေးဆွဲသလို ဖြစ်နေတော့၏။

ထိုစဉ် ...

"ဟေ့ ... ရပ်လိုက်ကြစမ်း၊ ညည့်သည်တွေကို အခုလွှတ်လိုက်၊ မလွှတ်တဲ့ကောင်တွေ 'ကျာပွတ်စာမိပြီမှတ်"

'ရွှမ်း ရွှမ်း ရွှမ်း'

လေထဲ ကျာပွတ်ရိုက်သံ တရွှမ်းရွှမ်းနှင့်အတူ ဟိန္ဒူစတန်နီဘာသာစကားဖြင့် စူးစူးရဲရဲအော်သံတစ်ခု ထွက်ပေါ်လာရာ တက္ကစီဒရိုင်ဘာတို့မှာ စက်ရုပ်များ သံပတ်ကုန်သဖြင့် တုံ့ခနဲရပ်သွားသည့်နှယ် လှုပ်ရှားမှုတို့ ရုတ်ခြည်း ရပ်တန့်သွားကြတော့၏။

သူတို့သည် အထိတ်ထိတ်အလန့်လန့်အမူအရာ ဖြစ်ပေါ်သွားပြီး ကျွန်ုပ်တို့ကို ကပျာကသီ လွှတ်လိုက်ကြတော့၏။

ကျွန်ုပ်က ရုတ်တရက် အော်ဟစ်ခြိမ်းခြောက်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



သူကို လှည့်ကြည့်လိုက်ရာ ထိုသူမှာ ဆာရီအနီရဲရဲကို ဝတ်ထားသော အမျိုးသမီးတစ်ဦးဖြစ်ကြောင်း အံ့အားတသင့် တွေ့ရတော့၏။

ထိုအမျိုးသမီးသည် လေဆိပ်အဝင်ဝနှင့် မလှမ်းမကမ်းတွင် ရပ်ထားသော ရထားလုံးပေါ်မှ ကျာပွတ်ရမ်းရင်း ဆင်းသက်လာပါတော့သည်။

ကျွန်ုပ်တို့အား ဝိုင်းထားသည့် ကားဒရိုင်ဘာတို့မှာ ချက်ချင်းဆိုသလို လမ်းဖယ်ပေးလိုက်ကြပြီးနောက် လေဆိပ်အဆောက်အအုံကြီးထဲသို့ ဝင်ပြေးကုန်ကြလေ၏။

အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိပုံရကာ အရပ်မြင့်မြင့်နှင့် ချောမောလှပတောင့်တင်းသော အမျိုးသမီးသည် ကျွန်ုပ်တို့ဆီသို့ တန်းတန်းမတ်မတ် လျှောက်လှမ်းလာပြီး အနီးသို့ရောက်သည့်တွင် အင်္ဂလိပ်ဘာသာစကားဖြင့် ပြောလိုက်လေသည်။

“သူတို့ကို ခွင့်လွှတ်ပါရှင်၊ သူတို့ကတော့ ဒီလိုပဲ၊ နိုင်ငံခြားသားခရီးသည်ဆိုလို့ကတော့ အမဲဝိုင်းဖျက်ဖို့ပဲတတ်တဲ့ လူ့အစွတွေပါ၊ ဒါထက် ရှင်တို့က ဘယ်နိုင်ငံက လာတာပါလဲရှင်”

“မြန်မာနိုင်ငံကပါ”





“အိုး အိုး . . . အရှေ့ဘက်နိုင်ငံကပဲ၊ ဒါထက် ဘယ်ကိုရော သွားလိုပါသလဲရှင်၊ ဒေဝီလိုက်ပို့ပေးပါ့မယ်”

ဒေဝီဆိုသော အမျိုးသမီးက မြင်းနှစ်ကောင်ကသည့် ရထားလုံးကိုညွှန်ပြရင်း ဖိတ်ခေါ်ကမ်းလှမ်းလိုက်လေသည်။

“ကျေးဇူးတင်ပါတယ် ဒေဝီ၊ အငှားကားတစ်စီးပဲ ငှားပေးပါ၊ ကျုပ်တို့က ဗုဒ္ဓဂါယာကို သွားမလို့ဗျ”

“အို . . . ဒီလိုလား၊ ဗုဒ္ဓဂါယာကို သွားချင်ရင် ပောင်ရာဘူတာကနေ မီးရထားစီးရမှာရှင့်”

“ဟုတ်လား . . . ဒါဆို ပောင်ရာဘူတာအရင်သွားရမှာပေါ့”

“ဟုတ်တယ်ရှင့်၊ လာပါရှင် . . . တုံ့ဆိုင်းမနေပါနဲ့၊ အားနာစရာမလိုဘူး၊ ဒေဝီလိုက်ပို့မယ် . . . လာ လာကြ”

ဒေဝီက အားနာစရာကောင်းလောက်အောင်ခေါ်နေရာ ကျွန်ုပ်လည်း လူရဲအား ဖျောင်းဖျရတော့သည်။

“ကဲ လူရဲရေ . . . နောင်ခါလာ နောင်ခါချေးပဲ၊ ကူညီသူပေါ်တုန်း လိုက်သွားကြရအောင်”

သို့ဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်လူရဲတို့သည် ဒေဝီနှင့်အတူ ရထားလုံး ရပ်ထားရာဆီသို့ လျှောက်လှမ်းခဲ့ကြပါတော့၏။

✲

ဒေဝီသည် ရထားလုံးအနီးသို့အရောက်ဝယ် ရထားမောင်းသူအား မော့ကြည့်ကာ ဟိန္ဒူစတန်နီဘာသာဖြင့် ...

"ဟောင်ရာလမ်းဆုံကိုမောင်း"

ဟု အမိန့်ပေးလိုက်ပြီးနောက် ကျွန်ုပ်တို့ဘက်သို့လှည့်ကာ ...

"အစ်ကိုတို့ တက်ကြပါရှင်"

ဟု ဟိန္ဒူစတန်နီဘာသာဖြင့် ပြုံးရွှင်စွာ ဖိတ်ခေါ်လိုက်လေ၏။

ကျွန်ုပ်နှင့်လူရဲတို့သည် ရထားလုံးပေါ်တက်ကာ ဆိုဖာထိုင်ခုံပေါ်တွင် ထိုင်လိုက်ကြလျှင် ဒေဝီလည်း ရထားလုံးပေါ်တက်လာပြီး ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်ရှိ ဆိုဖာခုံပေါ် ထိုင်လိုက်





လေသည်။

ကျွန်ုပ်က ရထားတံခါးကို ဆွဲပိတ်ကာ ချက်ချလိုက်ရင်း သူမကို ကျေးဇူးစကားဆိုရလေသည်။

"ကျေးဇူးတင်ပါတယ် ဒေဝီ၊ ဒေဝီသာ ရောက်မလာရင် ကျုပ်တို့နှစ်ယောက်ကို ဟို တက္ကစီဒရိုင်ဘာတွေ ဝိုင်းဆွဲတာနဲ့ လူတွေရော၊ ကျောပိုးအိတ်တွေပါ တစ်စစီဖြစ်ပြီပဲ"

"ဟုတ်တယ်ရှင့်၊ ဒီလေဆိပ်က အငှားကားမောင်းသူတွေရော ပွဲစားတွေပါ အတော်ဆိုးတယ်ရှင့်၊ သူတို့က ဝိုင်းတစ်ပါးသားမှန်းသိရင် ပိုပြီးအမဲဖျက်ချင်ကြတယ်"

"အင်း ... ဒေဝီရဲ့ဩဇာက သူတို့အပေါ် အတော်ညောင်းတာပဲနော်"

ဤတွင် သူမက ပြုံးလိုက်ပြီး ...

"ဟင်း ဟင်း ... ဒေဝီက ဒီနယ်ပိုင် မဟာရာဂျာရဲ့ သမီးပဲဟာ၊ ဒီလောက်တော့ ဩဇာညောင်းရပေမပေါ့"

ဟုပြောလိုက်ရာ ကျွန်ုပ်ရော လူရဲပါ မျက်လုံးများ ပြူးသွားကြရလေတော့၏။

ဘယ့်နှယ် ... မဟာရာဂျာ၏သမီးတော် မင်းသမီး



www.burmeseclassic.com

တစ်ပါးရဲ့ ကူညီမှုရသည့်အခွင့်အရေးမှာ နည်းမှတ်လို့၊ သို့ကြောင့် ဝမ်းသာအားရ ပြန်ပြောရသလို သူမကို တလေးတစားအမူ အရာဖြင့် ဆက်ဆံရတော့၏။

"အို . . . ဒေဝီက မဟာရာဂျာရဲ့သမီးတော် မင်းသမီး လေးပဲကိုး၊ ဒေဝီနဲ့ ခုလို သိကျွမ်းရတာ ဝမ်းသာလိုက်တာများ ကျုပ်ရဲ့နာမည်က အဂ္ဂဝဏ္ဏပါ၊ တကယ်လို့ ဒေဝီ မြန်မာပြည်ဆီ အလည်အပတ်လာတဲ့အခါ ရန်ကုန်မြို့တော်မှာရှိတဲ့ ကျုပ်ဆီ ကြေးနန်းပို့လိုက်ပါ၊ သင်္ဘောဆိပ်ကပဲဖြစ်ဖြစ်၊ လေဆိပ်ကပဲ ဖြစ်ဖြစ် ကျုပ်တို့ လာကြိုပါ့မယ်"

"ဟုတ်ပါတယ် ဒေဝီ . . . ရန်ကုန်ရောက်လို့ ဟိုတယ် တစ်ခုခုမှာ မတည်းချင်ရင် ကျွန်တော့်အိမ်မှာ လိုက်ဘည်းနိုင်ပါ တယ်၊ ကျွန်တော့်အိမ်က ခြံနဲ့ဝင်းနဲ့ တစ်ထပ်တိုက်လေးပါ၊ ဒီမှာ ကျွန်တော့်ရဲ့ Visiting Card"

လူရဲရော ကျွန်ုပ်ပါ Visiting Card များ ထုတ်ပေးလိုက် ကြပါသည်။

ဒေဝီက အင်္ဂလိပ်လို ရိုက်နှိပ်ထားသည့် ကျွန်ုပ်တို့၏ Visiting Card များကို သေချာစွာ စစ်ဆေးဖတ်ရှုပြီးနောက်





သူမ စလွယ်သိုင်းလွယ်ထားသည့် Slim Bag လေးထဲသို့ ထည့် လိုက်လေသည်။

"ဩော် . . . အစ်ကိုက မြန်မာပြည်က စာရေးဆရာကြီး ကိုး၊ ဒီကမောင်လေးကတော့ ဘိလပ်ပြန်ပညာတတ်တစ်ဦးပဲ၊ ဒါထက် အိန္ဒိယပြည်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ လာကြတာလဲ ရှင့်"

"ကျုပ်ရဲ့အသက် ဒီထက်ပိုမကြီးခင် သွားနိုင်တုန်း လာနိုင်တုန်း ကျုပ်တို့ရဲ့ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူရာ ရှေးဟောင်းဗုဒ္ဓဂါယာနဲ့ ဂမ္ဘီရအတတ်ပညာတို့ဆုံစည်းရာ အထင် ကရဒေသတစ်ခုဖြစ်တဲ့ ဟိမဝန္တာကို လေ့လာချင်လို့ပါ ဒေဝီ"

"ဩော် . . . ကောင်းတာပေါ့ရှင်၊ လေ့လာသင့်တဲ့အရပ် ဒေသတွေပါပဲ၊ ဒါထက် အစ်ကိုတို့မှာ သုံးဖို့စွဲဖို့နဲ့ ခရီးစရိတ် လုံလုံလောက်လောက်ပါရဲ့လားရှင်၊ ခရီးက ခရီးရှည်မို့ မေးရတာ ပါ၊ လိုအပ်ရင် ဒေဝီ ကူညီထောက်ပံ့လိုက်ပါ့မယ်"

ဤမဟာရာဂျာ၏ သမီးတော်လေးကား စိတ်ရင်း စေတ နာ ဖြူစင်လှပါကလားဟု စိတ်ထဲမှ ကျေနပ်စွာ ချီးကျူးမိရင်း သူမကို ကျေးဇူးစကား ဆိုရလေသည်။

www.burmeseclassic.com



"ခုလို ငွေကြေးနဲ့ပတ်သက်ပြီး ကူညီမယ်လို့ပြောတာ ကျေးဇူးပါပဲ ဒေဝီ၊ ငွေကြေးကတော့ ကျုပ်တို့မှာ လုံလုံလောက်လောက် ပါပါတယ်ကွဲ့"

"အင်း . . . ကောင်းပါတယ်ရှင်၊ ဒါပေမဲ့ ဒေဝီ တစ်ခုတော့ သတိပေးပါရစေ"

"ပြောပါ ဒေဝီ"

"အစ်ကိုတို့သွားရမယ့် ပောင်ရာဘူတာမှာရော ရထားပေါ်မှာပါ ခါးပိုက်နှိုက်ပေါတယ်နော်၊ ငွေကို သေသေချာချာ လုံလုံခြုံခြုံထားမှ ဖြစ်မယ်"

ဤတွင် ကျွန်ုပ်က မိန့်မိန့်ကြီးပြုံးလိုက်ရင်း . . .

"အဲဒီအတွက်တော့ စိတ်ချပါဒေဝီ၊ ကျုပ်တို့ရဲ့ ငွေစက္ကူတွေကို သားရေပိုက်ဆံအိတ်အပြားလေးထဲထည့်ပြီး ပေါင်မှာ သားရေကြိုးနဲ့ပတ်ထားပါတယ်၊ အသေးသုံးလောက်ပဲ ဟောဒီကုတ်အင်္ကျီအိတ်တွေထဲ ထည့်ထားတာ ဒေဝီရဲ့"

ဟုပြောလိုက်စဉ်မှာပင် ကျွန်ုပ်တို့ စီးနင်းလာသည့် ရထားလုံးမှာ အရှိန်လျှော့ပြီး ထိုးရပ်သွားပါတော့၏။

✡





ဒေဝီက ရထားလုံး၏ ပြတင်းဝမှ ခေါင်းပြူကြည့်လိုက်ကာ . . .

"ဟော . . . ပောင်ရာရပ်ကွက်ထိပ်က လမ်းခွဆုံကိုရောက်ပြီ၊ ဒီမှာဆင်းပြီး ဒေဝီရဲ့ဆွေတော်မျိုးတော်တစ်ယောက်အိမ်ကို ဒေဝီလိုက်ပို့မယ်၊ သူတို့နေတဲ့လမ်းက ကျဉ်းတယ်၊ ရထားလုံး ဝင်လို့မရဘူး၊ ဒီကပဲဆင်းပြီး လမ်းလျှောက်သွားကြရမယ်၊ သိပ်တော့မဝေးလှပါဘူး၊ ကဲ လာ . . . ဒေဝီတို့ ဆင်းကြရအောင်"

ဟု ပြုံးပြုံးလေးဖြင့်ပြောရင်း တံခါးရွက်ကိုဖွင့်လျက် ရထားလုံးပေါ်မှ သွက်လက်စွာ ဆင်းသွားတော့ရာ ကျွန်ုပ်တို့လည်း လိုက်ဆင်းရလေသည်။

ရထားလုံး၏အောက်သို့ရောက်လေလျှင် ကျွန်ုပ်သည် ကျောပိုးအိတ်ကို ပြင်လွယ်လိုက်ရင်း ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ ဆည်းဆာညိုနေပြီး အတော်မှောင်စပြုနေပြီကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တွင်လည်း တိုက်အိုတိုက်ဟောင်းများနှင့် သစ်ပင်ကျိုးတိုးကျဲတဲတို့ကိုသာ တွေ့ရကာ ရထားဘူတာရုံနှင့် တူသည့် အဆောက်အအုံကြီးကြီးမားမားမျိုး မတွေ့ရချေ။

ရထားစက်မောင်းသံ၊ ဥသြဆွဲသံသဲ့သဲ့မျှလည်း မကြားရရာ လူရဲက ဘဝင်မကျဟန်ဖြင့် ကျွန်ုပ်ကို မေးလိုက်လေသည်။

"အာစရိ ... ဟောင်ရာဘူတာကို သွားမှာဆို၊ ဘယ်မှာလဲဗျ ဘူတာ"

ကျွန်ုပ်လည်း ဒေဝီ့ကို လူရဲမေးသည့်အတိုင်း ဟိန္ဒူစတာန်နီဘာသာဖြင့် ထပ်ဆင့်မေးလိုက်ရာ ဒေဝီက ပြုံးလိုက်ပြီး လက်ဝှေ့ယမ်းညွှန်ပြလျက် ...

"ဘူတာက ဒီရပ်ကွက်ရဲ့ ဟိုဘက်အစပ်မှာရှိတယ် အစ်ကိုရဲ့၊ ဘူတာကို ရထားလုံးနဲ့ ဟိုးဘက်က ပတ်သွားလို့ရပေမယ့် အစ်ကိုတို့ကို ဘူတာမှာ ညမအိပ်စေချင်လို့ ဒေဝီရဲ့ ဆွေတော်မျိုးတော်တစ်ဦးရဲ့အိမ်မှာ ညအိပ်နားနေဖို့ ခေါ်လာရတာပါ၊ ဘူတာမှာက ညဘက်ဆို အလစ်သုတ်သမားတွေ, လူဆိုးသူခိုးတွေ ပေါမှပေါပဲ၊ ဒါကြောင့် ဘူတာမှာ ညမအိပ်စေချင်တာပါ"

ဟု ရှင်းပြရာ သူမ၏စေတနာအတွက် ပို၍ ကျေးဇူးတင်





အားနာသွားရပြန်လေသည်။

"အားနာစရာတော့ ဖြစ်နေပြီ ဒေဝီရေ၊ ကျုပ်တို့အတွက် ဒေဝီ့မှာ အလုပ်ရှုပ်ရပြီ"

"ကိစ္စမရှိပါဘူး အစ်ကိုရယ်၊ ဒေဝီတို့နိုင်ငံကို လာလည်တဲ့ တိုင်းတစ်ပါးသားဧည့်သည်တွေကို ကူညီစောင့်ရှောက်ရမှာ ဒေဝီတို့ဒေသခံတွေရဲ့ တာဝန်ပါရှင်"

"သာဓုပါဗျာ သာဓုပါ သာဓု ... ဒါထက် ညရထား မရှိဘူးလား ဒေဝီ"

"မရှိဘူးရှင့်၊ ဗုဒ္ဓဂါယာကိုထွက်မယ့်ရထားက မနက်စောစောမှထွက်မှာ၊ ကဲ ... လာ လာ၊ ဒေဝီရဲ့ဆွေတော်မျိုးတော်အိမ် သွားကြစို့ရဲ့၊ လာ လာ ... ဒေဝီ့နောက်က လိုက်ခဲ့ကြ"

ဒေဝီက သွက်လက်ချက်ချာစွာပြောပြီး လူသွားလူလာ ကင်းရှင်းနေသော တိုက်အိုတိုက်ဟောင်းများကြားမှ လမ်းကျဉ်းလေးအတိုင်း လျှောက်လှမ်းသွားရာ ကျွန်ုပ်နှင့်လူရဲတို့လည်း သူမ၏နောက်မှ လိုက်ကြရလေသည်။

ကျွန်ုပ်တို့ လျှောက်လှမ်းဝင်ရောက်ခဲ့သောလမ်းမှာ မြေလမ်းဖြစ်ပြီး လမ်း၏အကျယ်မှာ ဆယ်ပေခန့်သာရှိကာ လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘေး တစ်ဖက်တစ်ချက်ရှိ အိမ်အို တိုက်အိုတို့အားလုံးလိုလိုမှာ မှောင်မည်းလျက်ရှိရာ လူသူမျှနေထိုင်ပါရဲ့လားဟု သံသယဝင်စရာ ကောင်းလှပေ၏။

အတော်မှောင်လာသော်လည်း လမ်းမီးရော အိမ်မီးများပါ မရှိသဖြင့် စမ်းတဝါးဝါးရှိလှပေသည်။

မှောင်မှောင်မည်းမည်းဖြစ်ရသည့်ကြားထဲ လမ်းက ကောက်ကောက်ကွေ့ကွေ့နှင့် ချိုင့်ခွက်များကလည်း ထူပြောလှပေသည်။

သို့သော် ကျွန်ုပ်တို့သည် ရွေးချယ်စရာလမ်းမရှိသဖြင့် လရောင်ကိုအားပြုကာ ဒေဝီ၏နောက်မှ ကသုတ်ကယက် လိုက်လာခဲ့ရလေ၏။

မှောင်ရိပ်ကျသည့် လမ်းချိုးတစ်ခုကို ချိုးကွေ့လိုက်ပြီးလျှင်မှု ဒေဝီက နောက်ဘက်သို့ လှည့်ကြည့်လျက် ...

''ကဲ ... အစ်ကိုတို့ ဒီလမ်းအတိုင်း လိုက်သာလာခဲ့ကြပါ၊ လမ်းအဆုံးကိုရောက်ရင် ညာဘက်ချိုးကွေ့ခဲ့ကြ၊ အဲဒီမှာ မြေကွက်လပ်တစ်ခု တွေ့ရလိမ့်မယ်၊ အဲဒီမြေကွက်လပ်ကိုလွန်ရင် မီးထွန်းထားတဲ့ တိုက်ပုလေးတစ်လုံး တွေ့လိမ့်မယ် ...၊





အဲဒီတိုက်ပုလေးဟာ ဒေဝီတို့ ဆွေတော်မျိုးတော်တစ်ယောက်ရဲ့ အိမ်ပါ၊ ဒေဝီက အစ်ကိုတို့ရောက်လာရင် ချက်တစ်ရီနဲ့ ချာပါတီတို့ အဆင်သင့်ဖြစ်ပြီး ပဲဟင်းပါ နွှေးထားနိုင်အောင် အစ်မဝမ်းကွဲကို ကြိုပြောဖို့ ရှေ့ကသွားနှင့်မယ်''

ဟု ကျွန်ုပ်တို့၏ မေခလာနတ်သမီးလေးက သွက်လက်ချက်ချာစွာပြောပြီးလျှင် ရှေ့မှ ခပ်သုတ်သုတ်လျှောက်သွားကာ ရှေ့လမ်းချိုးတွင် ပျောက်ကွယ်သွားပါတော့၏။

သူမ၏အပြုအမူကြောင့် ကျွန်ုပ်တို့မှာ ပါးစပ်အဟောင်းသားဖြင့် အံ့အားတသင့်ဖြစ်သွားရသော်လည်း တိုက်အိမ်တို့၏ မှောင်ရိပ်ကျနေသော မြေလမ်းကလေးအတိုင်း သူမကိုမီအောင် ခပ်သွက်သွက်လိုက်ရန် မတတ်နိုင်ဘဲ ချိုင့်ခွက်များထဲ ခြေကျွံကာ ခြေခေါက်လဲမလား၊ ကမူကို ခလုတ်တိုက်လဲမလား ဟူ၍ စိုးရိမ်ကြီးစွာဖြင့် ခပ်ဖြည်းဖြည်းသာ နောက်မှလိုက်ပါခဲ့ရတော့သည်။

''အာစရိရေ ... ကျွန်တော်တို့ရဲ့ကျေးဇူးရှင်မလေးက သွက်လည်းသွက်ပါ့ဗျာ၊ သူ့နောက် မနည်းလိုက်နေရပါလား၊ ပြီးတော့ ဒီရပ်ကွက်က ဘယ်လိုလဲအာစရိရဲ့ ... လမ်းဘေးဝဲယာကအိမ်တွေမှာ လူသူအရိပ်အယောင်လည်း မတွေ့ရပါလား၊



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်လည်း တစ်စက်မှ မမြင်ရဘူး၊ ကေန္တ ... လူသူမရှိတော့တဲ့ရပ်ကွက်နဲ့ တူတယ်ဗျ ...၊

လူဦးရေထူထပ်လှတဲ့ ဒီအိန္ဒိယနိုင်ငံမှာ တချို့ဒေသတွေဟာ ကူးစက်ရောဂါတွေဖြစ်ပွားပြီး လူအသေအပျောက်များလွန်းလို့ လူတွေစွန့်ခွာပြီး ထားရစ်ခဲ့ကြတာတွေ ရှိတယ်လို့ ကျွန်တော် စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်ဗျ၊ ဒီရပ်ကွက်ဟာ အဲဒီလိုရပ်ကွက်မျိုးလား မသိဘူးဗျ''

ကျွန်ုပ်လည်း မိကျောင်းသားနှယ် လျှာရှည်လှသည့် လူရဲကို မှောင်ကြီးထဲမှာပင် မျက်စောင်းခဲလိုက်ကာ ပုဆိုးကို မ,လျက် ချိုင့်ခွက်တစ်ခုအား လှမ်းကျော်ရင်း ...

''ဟကောင်ရ ... အတွေးမခေါင်စမ်းပါနဲ့ကွာ၊ မဟာရာဂျာရဲ့ ဆွေတော်မျိုးတော်ပဲဟာ ... ဖုန်းဆိုးရပ်ကွက်မျိုးမှာ နေမလားဟ''

ဟုပြောလိုက်ရာ သကောင့်သားက စောဒကတက်သေးသည်။

''ဒါဆို ဘာဖြစ်လို့ လူသူအရိပ်အယောင်မတွေ့ရတာလဲဗျ''





''ဒေဝီပြောသွားတယ်လေကွာ ... ဒီလမ်းချိုးလိုက်ပြီးရင် သူ့ရဲ့ဆွေတော်မျိုးတော်အိမ် ရောက်ပြီတဲ့၊ အဲဒီဘက်အခြမ်းက ရပ်ကွက်မှာတော့ လူသူစည်ကားပုံ ရပါတယ်ကွာ''

သို့သော် ဒေဝီပြောခဲ့သည့်အတိုင်း လမ်း၏အဆုံးတွင် ညာဘက်သို့ ချိုးကွေ့လိုက်သည့်၌ လူသူစည်ကားလျက် မီးရောင်များထိန်လင်းနေသော ရပ်ကွက်ကြီးကို မတွေ့ရဘဲ အဆုံးအစမဲ့ ကျယ်ပြောလှသည့် ကွင်းပြင်ကြီးကိုသာ တွေ့ရလေသည်။

ဆူးချုံပုတ်များ၊ ကိုင်းမြက်ရှည်များသာရှိသည့် ယင်းဖုန်းဆိုးမြေကွင်းပြင်ဘက်မှ လေက ဟူးဟူးရားရား တိုက်ခတ်လျက်ရှိပြီး ဆူးချုံကြီးများနှင့် ကိုင်းမြက်ရှည်တို့ကသာ လေအဝှေ့ဝယ် တလှုပ်လှုပ်ယိမ်းကရင်း ကျွန်ုပ်တို့ကို ကြိုဆိုလျက်ရှိတော့၏။

ဒေဝီပြောခဲ့သော မီးတွေလင်းနေသည့် ဆွေတော်မျိုးတော်တို့၏ တိုက်ပုလေးကိုလည်း မတွေ့ရ၊ ဒေဝီ့ကိုလည်း အစအနတောင် မတွေ့ရတော့ချေ။

''ဟ ... ဘယ်လိုဖြစ်တာလဲ''

''အာစရိ ... တစ်ခုခုတော့ မှားနေပြီဗျ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ကျောရိုးထဲမှ စိမ့်ခနဲဖြစ်သွားပြီး . . .

"ငါ ငါတို့တော့ အညာမိပြီထင်တယ်ဟေ့"

ဟု လူရဲကို ခပ်တိုးတိုး သတိပေးလိုက်စဉ်မှာပင် ဆူးချုံကြီးများ၊ ကိုင်းမြက်ရှည်များကြားမှ လူရိပ်မည်းမည်း လေးငါးခုသည် ရုတ်ခြည်း ထွက်ပေါ်လာတော့၏။

အပေါ်ပိုင်းအင်္ကျီဗလာဖြင့် အသားလွန်စွာမည်းနက်သော ထိုသူတို့၏လက်ထဲတွင် လရောင်ကြောင့် လက်လက်ထနေသည့် ဓားကောက်ကြီးများကိုတွေ့ရရာ ကျွန်ုပ်တို့မှာ လွန်စွာကြောက်မက်ဖွယ်ကောင်းလှသည့် ထောင်ချောက်ထဲ သက်ဆင်းမိပြီဖြစ်ကြောင်း ရိပ်စားမိတော့၏။ ကျောချမှ ဓားပြမှန်း သိရချေပြီတည်း။

မထူးတော့ပြီမို့ ကျွန်ုပ်လည်း ဆွေတော်မျိုးတော်တို့အား ရင်ဆိုင်ရန် ကျောပိုးအိတ်ကြီးကို ပခုံးပေါ်လွယ်ထားရာမှ မြေပေါ် ဘုတ်ခနဲ ပစ်ချလိုက်ပြီးလျှင် လူရဲအား နံဘေးသို့ တွန်းလွှတ်လိုက်ရတော့၏။

"လူရဲ . . . မင်း အသာရှောင်နေစမ်း၊ ဒီကောင်တွေ ကျုပ်တို့ကို သတ်ဖြတ်လုယက်တော့မယ်"





ထိုစဉ် ခေါင်းဆောင်ဖြစ်ဟန်တူသည့် အရပ်အမြင့်ဆုံး ဓားသမားက ဂေါ်ရခါးဓားကောက်ကြီးကို ဝှေ့ယမ်းလိုက်ပြီး . . .

"ဒီမှာ . . . အသက်မသေချင်ရင် ပေါင်မှာချည်ထားတဲ့ ပိုက်ဆံအိတ်တွေကို ပေးကြစမ်း"

ဟု ဟိန္ဒူစတန်နီစကားဖြင့် ဟိန်းဟောက်အမိန့်ပေးလိုက်တော့သည်။

"ဟေ့ မိစ္ဆာကောင်တွေ . . . ဒီလို လွယ်လွယ်နဲ့ရရိုးလားကွ၊ မင်းတို့ဟာ ဒေဝီဆိုတဲ့ မိစ္ဆာမနဲ့ တစ်ဖွဲ့တည်းမဟုတ်လား၊ ငါတို့ကို ထောင်ချောက်ဆင်ပြီး လွယ်လွယ်နဲ့လုယက်လို့ ရမယ်ထင်ရင်တော့ မှားသွားမယ်၊ လာစမ်း မိစ္ဆာကောင်တွေ"

ဟု ကျွန်ုပ်က စိန်ခေါ်လိုက်စဉ် ထိုရှေ့ဆုံးမှ ဓားသမားက ဓားကောက်ကြီးဖြင့် ကျွန်ုပ် စီးမိုးခုတ်လိုက်တော့၏။

ဤတွင် ကျွန်ုပ်သည် သူ၏ခုတ်ချက်ကို ဘေးသို့ တိမ်းရှောင်ခြင်း၊ နောက်ဆုတ်ရှောင်ခြင်း မပြုဘဲ ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ရှေ့ဒူးညွှတ်လျက် ဝင်လိုက်ပြီး ကြက်ခြေယှက်ထားသည့် လက်ဖျံနှစ်ခုဖြင့် သူ၏ဓားကိုင်လက်ဖျံကို ဆီးခံလိုက်လေသည်။

ပြီးလျှင် သူ၏ဓားကိုင်လက်ကို ကျွန်ုပ်၏လက်နှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပြုတ်တူညှပ်သလို မြဲမြံစွာ ဆုပ်ကိုင်လိုက်ကာ သူ့ဘက်သို့ ကျောလှည့်လိုက်လျက် သူ၏လက်ကို ရှေ့သို့ အားစိုက်ဆွဲချလိုက်လေ၏။

ထိုအခါ သူ၏လက်ကို ပခုံးထမ်းမိသလို ဖြစ်သွားပြီး အရှိန်ဖြင့် ဝိုက်ပါလာသည့် သူ့ကို ကိုင်ပေါက်လိုက်လေ၏။

'ဘုန်း'

''အား''

မြေပြင်နှင့် မရှုမလှ ဂဟေဆက်သွားသည့် သူတို့၏ ခေါင်းဆောင်ကို မယုံနိုင်သလိုကြည့်ရင်း ကျန်ဓားသမားတို့ အံ့အားသင့်ကာ ဆုတ်ဆိုင်းဆိုင်းဖြစ်သွားစဉ် ထိုလူလွှတ်ကျသွားသည့် ဓားကောက်ကြီးကို လူရဲက ဖျတ်ခနဲ ကောက်ကိုင်လိုက်ကာ . . .

''အာစရိ . . . ဘေးဖယ်၊ ဒီကောင်တွေကို ကျွန်တော်ရင်ဆိုင်မယ်''

ဟုပြောလိုက်ရာ ကျွန်ုပ်မှာ အံ့အားသင့်သွားရတော့၏။

''ဟကောင်ရ . . . ဖြစ်ပါ့မလား''

''ဖြစ်ပါတယ် အာစရိရဲ့၊ ကျွန်တော် ဥရောပမှာ စာသင်





ရှံသင်ခဲ့တာ မဟုတ်ပါဘူး''

လူရဲက ပြတ်သားစွာပြောပြီး ဓားကောက်ကြီးကို ဝှေ့ယမ်းကစားရင်း ကျန်ဓားကိုင်လူဆိုးတို့ကို ရဲရင့်စွာ ရင်ဆိုင်လိုက်ရာ သူ့ကို ပညာသမား၊ စာသမား၊ လူပျော့ကလေးဟု ထင်ထားမိသော ကျွန်ုပ်မှာ အံ့အားသင့်ခြင်း၊ ကျေနပ်ခြင်းများစွာဖြင့် မျက်ခုံးပင့်ကြည့်ရင်း နောက်သို့ ဆုတ်ပေးလိုက်ရလေ၏။

'ဝှစ် ဝှစ် ဝှစ်'

'ခြွမ်း'

'ရှပ်'

''အ''

ချက်ချင်းဆိုသလို ထိုးခုတ်တိုက်ခိုက်သံများ ညံစီသွားပြီး လူရဲက အချက်ကျကျ အခံအအုပ် အရှောင်အတိမ်း အခုတ်တို့ဖြင့် ဓားသမားသုံးဦးတို့၏ ဓားချက်တို့ကို ခုခံကာ လျှပ်ပြက်သလို တန်ပြန်တိုက်စစ်ဖွင့် တိုက်ခိုက်ရာ ဓားကိုင်လူဆိုးတို့မှာ လက်မောင်း၊ ကျောနှင့် ပခုံးတို့တွင် ဒဏ်ရာအသီးသီး ရရှိသွားကြတော့၏။

''မိစ္ဆာကောင်တွေ သေဖို့ပြင်ပေတော့''



www.burmeseclassic.com

www.burmeseclassic.com



လူရဲက မိုးခြိမ်းသလို အော်ဟစ်ခြိမ်းခြောက်လိုက်ပြီး တိုက်စစ်ကိုမြှင့်လျက် တရစပ်ကြမ်းတမ်းစွာ ထိုးခုတ်တိုက်ခိုက်တော့ရာ ဓားကိုင်လူဆိုးတို့သည် ကြာကြာရင်မဆိုင်ရဲတော့ဘဲ မြေပြင်ပေါ်တွင် ဆန့်ဆန့်ကြီးလဲလျက် သတိလစ်နေသော သူ တို့၏ခေါင်းဆောင်ကို ထားရစ်ကာ ချုံနွယ်ပိတ်ပေါင်းများ၊ ကိုင်း မြက်များကြားသို့ အူယားဖားယားဖြင့် ပြေးဝင်သွားကြတော့၏။

ထိုအခါမှ ကျွန်ုပ်လည်း ကျောပိုးအိတ်ကြီးကို ကောက်လွယ်လိုက်ကာ ...

"တောက် ... ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း ဆို သလို လူဆိုးအုပ်စုနဲ့မှ လာတိုးရတယ်လို့၊ ဟိုမိစ္ဆာမာယာမ တော့လား ... နောက်တစ်ခါကြုံလာလို့ကတော့ အရေခွံကို ဆုတ်ပစ်မယ်၊ ကဲ လူရဲရေ ... ဒီနေရာကနေ အမြန်ဆုံးလစ်ကြ စို့"

ဟု လောဆော်လိုက်ရာ လူရဲလည်း မြေပြင်ပေါ်ပစ်ချ ထားသည့် ကျောပိုးအိတ်ကြီးကို ကောက်လွယ်လိုက်ပြီး ...

"ဟုတ်တယ်၊ ဒီကနေ အမြန်ဆုံးလစ်မှဖြစ်မယ်၊ မိစ္ဆာ ကောင်တွေက စစ်ကူခေါ်ပြီး ပြန်ရောက်ချင်ရောက်လာမှာ"





ဟုပြောကာ ကျွန်ုပ်တို့နှစ်ဦးသည် လာရာလမ်းအတိုင်း ခပ်သွက်သွက် လှမ်းထွက်လာခဲ့ကြတော့၏။

ကျွန်ုပ်တို့သည် ထိုသို့ လျှောက်လှမ်းလာရင်း လမ်းခွဆုံ တစ်ခုသို့အရောက်တွင် ဝဲဘက်ရှိ လမ်းထိပ်ဘက်၌ မီးရောင်လဲ့လဲ့ မြင်ရသဖြင့် ထိုလမ်းထိပ်ဘက်သို့ လျှောက်လှမ်းလာခဲ့ကြတော့ သည်။

သို့ဖြင့် ကျွန်ုပ်တို့သည် လူသွားလူလာ အနည်းငယ်ရှိ သော လမ်းကျယ်ကြီးတစ်ခုသို့ ရောက်သွားရာ လူရဲလည်း ကိုင် ဆွဲထားသည့် ဓားကောက်ကြီးကို လမ်းဘေးမြောင်းထဲသို့ လွှင့်ပစ် လိုက်တော့၏။

ထို့နောက်မှာမူ ကျွန်ုပ်တို့သည် သက်ပြင်းမောကို ချလိုက် ကြပြီး လမ်းကျယ်ကြီးပေါ်သို့ တက်လှမ်းလာခဲ့ကြပါတော့ သတည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## မမျှော်လင့်သူ

လူအချို့နှင့် လန်ချားအချို့ ခပ်ကျဲကျဲသွားလာလျက်ရှိသော လမ်းမကြီးအတိုင်း ကျွန်ုပ်နှင့်လူရဲတို့သည် ယောင်ချာချာဖြင့် လျှောက်လှမ်းလာကြရာ မှန်အိမ်မီးလေးထွန်းထားသည့် လမ်းဘေးကွမ်းယာဆိုင်လေးတစ်ဆိုင်ကို တွေ့ရသည်တွင် ...

"လူရဲရေ ... အဲဒီကွမ်းယာဆိုင်လေးမှာ ဟောင်ရာဘူတာဆီ ဘယ်လမ်းကသွားရသလဲလို့ မေးစမ်းကြည့်မှပဲ"

ဟုပြောကာ ဆိုင်လေးထဲသို့ လှမ်းဝင်ခဲ့လေသည်။

ကွမ်းယာဆိုင်လေးထဲတွင် အသက်အတော်ကြီးပြီဖြစ်





သည့် အဘိုးအိုတစ်ဦးထိုင်ကာ ကွမ်းယာလျက်ရှိပြီး ခပ်ပိန်ပိန်လူငယ်လေးတစ်ဦးက ဆိုင်နှင့်မလှမ်းမကမ်းရှိ ကုက္ကိုပင်အောက်မှ သစ်သားကွပ်ပျစ်ပေါ်တွင် လဲလျောင်းလျက်ရှိလေသည်။

"ဟရေးဘာဘူကြီး ... ဟောင်ရာဘူတာဆီသွားချင်လို့ ဘယ်လမ်းကသွားရသလဲ"

ကျွန်ုပ်က ရိုးသားပုံရသောအဘိုးအိုအား ဟိန္ဒူစတန်နီဘာသာစကားဖြင့် မေးလိုက်ရာ အဘိုးအိုက ကွမ်းယာနေရာမှ မျက်မှောင်ကြုတ်ကာ မော့ကြည့်လိုက်ပြီး ...

"ခြော် ... ခရီးသွားတွေထင်တယ်"

ဟု မေးလိုက်လေသည်။

"ဟုတ်ပါတယ် ... ဗုဒ္ဓဂါယာသွားချင်လို့ပါ ဘာဘူကြီး၊ ဟောင်ရာဘူတာကနေ ရထားစီးသွားချင်လို့ ဘူတာရုံကို လမ်းညွှန်ပေးပါ"

အဘိုးအိုက လမ်းမကြီး၏လက်ဝဲဘက်သို့ လက်ညှိုးညွှန်ပြကာ ...

"ဒီလမ်းမကြီးအတိုင်း ဆုံးအောင်သွားပြီး လက်ဝဲဘက်ကလမ်းကို ချိုးကွေ့ရမယ်၊ အဲဒါဆို ဟောင်ရာဘူတာကို ရောက်

www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ အတော်ဝေးတယ် . . . လန်ချားစီးသွားပါလား၊ ဒါမှ ဂါယာကို သွားမယ့် ည ၈ နာရီရထားကိုမီမယ်၊ ခြေလျင်သွားရင်တော့ ညရထား မီမှာမဟုတ်ဘူး၊ ဒါဆို ဘူတာမှာ ညအိပ်ရမယ်၊ တည်းခိုခန်းတွေ ဘာတွေ မရှိဘူး၊ ဘူတာပလက်ဖောင်းမှာ သူတောင်းစားတွေနဲ့အတူ အိပ်ရမှာ၊ လူဆိုးတွေလည်း ရှိတယ်"

ဟု ရှည်လျားစွာရှင်းပြလေသည်။

"အဲဒါဆို လန်ချားစီးသွားချင်ပါတယ်"

"ဟဲ့ လူကလေးကီရင် . . . ဒီကညော့်သည်တွေကို ဟောင်ရာဘူတာဆီ လိုက်ပို့လိုက်စမ်း၊ ဂါယာရထားမီအောင်"

အဘိုးကြီးက လှမ်းအော်ပြောလိုက်လျှင် ကီရင်ဆိုသော ခပ်ပိန်ပိန်သူငယ်သည် လဲလျောင်းနေရာမှထပြီး ကွပ်ပျစ်ပေါ်မှ ဆင်းကာ ကုက္ကိုပင်ရင်း၌ ထောင်ထားသည့် လန်ချားကို ဆွဲယူလေ၏။

"ကျုပ်ရဲ့သားငယ် လိုက်ပို့လိမ့်မယ်၊ ညရထားမီမှာပါ"

"ဟုတ်ကဲ့ . . . ကျေးဇူးပဲ ဘာဘူကြီးရေ"

သို့ဖြင့် ကျွန်ုပ်နှင့်လူရဲတို့သည် လူငယ်လေးကီရင် ဝီခေါ် နေအောင် ဆွဲပြေးသည့် လန်ချားကိုစီးကာ ခရီးဆက်ခဲ့ရတော့၏။





ကျွန်ုပ်သည် ရန်ကုန်မြို့တွင် မကြာခဏဆိုသလို လန်ချားစီးဖူးသော်လည်း ကီရင်ဆွဲပြေးသည့် လန်ချားလောက် မြန်သောလန်ခြားမျိုး မစီးဖူးသဖြင့် လန်ချား၏ဘေးနံရံစွန်းကို လက်တစ်ဖက်ဖြင့် ခပ်တင်းတင်းဆုပ်ကိုင်ကာ လိုက်ပါခဲ့ရလေသည်။

လူရဲကမူ လမ်းဘေးဝဲယာမှ မီးရောင်လင်းလက်နေသည့် အိမ်အချို့နှင့် ဆိုင်အချို့တို့ကိုလည်းကောင်း၊ လမ်းသွားလမ်းလာအချို့နှင့် ဟိုမှသည်မှ ပြေးဆွဲနေကြသည့် လန်ချားတို့ကိုလည်းကောင်း ငေးကြည့်ရင်း လိုက်ပါခဲ့လေ၏။

လမ်းကျယ်ကြီး၏အဆုံးသို့ရောက်ရှိခဲ့သည့်အခါ ဝဲဘက်သို့ ချိုးကွေ့လိုက်သည်တွင် မီးရောင်များ လင်းကျင်းလျက်ရှိပြီး လူသူစည်ကားလျက်ရှိသည့် ရထားဘူတာရုံကြီးကို လှမ်းတွေ့ရတော့၏။

ဘူတာရုံရှေ့တွင် လန်ချားကိုရပ်လိုက်လျှင် ကျွန်ုပ်တို့သည်း လန်ချားပေါ်မှဆင်းကာ လန်ချားခအတွက် ကီရင်တောင်းသည့် ငါးရူပီကိုပေးလိုက်လေသည်။

ပြီးလျှင် ကျွန်ုပ်တို့သည် ရထားအဝင်အထွက် ရှပ်ဆွေး



www.burmeseclassic.com

www.burmeseclassic.com



လှသည့် ဘူတာရုံကြီးထဲသို့ လှမ်းဝင်ခဲ့ကြကာ လက်မှတ်ရုံကို ရှာဖွေပြီး ဂါယာသို့ လက်မှတ်နှစ်စောင်ဖြတ်လိုက်ကြလေ၏။

ထို့နောက် ဘူတာဂျပိုးဖြစ်ဟန်တူသည့် လူငယ်လေးကို မုန့်ဖိုးပေးပြီး ဂါယာသို့သွားမည့်ရထားဆီ ပို့ခိုင်းရလေသည်။

ယင်းသူငယ်လေးက ဗာရာဏသီသို့သွားမည့် ရထားဆီ လိုက်ပို့လေ၏။

"ဦးတို့ ဒီဂါယာတွဲနဲ့ လိုက်သွားရမယ်၊ ဂါယာဘူတာ ရောက်ရင် ဒီဂါယာတွဲကို ရထားကြီးက ဖြုတ်ချထားခဲ့ပြီး ဗာရာ ဏသီအထိ ဆက်သွားမှာ"

"အေး အေး ... ကျေးဇူးပါပဲကွယ်"

ယင်းနောက် ကျွန်ုပ်နှင့်လူရဲတို့သည် ဂါယာတွဲပေါ်တက် ကာ မိမိတို့၏ထိုင်ခုံနံပါတ်များကို ရှာဖွေပြီး ထိုင်လိုက်ကြလေ၏။

ကျွန်ုပ်သည် ယခုမှပင် စိတ်အေးလက်အေးဖြစ်သွားကာ သက်ပြင်းမောကိုချနိုင်ပြီး ရထားပြတင်းဝတွင် တံတောင်ဆစ် တစ်ဖက်တင်လျက် ဘူတာစင်္ကြံများပေါ်တွင် သွားလာလှုပ်ရှား နေကြသည့် ခရီးသွားတို့ကို ဘာရယ်မဟုတ်ဘဲ ငေးကြည့်နေမိ လေသည်။





ဟောင့်ရာဘူတာသည်ကား အိန္ဒိယနိုင်ငံ၏ အရှေ့ဖျား ရထားလမ်းဆုံရာ အကြီးဆုံးဘူတာကြီးဖြစ်ရာ ရထားရော လူသူ ပါ ရှုပ်ထွေးလှချေ၏။

ဤဘူတာမှနေ၍ အိန္ဒိယနိုင်ငံအနှံ့အပြားသို့ ရထားများ နေ့ရောညပါ ထွက်လေ့ရှိသလို နိုင်ငံအရပ်ရပ်မှ ရထားတို့သည် လည်း ဆိုက်ရောက်လာလျက်ရှိရာ စင်္ကြံတိုင်းလိုလိုမှာ ဆင်းသူ တက်သူ၊ ထိုင်စောင့်နေသူ၊ ပစ္စည်းပစ္စယတို့ပုံထားသူ၊ သယ်ပို့ နေသူတို့ဖြင့် မျက်စိနောက်အောင် ရှုပ်ထွေးလျက်ရှိလေ၏။

ကျွန်ုပ်သည် ပျားပန်းခပ် လှုပ်ရှားနေကြသည့် လူသူ ပရိသတ်တို့ကိုကြည့်ရင်း ဟိုငေးသည်ငေး လုပ်နေရာမှ လူအုပ် ကြားထဲရှိ တစ်စုံတစ်ဦး၏မျက်နှာကို မမျှော်လင့်ဘဲ ဖျတ်ခနဲ တွေ့လိုက်ရသည့်အခါမှာမူ တစ်ကိုယ်လုံး ဆတ်ခနဲဖြစ်သွားပြီး ထိုင်နေရာမှထလျက် ရထားပြတင်းပေါက်မှနေ၍ ပလက်ဖောင်း ပေါ် ခုန်ချလိုက်တော့၏။

"ဟာ ... အာစရိ အာစရိ ... ဘာလုပ်တာလဲဗျ"

ကျွန်ုပ်သည် အံ့အားတသင့်ဖြစ်သွားသည့် လူရဲကို ရှင်းပြရန် အချိန်မရဘဲ စောစောကတွေ့လိုက်သူရှိရာနေရာသို့



www.burmeseclassic.com

www.burmeseclassic.com



လှူအုပ်ကြား တိုးဝှေ့သွားမိတော့၏။

သို့သော် ထိုနေရာသို့ရောက်သည်တွင် စောစောက လူကို မတွေ့ရတော့ချေ။

ကျွန်ုပ်သည် အတန်ကြာလှည့်ပတ်ရှာသည့်တိုင် ထိုလူကို အရိပ်အယောင်သော်မျှ မတွေ့ရတော့ချေ။

ထိုစဉ် ဘူတာစကြံအထက်ရှိ လော်စပီကာမှနေ၍ ဗာရာဏသီသို့ထွက်ခွာမည့် ည (၈) နာရီရထား စတင်ထွက်ခွာတော့မည်ဖြစ်ကြောင်း ကြေညာလေရာ ကျွန်ုပ်လည်း လက်လျှော့ပြီး လူအုပ်ကြားမှ တိုးဖြတ်ကာ မိမိတို့၏ရထားဆီ ပြန်လည်လျှောက်လှမ်းခဲ့ရပါတော့၏။

"အာစရိ . . . မထိတ်သာမလန့်သာဗျာ၊ ဘာဖြစ်လို့ ရထားပေါ်က ခုန်ချပြီးထွက်ပြေးရတာလဲ"

"ထွက်ပြေးတာမဟုတ်ဘူး၊ လူအုပ်ကြားထဲမှ ဟိုသင်းကို တွေ့လိုက်ရလို့"

"ဘယ်သင်းလဲ အာစရိရဲ့"

"နဂါးမာန်ကျော်ရင်လေကွာ"

"ဗျာ . . . သူ သူ့ကိုတွေ့လိုက်ရလို့ ဟုတ်ရဲ့လားဗျာ"





"ဟုတ်ကိုဟုတ်တယ်၊ ကျုပ်က မျက်စိအကြည့်စူးသူပါကွဲ့၊ သူ ဘာကိစ္စအတွက်နဲ့ ဒီဒေသဆီ ရောက်နေရပါလိမ့်"

ကျွန်ုပ်သည် ရထားထွက်သည်အထိ လူအုပ်တို့ကြားသို့ လှမ်းမျှော်ကြည့်သော်လည်း နဂါးမာန်ကျော်ရင်ကို အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

✿ ✿ ✿



www.burmeseclassic.com


www.burmeseclassic.com

# အခန်း (၂)

## နဂါးမောန်၏ဘဝအစ

## ရှာပုံတော်ခရီး

## အာရိယန်တို့၏ရတနာ



# အခန်း(၂)

## နဂါးမောန်၏ဘဝအစ

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဒေသ၏လွင်ပြင်များကို ဖြတ်သန်းကာ ညရထားကြီးမှာ တလှုပ်လှုပ် တကျိမ်းကျိမ်းဖြင့် စည်းချက်မှန်မှန် ခုတ်မောင်းလျက်ရှိလေသည်။

ပြတင်းပေါက်ဘက်၌ ထိုင်နေသောလူရဲသည် သံတိုင်များကြားမှနေ၍ မှောင်မည်းနေသော ညဝန်းကျင်ကို ငေးကြည့်နေပြီး ကျွန်ုပ်ကမူ ရထားတွဲအတွင်း လိုက်ပါလာကြသည့် ခရီးသည်များကို မျက်လုံးဝေ့ကြည့် အကဲခတ်နေမိသည်။

ရထားတစ်တွဲလုံးလိုလိုမှာ အိန္ဒိယလူမျိုးခရီးသည်များ



www.burmeseclassic.com

www.burmeseclassic.com



ချည်း ဖြစ်ပုံရပြီး မြန်မာဆို၍ ကျွန်ုပ်နှင့်လူရဲတို့နှစ်ဦးသာ ပါလေ၏။

ခရီးသည်တို့မှာ ရထားထွက်စက ဆူညံစွာစကားပြောဆိုနေကြသော်လည်း ည (၉)နာရီကျော် (၁၀)နာရီနီးပါးခန့် ရောက်လာချိန်တွင်မူ စကားသံများတိတ်သွားကာ ငိုက်မျဉ်း အိပ်ပျော်လျက် ဆိတ်ငြိမ်စွာလိုက်ပါလာကြတော့၏။

ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်ရှိထိုင်ခုံတွင် ရထားစထွက်ကတည်းက ဆိတ်ငြိမ်စွာလိုက်ပါလာသည့် အဘိုးအိုနှစ်ဦးအနက် ပိန်ပိန်ပါးပါး မုတ်ဆိတ်မွေးဖားလျားနှင့် အဘိုးအိုမှာ အိပ်စက်ရန် ထိုင်ခုံတို့၏အထက်ထပ်သို့ တက်သွားရာ အတန်ငယ်ဝလျက် ဥပမိရုပ်ကောင်းသော အဘိုးအိုသာ ထိုင်ခုံမှာ ထိုင်လျက်သား ကျန်ရစ်ခဲ့လေသည်။

ယင်းအဘိုးအိုမှာ ရထားထွက်ခါနီးမှ ကသုတ်ကရက် တက်လာသော်လည်း ထိုင်ခုံမှာ ထိုင်ကတည်းက မည်သူ့ကိုမျှ စကားပြောဆိုခြင်း မရှိချေ။

ထိုအဘိုးအိုမှာ အသားအတန်ငယ်လတ်ပြီး မုတ်ဆိတ်ကျင်စွယ်ဖွေးဖွေးတို့ရှိကာ မျက်မှန်ဝိုင်းလေးကို တပ်ထားလေ၏။





သူ၏ရုပ်သွင်က ခံ့ညားကာ သန့်ပြန့်သည့် အဖြူရောင် ဒိုတီကို သပ်ရပ်စွာဝတ်စားထားပြီး ဖြူဆွတ်နေသော အုပ်ပေါင်းကို အကျအန ပေါင်းထားလေသည်။

ယင်းအဘိုးအိုသည် ရထားစထွက်ကတည်းက ထိုင်ခုံနောက်မှီနှင့် ပြတင်းပေါက်နံရံထောင့်ချိုးထဲတွင် ခေါင်းမှီလျက် မျက်လုံးစုံမှိတ်ကာ ဆိတ်ငြိမ်စွာ လိုက်ပါလာခဲ့သူဖြစ်၏။

အပြင် ညရှုခင်းကိုငေးရင်း လိုက်ပါလာခဲ့သည့် လူရဲသည် ဆယ်ဘူတာခန့်ကျော်လာပြီးသည့်နောက်တွင် ပြတင်းမှခွာကာ ကျွန်ုပ်ဘက် စောင်းငဲ့ကြည့်ရင်း ...

"မြန်မာပြည်ကအထွက် လေယာဉ်ပေါ်မှာတုန်းက နဂါးမာန်ကျော်ရင်ရဲ့အကြောင်း အာစရိ အရိပ်အမြွက် ကျွန်တော့်ကို ပြောပြခဲ့တယ် ... ဒါပေမဲ့ လုံးစေ့ပတ်စေ့ မသိရဘူး၊ အဲဒီတုန်းက နဂါးမာန်ကျော်ရင်ရဲ့အကြောင်း သေချာမသိရလို့လည်း အရေးမကြီးဘူး ...၊

ဒါပေမဲ့ အခု အိန္ဒိယနိုင်ငံထဲမှာ သူရှိနေတယ်ဆိုတော့ ကျွန်တော်တို့နဲ့ ထပ်ဆုံနိုင်တယ် အာစရိ၊ ဒါကြောင့် သူ့အကြောင်းကို သေချာသိထားဖို့လိုတယ်၊ အာစရိက ကျွန်တော့်



www.burmeseclassic.com

လိုပဲ ရထားပေါ်မှာ အိပ်တတ်ပုံမရဘူး၊ ဒီတော့ အိပ်လို့မရမယ့် အတူတူ နဂါးမာန်ကျော်ရင်ရဲ့အကြောင်း ပြောပြပါလားဗျာ''

ကျွန်ုပ်လည်း လူရဲက တောင်းဆိုလာသဖြင့်လည်းကောင်း၊ လူရဲပြောသလို အန္တရာယ်ကြီးမားလှသည့် နဂါးမာန်ကျော်ရင်လိုလူမျိုးနှင့် လာဆုံနေရသည့်အတွက် သူ့အကြောင်းကို လူရဲသိသင့်သည်ဟု ယူဆသဖြင့်လည်းကောင်း နဂါးမာန်ကျော်ရင်၏အကြောင်းကို သေချာစွာ ပြောပြလိုက်ရပါတော့သတည်း။

မှတ်ချက်

ဤနေရာ၌ နဂါးမာန်ကျော်ရင်၏အကြောင်းကို ဝတ္ထုသွားဖြင့် ဖော်ပြလိုက်ပါသည်။

မြန်မာနိုင်ငံမြေလတ်ပိုင်းရှိ ရွာငယ်လေးတစ်ရွာ၏ အစွန်





အဖျားတွင် ချုံနွယ်ပိတ်ပေါင်းတို့ ထူပြောလှသည့် ခြံကျယ်ကြီးတစ်ခြံရှိလေ၏။

ယင်းခြံကြီးကို ကြခတ်ဝါးရုံတောတို့က ဟိုတစ်စု သည်တစ်စု ဝိုင်းပတ်ထားပြီး ခြံကြီး၏အလယ်တွင် ပြိုကျလုလုခြေတံရှည်အိမ်ကြီးတစ်လုံး ရှိလေ၏။

ထိုအိမ်ကြီးသည် လွန်ခဲ့သောဆယ့်ငါးနှစ်ခန့်က ဆန်စက်ပိုင်ရှင် ဦးကြူတို့မိသားစု၏ အိမ်ဖြစ်ခဲ့လေ၏။

ရွာတွင် ပုလိပ်ရောဂါကြီးကျရောက်စဉ်က ဦးကြူမှလွဲ၍ မိသားစုအားလုံး ကပ်ရောဂါ၏ ဝါးမျိုသုတ်သင်ခြင်း ခံလိုက်ရရာ ဦးကြူလည်း ရွာမှ အပြီးတိုင်ထွက်ခွာသွားပြီး စစ်ကိုင်းဘက်တွင် ဘုန်းကြီးဝတ်နေသည်ဟု ကြားသိရလေသည်။

ထိုစဉ်ကတည်းက ဦးကြူလည်း ရွာသို့ပြန်မလာတော့ဘဲ ထိုအိမ်ကြီးမှာ ပိုင်ရှင်မဲ့ဖြစ်ကာ နေ့လယ်နေ့ခင်းတွင် ရွာမှကလေးတစ်သိုက် လွတ်လပ်စွာ ဆော့ကစားရာနေရာ ဖြစ်နေတော့၏။

ငင်းအိမ်အိုကြီး၏ ခေါင်းရင်းဘက်တွင် နှစ်ချို့ရောမမန်ကျည်းပင်ကြီးရှိရာ ကလေးတို့သည် တွဲလောင်းကျနေသည့် မန်ကျည်းကိုင်းများကို ဆွဲခိုလွှဲလျက် ဆော့ကြသည်။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com



ခြေတံရှည်အိမ်ကြီး၏အောက်တွင် တိုင်လုတမ်း ကစားကြသည်။ မန်ကျည်းပင်ရိပ်တွင် ထွေခင်းကြသည်။

တစ်ခါတစ်ရံ အိမ်ကြီးပေါ်သို့ ပြေးတက်ကာ တူတူပုန်းတမ်း ကစားကြသေးသည်။

တစ်နေ့သောနံနက်ခင်းတွင် ...

အဆိုပါ ခြေတံရှည်အိမ်ကြီးဆီသို့ ဦးတည်လျက် စွပ်ကျယ်ချိုင်းပြတ် ခပ်နွမ်းနွမ်းဝတ်ဆင်ထားသည့် အသက်ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးသည် ခပ်သွက်သွက် လှမ်းလာလျက်ရှိလေ၏။

ထိုအချိန်တွင် ရွာနှင့်ခပ်လှမ်းလှမ်းရှိ ထန်းတောဘက်မှ ပုဆိုးမနိုင် ဖဝါမနိုင်ဖြင့် ယိုင်ထိုး ယိုင်ထိုး လျှောက်လှမ်းလာနေသော အမူးသမားတစ်ယောက်နှင့် ကလေးငယ်မှာ မြံဝင်းကြီးအနီး မရောက်မီ လမ်းခုလတ် မြေလမ်းဖြူဖြူပေါ်တွင် ပက်ပင်းဆုံကြတော့၏။

အမူးသမားသည် ကလေးငယ်ကိုတွေ့သည့်တွင် လှမ်းလက်စခြေလှမ်းကိုရပ်ကာ ခြေကိုကားကားထားလျက် မျက်မှောင်ကြီးကြုတ်ပြီးကြည့်လေ၏။





"ဟေ့ကောင်လေး ...မင်း ဖိုးတေမဟုတ်လားကွ၊ မြနုရဲ့သား ဖိုးတေ မဟုတ်လား ...အေ့"

"ဟုတ်တယ်ဗျာ"

ကောင်လေးက ခပ်ဆတ်ဆတ်ပြန်ဖြေလိုက်ရာ အမူးသမားက တဟားဟားရယ်လိုက်ပြီး ...

"ဟား ဟား ဟား ...ဩော် ...မြနုရဲ့သား၊ ငါ့သားဖိုးတေပါလား ...ဟား ဟား ဟား"

ဟုရယ်ရင်း ရှေ့သို့ ယိုင်ထိုး ယိုင်ထိုးဖြင့်လှမ်းလာပြီး ဖိုးတေ၏ ခေါင်းစုတ်ဖွား ဆံပင်နီကြောင်ကြောင်ကို လက်ဝါးကြမ်းကြီးတစ်ဖက်ဖြင့် ပွတ်လိုက်တော့၏။

ဖိုးတေက ထိုလက်ကို လက်ဖျံဖြင့်ရိုက်ကာ ပုတ်ထုတ်လိုက်ပြီး ...

"ကျုပ် ခင်ဗျားရဲ့သား မဟုတ်ဘူး၊ အဲဒီလိုမပြောနဲ့"

ဟု ဒေါသတကြီး အော်လိုက်တော့သည်။

ကောင်လေး ရှူးရှူးရှဲရှဲဖြင့် ဒေါသဖြစ်လေ အမူးသမားကြီးမှာ သဘောကျလေဖြစ်ကာ တဟားဟားအော်ရယ်တော့သည်။

"ဟား ဟား ဟား ...မင်းက ငါ့သားမဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့သား ဖြစ်ရမှာလဲကွ၊ ဟဲ ဟဲ . . . မင်းရဲ့အဖေ မင်းတို့သားအမိကို ပစ်သွားကတည်းက မြနုကို ငါ လက်ထပ်ယူမယ်လို့ ပြောထားတာ . . . အေ့ . . . ဟဲ ဟဲ . . . နှစ်နှစ်ရှိပြီ . . . ၊

ဒီကြားထဲ ကြက်ပွဲမှာ မနိုင်လို့ကွ၊ ထိန်ရွာကကောင်တွေနဲ့တိုက်တဲ့ ချိန်းပွဲကြီးမှာသာ နိုင်လိုက်ရင် လောင်းကြေးထောင်ချီရပြီး မြနုလေးကို လက်ထပ်ယူနိုင်မှာကွ၊ အဲဒါဆို မင်းက ငါ့ရဲ့သားဖြစ်ပြီ၊ ဟုတ်တယ်မဟုတ်လား ဖေ့သားကြီးရဲ့ . . . ဟဲ ဟဲ ဟဲ''

ကောင်လေးမှာ ဒေါသတကြီးဖြင့် တောက်ခတ်လိုက်ပြီး နောက်သို့ ခြေလေးငါးလှမ်းခန့် ဆုတ်လိုက်လေသည်။

ပြီးမှ အားယူကာ ရှေ့သို့ တစ်ဟုန်ထိုးပြေးလာပြီး အမူးသမားကြီး၏ ဆီးခုံနေရာကို ဦးခေါင်းဖြင့် ပစ်တိုက်ထည့်လိုက်တော့၏။

'ဒုတ်'

''အောင်မယ်လေးဗျ . . . အား အီး ဟီး ဟီး''

အမူးသမားကြီးမှာ သူ့ဆီးခုံကို သူ့လက်နှစ်ဖက်ဖြင့် အုပ်ရင်း တအားအား တအီးအီး အော်ညည်းကာ မြေလမ်းဖြူဖြူ





ပေါ် ခွေခနဲ လဲကျသွားတော့သည်။

''အား အီး ဟီး ဟီး''

ထိုအမူးသမားကြီး ဝက်တစ်ကောင်နှယ် အော်ညည်းကာ မြေလမ်းဖွေးဖွေးပေါ် လူးလှိမ့်နေစဉ် ဖိုးတေသည် အိမ်အိုကြီးဘက်သို့ ထွက်ပြေးသွားတော့၏။

အိမ်အိုကြီး၏နံဘေးရှိ မန်ကျည်းပင်အရိပ်အောက်တွင်မှုကလေးတစ်စုမှာ ပျော်ရွှင်စွာ ဆူညံဆော့ကစားလျက်ရှိလေ၏။

''ငါလည်း ပါမယ်ဟေ့''

ဖိုးတေက အော်ဟစ်ပြီး ပြေးဝင်သွားရာ ဖိုးတေထက်အလုံးအရပ် များစွာသာသည့် အသက်ဆယ့်နှစ်နှစ်ခန့်ရှိ လူငယ်တစ်ဦးက ဖိုးတေ၏ရင်ဘတ်ကို လက်ဖြင့် ဆီးတွန်းကာ . . .

''ဟေ့ကောင် . . . ငါတို့အမေက မင်းနဲ့မကစားရဘူးလို့ မှာထားတယ်၊ မင်း မပါနဲ့''

ဟု ဟောက်လိုက်ရာ ဖိုးတေမှာ ရုတ်တရက်မို့ အံ့အားသင့်သွားသလို ဒေါသလည်းဖြစ်သွားရလေသည်။

''ဟေ့ကောင် ချစ်ဆန်း . . . မင်းအမေက ငါနဲ့မကစားရဘူးလို့ ဘာဖြစ်လို့ ပြောရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတေက ဒေါသတကြီးမေးလိုက်သည်တွင် ကစားနေသောကလေးများမှာ ကစားပွဲကိုရပ်လိုက်ကြပြီး သူတို့နှစ်ယောက်အချင်းများနေကြသည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်နေကြတော့၏။

"မင်းအဖေက သူများမယားကို ခိုးပြေးသွားတယ်တဲ့ကွ၊ ဒါကြောင့် အကျင့်မကောင်းတဲ့ မင်းအဖေလိုပဲ မင်းလည်း အကျင့်ကောင်းမှာ မဟုတ်ဘူးတဲ့၊ ဒါကြောင့် မင်းနဲ့ မကစားရဘူးလို့ ပြောတာ"

"တောက် ...ငါ့အဖေ အကျင့်မကောင်းတာနဲ့ ငါပါ အကျင့်မကောင်းဘူးတဲ့လား၊ မဆိုင်ဘူးကွ"

ဤတွင် ဆံတောက်ဖားဖားနှင့် ခပ်ပိန်ပိန်ကောင်မလေးတစ်ယောက်ကလည်း ခပ်စွာစွာ ဝင်ပြောသည်။

"ဆိုင်တယ်ဟဲ့ ဖိုးတေ၊ ကြက်မှာအရိုး လူမှာအမျိုးတဲ့၊ ငါတို့အမေရော အဘွားကပါ နင်နဲ့အတူ မကစားရဘူးလို့ ပြောထားတယ်၊ နင် ငါတို့နဲ့ လာမကစားပါနဲ့ဟာ"

ထိုကောင်မလေး၏စကားကြောင့် ဖိုးတေမှာ ပိုလို့ဒေါသထွက်ကာ ဝမ်းလည်းနည်းသွားရတော့၏။





"ဟေ့ကောင် ...ပြောနေတာ မကြားဘူးလား၊ သွားလေကွာ"

စောစောက ချစ်ဆန်းဟူသည့်လူငယ်က ရှေ့သို့တိုးလာပြီး ဖိုးတေ၏ရင်ဘတ်ကို ဆောင့်တွန်းလိုက်လေသည်။

"ဟေ့ကောင် ...သွားလို့ပြောနေတယ်လေ"

"မသွားဘူးကွာ ...မင်း ဘာလုပ်ချင်သလဲ"

"အာ ...ဒီကောင်တော့ နားချင်ပြီ၊ သွားကွာ ...သွားသွား"

ချစ်ဆန်းမှာ စိတ်မရှည်တော့ဘဲ နှစ်ချက်ခန့်ဆင့်ပြီး ဆောင့်တွန်းလိုက်ရာ ဖိုးတေမှာ နောက်သို့ယိုင်ဆင်းသွားတော့၏။

"တောက် ...လူပါးဝလို့၊ ကဲကွာ"

'ခွပ်'

"ဟာ ...ချဟေ့ ဝိုင်းချကြ"

ချစ်ဆန်းနှင့် အခြားလူငယ်လေးနှစ်ယောက်က ဖိုးတေကို ချုပ်သည့်သူကချုပ်၊ ထိုးသည့်သူကထိုးဖြင့် ဝိုင်းချကြတော့ရာ ဖိုးတေလည်း အနိုင်မခံ အရှုံးမပေးဘဲ ဖွဲနပဲကြီးစွာ အတင်းရုန်းကန်ပြီး ပြန်ထိုးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ခွပ်'

'ခွပ် ခွပ်'

သုံးယောက်နှင့်တစ်ယောက် ဖြစ်သဖြင့်လည်းကောင်း၊ ဖိုးတေမှာ အရွယ်ရောအသက်ပါ ပိုငယ်သဖြင့်လည်းကောင်း သူချည်းခံရသော်လည်း ဖွဲမလျှော့ဘဲ ဖိုးတေက အတင်းပြန်ထိုးသည်။

"ချ ချ ... အဲဒီကောင် နောက်မလာရဲအောင် သေအောင်ချ"

"ဟုတ်ပြီ ... ဆော်ပေးကွ"

"ဟဲ့ ချစ်ဆန်း ... ခြေထောက်နဲ့ကန် ခြေထောက်နဲ့ကန်"

"မျိုးမကောင်းလေးကို သွားချေးယိုးဒယားကသွားအောင် ဆော်ပစ်"

"ဟုတ်ပြီ"

'ဖြောင်း ဖြောင်း ဖြောင်း'

မိန်းကလေးအချို့နှင့် ကျန်ကလေးတို့က လက်ခုပ်လက်ဝါးတီးကာ ဝိုင်းမြှောက်ပေးကြ၏။





တဖုံးဖုံး တခွပ်ခွပ်ထိုးကြရင်း ဖိုးတေမှာ ကြာလေ အထိနာလေဖြစ်လာသော်လည်း မလျှော့ဘဲ အတင်းခံထိုးနေသည်။

ထိုစဉ် ...

"ဟေ့ ကလေးတွေ ... ရပ်စမ်း ရပ်စမ်း"

မိုးခြိမ်းသံနှယ် ကျယ်လောင်လှသောအသံကြီးဖြင့် လူကြီးတစ်ယောက်၏ အော်ဟစ်တားမြစ်သံကြောင့် ရန်ဖြစ်နေသူတို့မှာ လန့်သွားကြပြီး ရန်ပွဲက ရုတ်တရက် အရှိန်တန့်သွားတော့၏။

"ဘာဖြစ်လို့ တစ်ယောက်နဲ့အများ ဝိုင်းထိုးနေကြတာလဲ၊ ငါ ထမ်းပိုးနဲ့ရိုက်လိုက်ရ"

ကလေးများ အသံရှင်ကိုလှည့်ကြည့်လိုက်ကြရာ ဝါးဗျပ်နှစ်ခုကို ကြိုးဖြင့်ဆိုင်းထားသည့် ဝါးထမ်းပိုးအား ထမ်းထားသော ဖြူဖြူဝဝ ဖိုးသူတော်ကြီးတစ်ဦးကို တွေ့ရသဖြင့် လန့်ပြီး နောက်ဆုတ်သွားကြရာမှ ဖိုးတေကလွဲ၍ ကလေးအားလုံးမှာ ရွာဘက်သို့ ထွက်ပြေးသွားကြတော့၏။

"ဖိုးသူတော်ကြီးဟ၊ တကယ်ရိုက်လိမ့်မယ် ... ပြေး ပြေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ နီတွတ် . . . လာလေ၊ နင် ထမ်းပိုးစာမိချင်လို့လား"

"ပြေးဟေ့ ပြေး"

ဖိုးသူတော်ကြီးက ဆိုင်းထမ်းကို မြေပေါ်ချလိုက်ပြီးနောက် ဖိုးတေအား စူးစူးစိုက်စိုက် ကြည့်လိုက်လေသည်။

"ဟကောင်လေး . . . မင်း အတော်ခံလိုက်ရတာပါလားကွ၊ မျက်နှာတစ်ခုလုံး ဖူးရောင်လို့ပါလား"

ဖိုးသူတော်ကြီးက ခပ်ပေပေပုံစံဖြင့် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် ရပ်နေသော ဖိုးတေ၏မျက်နှာကို သေချာငုံ့ကြည့်လိုက်ပြီး အံ့ဩသလိုဖြစ်သွားရတော့သည်။

မျက်နှာတစ်ခုလုံး ဒဏ်ရာဒဏ်ချက်တို့ဖြင့် ပြည့်နှက်နေကာ နှာခေါင်းမှ သွေးတို့စီးကျနေသည့်တိုင် မျက်ရည်တစ်စက်မကျဘဲ အံကိုတင်းတင်းကြိတ်ထားသည့် ဖိုးတေကို အံ့အားတသင့် ကြည့်မိခြင်းဖြစ်၏။

သို့သော် ကောင်လေးသည် မျက်ရည်တစ်စက်မကျသော်လည်း မျက်ဝန်းတို့ထဲမှာမူ မျက်ရည်တို့ဝဲနေကာ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းပါးပါးတို့က တဆတ်ဆတ်တုန်လျက်





ရှိလေ၏။

အရွယ်နှင့်မလိုက်အောင် ခံစားချက်ပြင်းထန်နေပုံရသည့် ကောင်လေး၏ခေါင်းကို ဖိုးသူတော်ကြီးက ဖွဖွပွတ်လိုက်ပြီး . . .

"ကလေး . . . မင်းနာမည် ဘယ်သူလဲကွ"

ဟု မေးလိုက်လေသည်။

ဖိုးတေက မျက်မှောင်ကြုတ်ထားလျက်မှ ဖိုးသူတော်ကြီးကို မျက်လုံးလှန်ကြည့်ပြီး ဖြေသည်။

"ဖိုးတေပါ"

"ဩော် . . . ဖိုးတေတဲ့လား၊ အေး အေး . . . အတော့်ကို ဖြူပွတ်မှန်တဲ့ နာမည်ပါလားကွ . . . ဟေ၊ လူကလည်း ခပ်တေတေပုံ၊ နာမည်ကလည်း ဖိုးတေတဲ့ . . . ဟား ဟား ဟား . . . ကျလည်းကျပါရဲ့ကွာ၊ အေး . . . ဒါထက် စောစောက ဘာဖြစ်လို့ရန်ဖြစ်ရတာတုံး"

"ကျုပ်ရဲ့အဖေကို ဒီကောင်တွေက စော်ကားတယ်၊ အဖေ့ကို စော်ကားတာက အရေးမကြီးဘူး၊ ကျုပ်ရဲ့အဖေ အကျင့်မကောင်းတာကို ကျုပ်သိတယ်၊ ဒါပေသိ ကျုပ်အဖေ အကျင့်မကောင်းတာနဲ့ ကျုပ်က မကောင်းရမှာလား၊ ကျုပ်ကို ဖြီး



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးဆိုပြီး ဒီကောင်တွေက အတူမကစားရဘူးတဲ့"

ခံစားချက်ပြင်းနေသဖြင့်လည်းကောင်း၊ ငယ်သေးသဖြင့် လည်းကောင်း စကားကို အစီအစဉ်တကျ မပြောတတ်ဘဲ သူ ပြောတတ်သလို ဘောက်ဆတ်ဆတ်ပြောလိုက်သည့် ဖိုးတေကို ကြည့်ကာ ဖိုးသူတော်ကြီး သဘောပေါက်သွားသည်။

"ဩော် ... မင်းရဲ့အဖေက အကျင့်မကောင်းဘူးတဲ့ လား။ ဘယ်လိုအကျင့်မကောင်းတာလဲ၊ သူက ခါးပြလား"

"မဟုတ်ဘူး၊ သူခိုး"

"ဘာ ... သူခိုး ဟုတ်လား"

"ဟုတ်တယ် ... အမေ့ကိုသစ္စာဖောက်ပြီး သူတစ်ပါး မယားကို ခိုးသွားတဲ့မယားခိုး"

"ဩော်"

နာကျင်မှုအပေါ် နာကြည်းရိပ်သမ်းနေသည့် ဖိုးတေကို ကြည့်ရင်း ဖိုးသူတော်ကြီး အတော်သဘောပေါက်သွားတော့၏။

ထိုစဉ် မိန်းမတစ်ယောက် တဘက်တစ်ထည်ကို လည် မှာပတ်လျက် အူယားဖားယားဖြင့် ရွာဘက်မှ ပြေးလာနေသည်။

"ဟဲ့ သား ... ဖိုးတေ ဖိုးတေ"





အရိုးပေါ်အရေတင်မျှ ပိန်လှီလှသည့် ထိုမိန်းမသည် မန်ကျည်းပင်ရိပ်အောက်ရောက်သည်တွင် အတော်ကြီး မောဟိုက် လို့နေရှာသည်။

"သား ... မင်း မင်း ရန်ဖြစ်လို့ဆို၊ အို ... ကြည့်ပါဦး၊ မျက်နှာတစ်ခုလုံး ရစရာမရှိပါလား၊ ဖြစ်မှဖြစ်ရလေ သားရယ်၊ ဖြစ်မှဖြစ်ရလေ"

အမျိုးသမီးက မြေပေါ် ဒူးထောက်လိုက်ကာ သားဖြစ်သူ ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လျက် မေးရင်း မျက်ဝန်းများထဲမှ မျက်ရည်ပေါက်ကြီးများ စီးကျလာရှာ၏။

"သား သားလေး ... အတော်နာနေသလား ... ဟင်၊ ချစ်ဆန်းတို့နဲ့ ရန်ဖြစ်လို့ဆို"

"ဟုတ်တယ် အမေ ... သူတို့က မင်းအဖေ အကျင့် မကောင်းသလို မင်းလည်း အကျင့်ကောင်းမှာမဟုတ်ဘူးတဲ့၊ သူတို့ရဲ့မိဘတွေက သားနဲ့အတူတူ မကစားရဘူးလို့ပြောထား တယ်ဆိုပြီး သားကို ဝိုင်းမောင်းထုတ်ကြတယ်၊ အဲဒါကြောင့် ရန်ဖြစ်တာ၊ သား ဒီရွာမှာမနေချင်တော့ဘူး၊ အမေ"

သားဖြစ်သူ၏စကားအဆုံးတွင် မိခင်မှာ သက်ပြင်းချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပြီးမှ ဖိုးသူတော်ကြီးကို မော့ကြည့်လိုက်၏။ သို့သော် သူမက ဘာမျှမပြော၊ သားဖြစ်သူ၏ပခုံးကို ဖက်ကာ ထရပ်လိုက်လျက် ...

"ကဲ ... လာ သား၊ ပြန်ကြရအောင်"

ဟုဆိုကာ ရွာဘက်သို့ ခေါ်သွားတော့၏။

ဖိုးသူတော်ကြီးမှာ အိမ်ထောင်ဦးစီး၏ သစ္စာမဲ့မှု၊ ယုတ်မာမှုကြောင့် ဒုက္ခပင်လယ်ဝေနေရရှာသည့် သားအမိကို စိတ်မချမ်းသာစွာ ငေးကြည့်ကျန်ရစ်ခဲ့လေတော့သတည်း။

✷

အထက်ဖော်ပြပါ အဖြစ်အပျက်တို့ ဖြစ်ပျက်ပြီး ဆယ့်ငါးရက်ခန့်အကြာတွင် ဖိုးသူတော်ကြီးမှာ ထိုရွာဘက်သို့ တစ်ခေါက်ပြန်ရောက်လာရာ ရွာလယ်လမ်းအတိုင်း လူလေးယောက်က ခေါင်းတစ်လုံးကိုထမ်းလျက် မိန်းမယောကျ်ား လေးငါးဦးက နောက်မှတန်းစီလိုက်ကာ တိတ်ဆိတ်ခြောက်ကပ်စွာ အသုဘချ





လာသည်ကို တွေ့ရသဖြင့် ဆိုင်းထမ်းကိုထမ်းလျက် လမ်းဘေးကပ်ပြီး ရပ်ကြည့်နေမိလိုက်လေ၏။

အသုဘအတန်း၏ရှေ့ဆုံးမှ လူရွယ်နှစ်ဦး ဝါးလုံးလျှိုထမ်းထားသည့် ကြေးစည်ကိုထုလာပြီး လူလေးဦးက သူတို့နောက်မှ ခေါင်းတလားကိုထမ်းလျက် လိုက်ပါလာ၏။

ထိုအခေါင်းထမ်းလူစု၏နောက်တွင်မူ တဘက်တစ်ထည်ဖြင့် မျက်ရည်ကိုသုတ်ကာ တရှုပ်ရှုပ်ငိုရင်း လိုက်ပါလာသည့် မိန်းမကြီးတစ်ယောက်မှာ ပါးစပ်မှတတွတ်တွတ်ပြောလိုက် ငိုရှိုက်လိုက်ဖြင့် ဖြစ်နေရှာ၏။

"ကံဆိုးလှတဲ့ မြနုရယ် ... ညည်း ဝဋ်ကျွတ်ပြီပေါ့၊ ညည်းရဲ့သားလေး ဖိုးတေအတွက်တော့ မပူပါနဲ့ဟယ်၊ ငါတို့ဆင်းရဲပေမယ့် ညည်းရဲ့သားလေးကိုတော့ ကျွေးထားနိုင်ပါတယ်အေ။ မပူပါနဲ့ ကံဆိုးမကြီးရဲ့ ... ဟီး အီး"

ထိုမိန်းမမှာ လက်ယာဘက်လက်က တဘက်ကိုမကာ မျက်ရည်သုတ်လျက် လက်ဝဲဘက်လက်က ဖိုးတေ၏ပခုံးကိုဖက်ရင်း အခေါင်းနောက်မှ လိုက်ပါလာနေပြီး ဖိုးတေမှာမူ အံတင်းတင်းကြိတ်လျက် မျက်မှောင်ကြုတ်ရင်းက တိတ်ဆိတ်စွာ လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါလာလျက် ရှိလေသည်။

"ဩော် … ဖိုးတေရဲ့အမေတောင် သေရှာပြီကိုး၊ အင်း … သင်္ခါရတရားများ တယ်ကြောက်စရာကောင်းလှပါလား၊ ပြီးခဲ့တဲ့ နှစ်ပတ်လောက်ကမှ တွေ့ခဲ့ရတဲ့မိန်းမဟာ ခုတော့ အသုဘ အလောင်းကောင်ဘဝ ရောက်ရှာပြီပဲ …၊

သူ့သားလေးဖိုးတေဟာ မအေရှိတုန်းကတောင် အများရဲ့အနှိမ်ခံရပြီး မျက်နှာငယ်ရရှာတာ၊ ခု မအေသေသွားပြီ ဆိုတော့ သောင်ပြင်မှာလွှတ်တဲ့ခွေး ဖြစ်ရပြီပေါ့"

ဖိုးသူတော်ကြီးမှာ စိတ်ထဲမှ သံဝေဂစကားကို ရေရွတ်ရင်း စိတ်မကောင်းသည့်မျက်နှာဖြင့် အသုဘအတန်းကို ငေးကြည့်ကျန်ရစ်ခဲ့လေ၏။

✵

မမြနုအတွက် ရည်လည်ဆွမ်းကျွေးပြီးသည့် ရက်လည်နေ့ညတွင် ရွာမြောက်ပိုင်းရှိ မမြနုတို့၏ တစ်ဖက်ရပ်တဲလေးရှေ့မှ





ကနားဖျင်းအောက်တွင် ရွာလူကြီးအချို့ စုဝေးကာ ဖိုးတေ၏ဘဝရှေ့ရေးအတွက် တိုင်ပင်ဆွေးနွေးလျက်ရှိကြလေ၏။

ထိုလူကြီးတစ်စုမှာ ရက်လည်ည သန်းခေါင်တိုင်သည်အထိ အသုဘအိမ်၌ အိမ်စောင့်အဖြစ်နေပေးရန် ရောက်ရှိနေကြရင်း ရေနွေးကြမ်းဝိုင်းဖွဲ့လျက် ဆွေးနွေးပြောဆိုနေကြခြင်း ဖြစ်လေသည်။

ဖိုးတေမှာမူ ညဦးပိုင်းကပင် အိပ်ပျော်သွားပြီဖြစ်သဖြင့် သူကလေး၏ရှေ့ရေးအတွက် လူကြီးများမှာ ပွင့်လင်းစွာ ပြောဆိုနိုင်ကြလေသည်။

"ဘယ့်နှယ်လုပ်မလဲဗျ … ဖိုးတေက တစ်ရွာလုံးရဲ့ အော့ကြောလန်၊ ရွယ်တူချင်း ဘယ်ကလေးနဲ့မှ မတည့်ဘူး၊ ကျုပ်အိမ်မှာလည်း သားတွေနဲ့၊ သူ့ကိုခေါ်ထားလို့ မဖြစ်ဘူး"

"ဟုတ်ပါတယ် ကိုဋ္ဌေးအောင်ရယ် … ခင်ဗျားရဲ့သားမျောက်လောင်းတွေက ဖိုးတေနဲ့ မကြာခဏ နောင်ဂျိန်ချနေတာ မဖြစ်ပါဘူး၊ ဟဲ့ မယ်ခွေ … အစကတော့ ဆင်းရဲပေမယ့် ဖိုးတေတစ်ယောက်ကိုတော့ ကျွေးနိုင်ပါတယ်၊ မပူပါနဲ့ မြနုရယ် ဆိုပြီး နင် ရေစင်ကျူးခဲ့တယ် မဟုတ်လား၊ ခုတော့ ဖိုးတေကို



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မယူနိုင်တော့ဘူးလား''

''အာ . . . ဦးလေးဇော်မိုးကလည်း အသုဘမှာ လူကြားကောင်းအောင်၊ ပြီးတော့ သွားလေသူမြနုကို နှစ်သိမ့်နိုင်အောင် အဲဒီလိုပြောပြီး ငိုမိတာပါတော်၊ ဘယ့်နှယ် . . . ဆွေမရှိ မျိုးမရှိလို့ မြနုရဲ့အသုဘမှာ ငိုမယ့်သူတောင်မရှိ ဖြစ်နေတာနဲ့ ကျုပ်က ကွက်ဖြည့်ငိုပေးခဲ့ရတာကို စကားအတည်မှတ်ပြီး မချုပ်ပါနဲ့တော်၊ ကျုပ်မှာ ရွာတကာလှည့်ပြီး ဖွဲ့ပြာရောင်းစားရတာ၊ လင့်အရက်ဖိုးတောင် အနိုင်နိုင်ရယ်၊ ပါးစပ်တစ်ပေါက် အတိုးမခံပါရစေနဲ့ သူကြီးရယ်''

''ကောင်းကွာ . . . ခုတော့ အားလုံးခေါင်းရှောင်ကြပြီပေါ့''

''သူကြီးက ရွာလူကြီးပဲ၊ ရွာလူကြီးဆိုတာ ရွာရဲ့အမိအဖပဲ၊ ဒီတော့ ဖိုးတေကို သူကြီးပဲတာဝန်ယူလိုက်ပါလားတော်''

''ဟဲ့ မယ်ခွေ . . . ငါက ရွာကိုပဲနိုင်တာဟ၊ ငါ့မိန်းမမိတလယ်မယ်ဒေါ်ကို နိုင်တာမဟုတ်ဘူး၊ နဂိုကမှ ငါ့မိန်းမကရွာက တစ်ခုလပ်မတွေ့ မုဆိုးမတွေနဲ့ သမုတ်နေတာ၊ တော်ကြာတစ်ခုလပ်မမြနုနဲ့ မစွန်းရင်းကလည်းရှိ ကစွန်းခင်းကလည်း





ငြိထားဖူးလို့ မယားငယ်ကပါလာတဲ့သားကို အိမ်ခေါ်လာရပါ့မလားဆိုပြီး ငါ့ကို ကျောက်ပျဉ်နဲ့ထုနေပါဦးမယ်ဟယ်''

''ဟွန်း . . . သူကြီးတောင် ခေါင်းရှောင်မှတော့ တစ်ရွာလုံးက ခေါင်းရှောင်တော့မပေါ့''

''ခက်တယ် မယ်ခွေ၊ လူတစ်ယောက်ရဲ့တာဝန်ဆိုတာ နည်းတာမဟုတ်ဘူးဟ၊ တစ်ရက် တစ်လကိစ္စ မဟုတ်ဘူး၊ ငါတို့ရွာကလည်း အများစုက စီးပွားရေးကောင်းလှတာ မဟုတ်ဘူး၊ ပြီးတော့ ဖိုးတေဟာ ခုငယ်ငယ်ကတည်းက ဒီလောက်ဆိုးပြီး ရိုင်းနေတာ၊ ကိုယ့်လက်ထဲမှာ မွေးရင်းကြီးလာမှ ကိုယ့်ပြန်ကိုက်မှာကို ထည့်တွက်ရတယ်ဟ၊ ကျားဆိုးထက် သားဆိုးက ပိုဆိုးတယ်နော်၊ ဒူးမနာသားဆို ပိုကြောက်ရသေး''

အမိမဲ့သား ရေနည်းငါးဘဝ ရောက်ရရှာသည့် ဖိုးတေအား မည်သူကမျှ တာဝန်ယူလိုခြင်းမရှိရကား သူကြီးဦးဇော်မိုးနှင့် ဆယ်အိမ်ခေါင်း ဦးဌေးအောင်တို့မှာ ဖိုးတေမြဟ္မာဦးခေါင်းကို နောက်ဆုံးတွင် ရွာဦးကျောင်းဆရာတော် ဦးနန္ဒောထံ အပ်နှံရန်သာ ဆုံးဖြတ်ရတော့၏။

သို့ဖြင့် မြနုရက်လည်ပြီးနောက်နေ့တွင် သူကြီးဦးဇော်မိုး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆယ်အိမ်ခေါင်း ဦးဌေးအောင်တို့သည် ဖိုးတေ၏လက်ကိုဆွဲကာ ရွာဦးကျောင်းဆရာတော်ထံ ခေါ်သွားကြတော့သည်။

ရွာဦးကျောင်းဆရာတော် ဦးနန္ဒောလည်း ဖိုးတေကိုမြင်သည်နှင့် မျက်လုံးပြူးလေ၏။

"ဟ သူကြီးရဲ့ . . . မကောင်းကျောင်းပို့ဆိုသလိုတော့ မလုပ်နဲ့နော်၊ ဒီကောင်လေးက ကျုပ်ရဲ့ကျောင်းက ကျောင်းသားသိန်းအောင်တို့ ဝင်းဖေတို့နဲ့ တည့်တာမဟုတ်ဘူး၊ တစ်ခါ ဝင်းဖေတို့နဲ့ ထွေခင်းရင်း ရန်ဖြစ်တုန်းက ငါ့ကျောင်းကို မီးရှို့မယ်လို့ ကြိမ်းတာ ဒီကောင်မဟုတ်လား၊ မဖြစ်ပါဘူး . . . တော်ကြာ ငါ့ကျောင်း မီးလောင်နေပါဦးမယ်"

ဆရာတော်ကပါ လက်မခံတော့ သူကြီး ခေါင်းကုတ်ရချေပြီ။

ထိုစဉ် ဆရာတော်၏နံဘေးတွင် ကြေးကွမ်းအစ်ကြီးရှေ့ချလျက် ကွမ်းသီးကို ကြေးကွမ်းညှပ်ကြီးဖြင့် တဒေါက်ဒေါက်ညှပ်နေသော ဖိုးသူတော်ဝဝကြီးက မျက်နှာသုန်သုန်မှုန်မှုန်လေးဖြင့် ခပ်ငူငူထိုင်နေသည့် ဖိုးတေအား ပြုံးကြည့်လိုက်ရင်း ဆရာတော်ကို မေးလိုက်လေသည်။





"ဆရာတော် . . . ဒီကလေး တပည့်တော်ကို ပေးမလား"

ဆရာတော်ဦးနန္ဒောက ဖိုးသူတော်ကြီးကို မျက်ခုံးပင့်ရင်း ခေါင်းငုံ့ကြည့်သည်။

"ဟ ဦးသူတော် . . . ခင်ဗျားတောင် ရွာတကာလှည့်ပြီး ဆန်ခံစားနေရတာ သူ့ရဲ့ဝန်တာကို ထမ်းရွက်နိုင်ပါ့မလား၊ ပြီးတော့ ဒီကလေးက ဗေွဆိုးနဲ့ မွေးလာတာလို့ ပြောကြတယ်၊ အတော်ဆိုးတာကလား၊ တော်ကြာ မြွေပွေးခါးပိုက်ပိုက် ဖြစ်နေဦးမယ်နော"

"ဒီကလေးကို တပည့်တော်သိတာ ကြာပါပြီဘုရား၊ ကောင်းကင်ဟာ တိမ်နဲ့မကင်းသလို လူဆိုတာကလည်း အပြစ်နဲ့မကင်းတတ်တာမို့ သူလေးမှာလည်း မှားယွင်းမှုတွေ ရှိကောင်းရှိနိုင်မှာပါပဲ ဘုရား၊ ဒါပေမဲ့ သူကလေးရဲ့ မူလစိတ်ဓာတ်ဟာ မဆိုးလှဘူးလို့ တပည့်တော် အကဲခတ်မိပါတယ်ဘုရား . . .၊

သူ့ခမျာ ကံမကောင်းလို့ ဖယောင်းကနေ သစ်စေးဖြစ်နေရရှာတာပါ ဘုရား၊ ဒီကလေးရဲ့ ဖွဲ့သတ္တိကို တပည့်တော် သဘောကျမိလို့ ကျောက်ကောင်းတစ်စေ့ဖြစ်အောင် သွေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုပါတယ်ဘုရား''

''အေးလေ . . . ဦးသူတော်ကြီး ဆင်ခေါင်းဟိုဒင်းမချိုနိုင် ဆိုသလိုမဖြစ်ရင် ပြီးတာပါပဲ၊ ကဲ . . . သူကြီးတို့ရော သဘောတူကြသလား၊ ဒီကဖိုးသူတော်ကြီးဦးတိဿက ဖိုးတေလေးရဲ့ ဘဝရေးရေးကို တာဝန်ယူလိုတယ်တဲ့၊ သဘောတူရင်တော့ ဖိုးတေကို ဒီဖိုးသူတော်ကြီးရဲ့လက်ထဲ ထည့်လိုက်ကြပေတော့''

သူကြီးတို့လူစုလည်း သူတို့ရွာသို့ တစ်ပါတ်ဆယ်ရက် တစ်ခါဆိုသလို ဆန်အလှူခံလာလေ့ရှိသည့် ဖိုးသူတော်ကြီးကို မျက်မှန်းတမ်းမိနေကြရာ ဖိုးတေကို အနီးဖိုးသူတော်ကြီး၏ လက်ထဲ ထည့်လိုက်ရန် သဘောတူမိကြလေသည်။

''တပည့်တော်တို့က သဘောမတူစရာမရှိပါဘူးဘုရား၊ ဖိုးတေလေးကို လူကောင်းသူကောင်း သူတော်စင်ရဲ့လက်ထဲ ထည့်ရတာပဲဟာ၊ သဘောတူပါတယ်၊ အဲ . . . ဖိုးတေလေးဟာ ပင်ကိုဗီဇက ခပ်တေတေ ခပ်ဆိုးဆိုးမို့ သင်းကြောင့် ဖိုးသူတော်ကြီးရဲ့ သူတော်စင်တရားပျက်မှာပဲ စိုးရိမ်မိပါတယ်''

ဤတွင် ငါ့လက်ကလွတ် ဖြွတ်ဆိုသလို ဖြဟ္မာ့ဦးခေါင်းအဖြစ် သဘောထားသည့် ဖိုးတေကို မြန်မြန်လက်လွှဲပေးချင်





သည့်တိုင် စကားလှအောင်ပြောနေသည့် ခေါင်းရှောင်သူကြီး (ခေါင်းဆောင်သူကြီးမဟုတ်) ဦးဇော်မိုးအား ဖိုးသူတော်ကြီးက ပြုံးကြည့်ကာ . . .

''ကျုပ်အတွက်တော့ မပူပါနဲ့သူကြီးရယ်၊ ဆင့်ခေါင်းဟာ ခြင်နားရုံနဲ့ ဦးစိုက်မသွားနိုင်ပါဘူး၊ ဖိုးတေလေးကို နိုင်နင်းအောင် ထိန်းကြောင်းဆုံးမပါ့မယ်''

''ဒါဆိုလည်း ကျေးဇူးပါပဲဗျာ၊ သာဓုလည်း ခေါ်ပါရဲ့''

ရွာ၏တာဝန်ရှိ သူကြီးတို့အဖွဲ့က သဘောတူပြီဆိုတော့ ကာယကံရှင်ဖြစ်သူ ဖိုးတေကို ဆရာတော်က မေးရပြန်သည်။

''ဟဲ့ ဖိုးတေ . . . နင်တော့ကံကောင်းလို့ ငါးဖလောင်းဖားဖြစ်ကိန်းကြုံပြီဟဲ့၊ သူတော်ကောင်းရဲ့လက်ထဲ အခုရောက်ရတော့မယ်၊ နင့်ကို ဘယ်သူကမှ တာဝန်ယူမမွေးစားနိုင်ဘူး၊ မမွေးစားချင်ကြဘူးတဲ့၊ ဒါကြောင့် ခုနေ အရက်သမား, ဖဲသမား, ကြက်သမားက နင့်ကိုမွေးစားဖို့ လာတောင်းလည်း ပေးရမှာပဲ၊ ကဲ . . . အခု ဒီကဖိုးသူတော်ကြီးက နင့်ကို မွေးစားဖို့ ခေါ်သွားမယ်တဲ့၊ နင် သူ့နောက်လိုက်သွားနိုင်မလား''

ဖိုးတေက ဆရာတော်၏မေးခွန်းကို ချက်ချင်းမဖြေသေး



www.burmeseclassic.com

www.burmeseclassic.com



ဘဲ သူ့ရှေ့မျက်စောင်းထိုးမှ ဖိုးသူတော်ကြီးကို မျက်လွှာပင့်ကြည့်၏။

ဖြူဖြူဝဝ၊ မျက်နှာဝိုင်းဝိုင်းနှင့် ဖိုးသူတော်ကြီးက သူ့ကို ပြုံးကြည့်နေရာ သူ့ကို မည်သူကမျှ ယခုလို နူးညံ့ချိုပြုံးစွာ စိုက်မကြည့်ဖူးသဖြင့် အံ့သြခြင်းနှင့်အတူ သဘောကျသွားပြီး ဦးခေါင်းကိုညိတ်ကာ ဆရာတော်ကို ပြန်လျှောက်လိုက်တော့သည်။

"ကျုပ် အဲ တပည့် တပည့်တော်လိုက်ပါ့မယ် ဘုရား"

"ဟူး"

ယင်းမှာ သူကြီးဦးဇော်မိုး၏ သက်ပြင်းမှုတ်ထုတ်သံကြီးပဲ ဖြစ်ပါတော့သတည်း။

✲

"တပည့်တော်က ဒီဒေသတစ်ပိုက်က ရွာတွေမှာ ဆက် လိုက်ခံနေတယ်ဆိုတာက ဒီနားက ရေးရွာဟောင်းတစ်ခုကို





လိုက်ရှာရင်း စုံစမ်းလေ့လာဖို့ ရှာစဉ်တွေ လျှောက်ပတ်နေတာပါ ဘုရား၊ ခုတော့ အဲဒီရွာဟောင်းကိုလည်းတွေ့ပြီဖြစ်သလို အဲဒီ ရွာဟောင်းသချိုင်းက တပည့်တော်လိုချင်တဲ့ ဂမ္ဘီရပစ္စည်းလည်း ရှာဖွေတွေ့ခဲ့ရပြီဘုရား ...၊

ဒါကြောင့် တပည့်တော်ရဲ့ မူရင်းဒေသ မုန်ကင်းတောင် တန်းဆီ ပြန်ပါတော့မယ်ဘုရား၊ တပည့်တော် ဖိုးတေလေးကို ခေါ်ပြီး ပြန်မှာပါဘုရား"

"အိမ်း ... ကောင်းပါလေ့ ဦးသူတော်ကြီးရယ်၊ ဖိုးတေ လေးကိုတော့ ကောင်းကောင်းထိန်းသိမ်းဆုံးမပြီး ပြုစုပျိုးထောင် ပေးလိုက်ပါဗျာ၊ ဒီရွာမှာတော့ သူက အရွယ်နဲ့မလိုက်အောင် ဆိုးသွမ်းသူလေးမို့ တစ်ရွာလုံးရဲ့ ချဉ်ဖတ်ဖြစ်နေတယ် ...၊

ဒါပေမဲ့ ရွှေပင်နားမိတော့လည်း ရွှေကျေးဖြစ်ရဆိုသလို ပညာဉာဏ်ကြီးတဲ့ ဦးသူတော်ကြီးရဲ့ အရိပ်အာဝါသအောက်မှာ ဖိုးတေတစ်ယောက် လူချွန်လူမွန်မဖြစ်လာဘူးလို့ ဘယ်သူပြော နိုင်မလဲ ... ဟုတ်တယ်မဟုတ်လား ဦးသူတော်ကြီး"

"တင်ပါ့ဘုရား၊ ဒါထက် ဖိုးတေလေးရဲ့အဖေဟာ အတော်ဆိုးဆို ဘုရား၊ ဖိုးတေလေးဟာ သူ့အဖေကြောင့် ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ရွယ်ရွယ်နဲ့ လူဆိုးလေးဖြစ်နေရတယ်လို့ ကြားမိတယ်၊ ဟုတ်ပါသလား ဘုရား''

ဖိုးသူတော်ကြီး၏အမေးကို ဆရာတော်ဦးနန္ဒောက ချက်ချင်း မဖြေသေးဘဲ ဝရန်တာမှတစ်ဆင့် ညရှုခင်းကို ခေတ္တငေးကြည့်နေသေးသည်။

တကယ်တော့ နောက်တစ်နေ့နံနက်တွင် ခရီးထွက်တော့မည့် ဖိုးသူတော်ကြီးမှာ ခရီးမထွက်မီ သူသိလိုရာကို ဆရာတော်ဘုရားထံ မေးရန် စကားစလိုက်ခြင်းသာ ဖြစ်၏။

ခြေတံရှည်ဘုန်းတော်ကြီးကျောင်းကြီးပေါ်တွင် ဆရာတော်ဘုရားနှင့် ဖိုးသူတော်ကြီးတို့နှစ်ပါးတည်း ကျက်သရေခန်းရှေ့မှ ဖျာပေါ်၌ ထိုင်ကာ စကားစမြည်ပြောနေကြခြင်းဖြစ်သည်။

ဖိုးတေအပါအဝင် ကျောင်းမှ ကျောင်းအိပ်ကျောင်းစား ဘုန်းတော်ကြီး ကျောင်းသားများရော ကိုရင်ပဉ္စင်းတို့ပါ အိပ်စက်ကုန်ကြပြီဖြစ်သဖြင့် အေးဆေးလွတ်လပ်စွာ စကားစမြည်ပြောနေနိုင်ကြခြင်းဖြစ်၏။

''အဟမ်း အဟမ်း''

ဆရာတော် ဦးနန္ဒောက ချောင်းဟန့်လိုက်ပြီးမှ ခပ်ဖြည်း





ဖြည်းချင်း ရှင်းပြတော်မူလေသည်။

''ဒီလို ဦးသူတော်ကြီးရဲ့ . . . လောကီထုံးတမ်း လူတို့ဓာတ်ရှပ်ကို ကျုပ် ဝေဖန်ဆန်းစစ်လိုခြင်းမရှိပါဘူး ၊ ဒါပေမဲ့ ကျုပ်က ဒီရွာရဲ့ သန္ဓေရွာသားဖြစ်တဲ့အပြင် တစ်ရွာလုံးနဲ့သက်ဆိုင်တဲ့ ရွာဦးဘုန်းတော်ကြီးကျောင်းကို တာဝန်ယူနေရတဲ့ ကျောင်းထိုင်ဆရာတော်လည်း ဖြစ်နေလေတော့ ရွာရဲ့ကိစ္စ, ရွာသူရွာသားတွေရဲ့ကိစ္စဟာ ကျုပ်ရဲ့ကိစ္စဖြစ်နေရတယ်၊ လွှဲရှောင်လို့မရဘူး။

ဖိုးတေလေးကိုတောင် နောက်ဆုံး ဦးသူတော်ကြီး တာဝန်မယူရင် ဘာပဲဖြစ်ဖြစ် ကျုပ်က, တာဝန်ယူရတော့မှာပဲ၊ ဒါကြောင့် ရွာရဲ့ကိစ္စမှန်သမျှ ကျုပ်နဲ့ပတ်သက်နေရတယ်၊ မသိချင်လို့လည်း မရ၊ မကြားချင်လို့လည်း မရ ဆိုပါတော့၊ တောမှီရဟန်းတွေနဲ့တော့ ကွာတာပေါ့လေ''

''ဟုတ်ပါတယ်ဘုရား၊ ဒါကြောင့်လည်း ဖိုးတေရဲ့အဖေအကြောင်း ဒို့ပြင်လူတွေမမေးဘဲ ဆရာတော်ကိုပဲ မေးလျှောက်မိတာပါ''

''အေးဗျာ . . . ဖိုးတေလေးရဲ့အဖေ တင်ဝင်းအောင်ဟာ တကယ့်လူရှုပ်ဗျ၊ သူက ဒီရွာသားလည်းမဟုတ်ဘူး၊ ပဲခူးကလို့



www.burmeseclassic.com

www.burmeseclassic.com



လို့ တောင်ငူကလိုလိုနဲ့ စပါးပွဲစားတွေနဲ့ ဒီရွာပါလာတာ၊ လူက လူပုံချော၊ ရှန်သားအင်္ကျီလက်ရှည်အရောင်ဖျော့ဖျော့လေးတွေကို လက်ဖျံပေါ် ခေါက်ဝတ်ပြီး ဘန်ကောက်လုံချည် တရှမ်းရှမ်းနဲ့ ခါးမှာ လက်ကိုင်ပဝါချိတ်လိုက်သေး၊ ကော်စမစ်တစ်နဲ့ ထောင်ထားလိုက်တဲ့ ဆံပင်အမောက်ကလည်း တာဝတိံသာရောက်မလောက်ပဲဗျို့၊ ကော့ပျံလို့ပေါ့၊ ပုံစံက တကယ့်သူဌေးသားကိုက်ဗျ ...။

အင်း ... ကျောင်းကထိန်ပွဲမှာ သူ့မြင်လိုက်ကတည်းက တယ်အချိုးအချိတ် မကျလှဘူးလို့ထင်သား၊ ဒါပေမဲ့ ရွာသူကာလသမီး အပျိုချောတွေကတော့ သူ့ကို မျက်စိတွေ့ထင်ပါရဲ့၊ ဟိုက ခေါ်ချင် ဒီကခေါ်ချင်နဲ့ သင်းကလည်း အလျှုမှာ မိန်းမတွေဝိုင်းနားကကို မခွာဘူး ...။

မြနုဆိုတာက ရွာရဲ့ကွမ်းတောင်ကိုင်ဗျ၊ ရုပ်ရည်လေးကလည်း ဝဏ္ဏပဘာလောက်ကို လှတယ်လို့ ဆိုရမလားပဲ၊ မိဘကလည်း စပါးကုန်သည်ဆိုတော့ ရွာမှာတော့ အချမ်းသာဆုံးထဲကပေါ့ဗျာ ...။

ဒါနဲ့ပြောရရင် မြနုနဲ့ တင်ဝင်းအောင်နဲ့ ရည်ငံမိရော





ဆိုပါတော့ဗျာ၊ စတိုင်လ်ကျပေမယ့် ဘဝအခြေအမြစ်က ဘာမှန်းမသိတဲ့ တင်ဝင်းအောင်နဲ့ မြနုကို မြနုရဲ့မိဘတွေက သဘောမတူချင်ကြဘူးဗျ၊ ဒါကြောင့် သေချာအောင် တင်ဝင်းအောင်ရဲ့မိဘများကို မြနုရဲ့မိဘက ခေါ်ခိုင်းတယ်၊ မြနုကို မိသားဖသားပီပီ လက်ထပ်ချင်ရင် လူကြီးစုံရာနဲ့ လာတောင်းလို့ ပြောလိုက်တယ်တဲ့ ...။

အဲဒီမှာတင် လူလည်တင်ဝင်းအောင်က ဘာပြောကောင်းမလဲ ... သူ့ရဲ့မိဘဆိုပြီး ရုပ်ရည်ခန့်ခန့် ယောကျ်ားကြီးတစ်ယောက်နဲ့ မိန်းမကြီးတစ်ယောက်တို့ကို ရွာဆီခေါ်ချလာပါရော ...။

ခေါ်ချလာတာမှ မြို့ကြီးပြကြီးတွေမှာသာ တွေ့နိုင်တဲ့ ဆီဒင်ကားနက်ကြီးနဲ့ ခေါ်လာတာဗျ၊ ဘယ့်နှယ်ပြောပါ့မလဲ ... တစ်ရွာလုံးက တင်ဝင်းအောင်ကို အထင်ပိုကြီးသွားကြတာပေါ့။

ဒါပေမဲ့ အဲဒီအဖေအမေဆိုတဲ့လူကြီးနဲ့ မိန်းမကြီးက သူ့မိဘအရင်းတွေ မဟုတ်ဘူး၊ ဆွာဘက်က သူ့အသိတွေကို အဖေအမေဟန်ဆောင်ခိုင်းပြီး ခေါ်လာတာလို့ နောက်မှသိရသဗျ။

ဒါနဲ့ ရွာမှာ မင်္ဂလာပွဲကျင်းပရော ဆိုပါတော့ဗျာ၊ သင်း



www.burmeseclassic.com

www.burmeseclassic.com



က မင်္ဂလာကြေး တစ်ထောင်တော့ပေးသတဲ့၊ ဒီတော့လည်း မြနုတို့ဘက်က အကျေနပ်ကြီး ကျေနပ်ပေါ့ဗျာ၊ မင်္ဂလာပွဲရဲ့စရိတ် လည်း မြနုတို့ဘက်ကပဲ လိုသမျှ ကျခံလိုက်ရတာပေါ့ ...၊

အဲ ... မြနုနဲ့လည်းညားပြီးရော မကြာပါဘူး တင်ဝင်း အောင် ဇာတိပြလာတော့တာပဲ၊ ကာလသားတုန်းကလိုပဲ ဘင်ဂျို လေးတီးပြီး ရွာရိုးလျှောက်လား လျှောက်ရဲ့၊ အပျိုမရှောင် အအို မရှောင် မိန်းမချော မိန်းမလှရှိတဲ့အိမ်ဆို စပါးရော ဖွဲရောနဲ့ ညတိုင်းပင်ပြီး မိန်းမတွေနဲ့ ရောရောနှောနှောနေလာတယ် ...၊

အလုပ်လည်း ဟုတ်တိပတ်တိမလုပ်ဘဲ စပါးပွဲစား ယောင်ယောင်, စတီးဘရားသားကုမ္ပဏီက အဝယ်တော်လိုလိုနဲ့ ယောင်ခြောက်ဆယ်လုပ်နေတယ် ...၊

အိမ်ထောင်ကျပြီး ငါးနှစ်လောက်အကြာ ဖိုးတေလေး မွေးလို့ ဖိုးတေသုံးနှစ်သားလောက်မှာပဲ မြနုရဲ့မိဘနှစ်ပါး ရှေ့ဆင့် နောက်ဆင့် ဆုံးသွားတယ် ...၊

အဲဒီအချိန်ကစပြီး ယောက္ခမတွေရဲ့အမွေတွေကို သူ က လက်ဝါးကြီးအုပ် ခြယ်လှယ်တော့တယ်၊ ရွာက တစ်ခုလပ် မုဆိုးမ သုံးလေးယောက်နဲ့ ရှုပ်တော့တယ်၊ မြနုနဲ့လည်း မကြာ





ခဏ ရန်ဖြစ်တ့ာယ်၊ မြနုကို ရိုက်မောင်း ပုတ်မောင်းလုပ်လာတယ်၊ မြနုခမျာ လင်ဆိုးမယား တဖားဖားဖြစ်လာတယ်ပေါ့ဗျာ ...၊

နောက်တော့ ရွာတောင်ပိုင်းက သူတစ်ပါးရဲ့မယား နှင်း သက်ကို တင်ဝင်းအောင် ခိုးပြေးပါလေရော ဦးသူတော်ကြီးရေ၊

နှင်းသက်ဟာ အပျိုစင်ဘဝတုန်းက ရွာရဲ့ကွမ်းတောင် ကိုင်ဗျ၊ မိဘတွေက လယ်ပိုင်ယာပိုင် ရှိပေမယ့် သိပ်အပြေလည် ကြီးတော့ မဟုတ်ပါဘူး ...၊

ဒီတော့ ငွေရှင်ကြေးရှင်ဖြစ်တဲ့ ကင်ဝင်းအောင်က ငွေ ကြေးဥစ္စာပစ္စည်း တန်စိုးလက်ဆောင်အမျိုးမျိုးနဲ့ နှင်းသက်ကို ဖြားယောင်းတယ်ပေါ့ဗျာ၊

ဒါကြောင့် နှင်းသက်ကလည်း ပါချင်ချင်ဖြစ်လာတယ်၊

အဲဒီအရိပ်အခြည်တွေကို နှင်းသက်ရဲ့မိဘများက ရိပ်မိ တော့ နှင်းသက်ကို သူတို့နဲ့ ဆွေရိပ်မျိုးရိပ်မကင်းတဲ့ ကျောင်း ဆရာလေး ကိုယဉ်မောင်နဲ့ ပေးစားလိုက်သဗျ ...၊

ယဉ်မောင်က လူရိုးလူအေး၊ ရွာကကျောင်းမှာ တစ်ဦး တည်းသော ကျောင်းဆရာလေး၊ တစ်ရွာလုံးကလည်း ယဉ်မောင် ကို ချစ်ခင်ပြီး သူတို့ရဲ့သားသမီးပညာရေးအတွက် အားကိုးထား



www.burmeseclassic.com

www.burmeseclassic.com



ကြတာ၊ နှင်းသက်နဲ့ယဉ်မောင့်ကို သဘောအတူကြီးတူကြသပေါ့ဗျာ ...။

အဲ ... နှင်းသက်နဲ့ယဉ်မောင် လက်ထပ်ပြီးလို့ နှစ်နှစ်အကြာမှာပဲ တင်ဝင်းအောင်က နှင်းသက်ကို ဘယ်သူမှမရိပ်မိအောင် မရအရ စည်းရုံးပြီး ခိုးပြေးပါလေရောဗျို့ ...။

မြနုမိဘ ထားရစ်တဲ့ ငွေတွေရော, စိန်ရွှေရတနာပစ္စည်းတွေရော ယူပြေးတာတဲ့၊ ယဉ်မောင်လည်း အရူးတစ်ပိုင်းဖြစ်ပြီး ရွာကထွက်သွားတာ ပေါ်မလာတော့ဘူး ...။

အဲဒီတုန်းကများ တစ်ရွာလုံးကို ပွက်လောရိုက်နေတော့တာပါပဲ၊ ရွာက ကာလသားတွေဆိုတာ တင်ဝင်းအောင်ကို ဓားကြိမ်းကြိမ်းပြီး ရွာနီးချုပ်စပ်တွေအထိ လိုက်ရှာခဲ့ကြတယ်ဗျ၊ ဒါပေမဲ့ သတင်းအစအနတောင် မရပါဘူး ...။

ဖြစ်ချင်တော့ နောက်တစ်နှစ်ကျော်ကျော်လောက်အကြာမှာ နှင်းသက်ဟာ ကိုယ်လေးလက်ဝန်ကြီးနဲ့ ရွာပြန်ရောက်လာတယ်၊ အဝတ်အစားနွမ်းနွမ်းဖပ်ဖပ် စုတ်စုတ်ပြတ်ပြတ်နဲ့ပဲ၊ သူ့ကို ရှစ်လပဲပေါင်းပြီး ပျဉ်းမနားဘက်က ရွာတစ်ရွာမှာ ပစ်ထားခဲ့သတဲ့၊ သူလည်း စားရမဲ့သောက်ရမဲ့နဲ့ သုံးလလောက် ဒုက္ခခံနေရ





ပြီးမှ ကျုပ်တို့ရွာဆီ မရောက်ရောက်အောင် ပြန်လာရတယ်လို့ နှင်းသက်က ပြန်ပြောပြရှာတယ်ဗျ ...၊

နှင်းသက် ရွာရောက်ပြီး နှစ်လအကြာမှာတော့ မီးမဖွားနိုင်လို့ ကလေးရော လူကြီးပါ သေတာပါပဲဗျာ"

"ဩော် ... ဖြစ်ရလေ"

"အဲဒီကိစ္စကြောင့် ဒကာမလေးနှင်းသက်ရဲ့ မိဘဆွေမျိုးသားချင်းသာမက တစ်ရွာလုံးက တင်ဝင်းအောင်ကို မုန်းတီးနာကြည်းခဲ့ကြတယ်၊ အဲဒီလိုနာကြည်းသူတွေထဲမှာ ဖိုးတေလည်းပါတယ်၊ သူ့အမေအပေါ် ရက်စက်ခဲ့တဲ့ ဖအေဖြစ်သူကို မေ့မရဘူး၊ သူ အရွယ်ရောက်လာရင် ဖခင်ဖြစ်သူကို မတွေ့တွေ့အောင်ရှာပြီး မိခင်အတွက် စာရင်းရှင်းဖို့ ဆုံးဖြတ်ထားတယ်လို့ ရွာထဲက ကလေးတွေကတစ်ဆင့် သဲ့သဲ့ကြားခဲ့ရတယ် ဦးသူတော်ရဲ့"

"တင်ပါ၊ ဖိုးတေရဲ့ဘဝက အတော်ကြမ်းတမ်းတာပဲဘုရား"

"ဟုတ်တယ် ဦးသူတော် ... ဖိုးတေရဲ့ဘဝခရီးလမ်းဟာကြမ်းတမ်းပြီး နာကျင်မှုတွေကို အရွယ်နဲ့မမျှအောင် ခမျာ တွေ့ကြုံခဲ့ရရှာတယ်၊ ဖခင်ရဲ့ ရက်ရက်စက်စက် ပစ်ထားခဲ့တာကို



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကတည်းက ခံခဲ့ရပြီး တစ်ချိန်တည်းမှာပဲ ပတ်ဝန်းကျင်က နှိမ်ချတဲ့ဒဏ်ကိုလည်း ခါးစည်းခံခဲ့ရတယ် ...၊

မွဲပြာကျသွားတဲ့ မအေဖြစ်သူဟာ အကြော်ကြော်ရောင်းပြီး ဆင်းဆင်းရဲရဲနဲ့ ဘဝ ရပ်တည်ခဲ့ရတယ်၊ ဒါကြောင့် ဖိုးတေဟာ လူတွေကိုနာကြည်းပြီး မုန်းလာတယ်၊ အဲဒီလိုနဲ့ ဖိုးတေဟာ လူဆိုးလေးတစ်ဦး ဖြစ်လာရတာပါပဲ ဦးသူတော်ကြီးရယ်''

''တင်ပါ ... ဖိုးတေရဲ့အကြောင်း အခုလို ဂဃနဏသိရတော့ ကောင်းတာပေါ့ဘုရား၊ ဘာပဲဖြစ်ဖြစ် ဖိုးတေလေးကို လူတော်လူကောင်းဖြစ်လာအောင် တပည့်တော် တတ်နိုင်သရွေ့ ကြိုးစားသင်ပြ ပျိုးထောင်ပေးမှာပါ''

''အေးကွယ် ... ဖိုးတေလေးရဲ့ဘဝကို ဦးသူတော်ကြီးပဲ ကူညီကယ်မ ပုံဖော်ပေးလိုက်ပါ၊ ဖိုးတေက ဒီရွာမှာလည်း မနေလိုတော့ဘူး၊ ဦးသူတော်ကြီးက အဝေးကိုခေါ်သွားမယ်ဆိုတော့ ကောင်းပါတယ်''

''တင်ပါ့ဘုရား ... တပည့်တော်က ရောက်ရာအရပ်မှာ သာသနာပြုရင်း ဂမ္ဘီရကိစ္စတွေကိုလည်း အလျဉ်းသင့်သလို ဆောင်ရွက်နေတာပါ ဘုရား၊ တပည့်တော် နှစ်ပေါင်းများစွာ





ဆည်းပူးလေ့လာထားတဲ့ ပညာရပ်တွေထဲက ဖိုးတေလေးအတွက် သင့်တော်ရာပညာရပ်တွေကို သင်ပေးမှာပါဘုရား ...၊

တစ်ခုရှိတာက အခုခေတ်ပေါ်လောကဓာတ်ပညာတော့ တပည့်တော် မတတ်ပါဘူးဘုရား၊ နေရာအတည်တကျနေပြီး စီးပွားဥစ္စာ ရှာဖွေစုဆောင်းသူမဟုတ်တော့လည်း ငွေကုန်ကြေးကျခံပြီး လောကဓာတ်ကျောင်းတွေမှာ ဖိုးတေကို ထားနိုင်မှာ မဟုတ်ပါဘူး ဘုရား''

''ဩော် ... ဘာပဲဖြစ်ဖြစ် ဖိုးတေအတွက်က လောကဓာတ်ပညာတွေတတ်ဖို့၊ အတန်းကျောင်းတွေအောင်ဖို့ထက် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုခုကို ခိုင်ခိုင်မာမာ တတ်မြောက်ဖို့ပဲ လိုပါတယ် ဦးသူတော်ကြီးရယ်''

''ဒါတော့ စိတ်ချပါဘုရား၊ သူနဲ့သင့်လျော်ရာပညာရပ်တွေ သင်ပြပေးမှာပါ ဘုရား''

''အင်း ... ဒါပေမဲ့ တစ်ခုတော့ရှိတယ် ဦးသူတော်ကြီးရေ ... ဖိုးတေဟာ သတ္တိရှိသလို ဇွဲနပဲလည်းကြီးတယ်၊ စိတ်လည်း ကြီးတယ်၊ ပြီးတော့ လောကကြီးအပေါ်၊ လူတွေအပေါ် နာကြည်းစိတ်အခံ ရှိတယ်၊ အဲဒီလိုကလေးမျိုးကို ပညာရပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



သင်ကြားပျိုးထောင်ပေးရာမှာ မြင်းကို ချိုတတ်ပေးသလို, ကျား ကို အတောင်တပ်ပေးမိသလိုတော့ မဖြစ်စေနဲ့နော်''

''တင်ပါ့ဘုရား''

☸

ဖိုးတေလည်း ဖိုးသူတော်ကြီးဦးတိသ၏နောက်သို့ လိုက်ပါသွားရာ အညာဆန်သင်္ဘောကြီးဖြင့် ဦးစွာ မန္တလေးသို့ လိုက်ပါသွားရပြီး မန္တလေးတောင်ခြေမှ အတုမရှိကျောင်းတော်ကြီးတွင် ရက်အတော်ကြာ တည်းခိုရသေးသည်။

ထို့နောက် ကူးတို့သင်္ဘောဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်ခဲ့ပြီး ကသာသို့အရောက်၌ နာမည်ကျော် အင်္ဂရိတ်ဆရာကြီး ဦးလွန်း၏အိမ်၌ တစ်လခန့်နေရလေ၏။

ဦးလွန်း၏ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးသို့ ရောက်ကတည်းက ဖိုးတေကို ဖိုးသူတော်ကြီးတိသက သဒ္ဒါ၊ သဂြိုဟ်စသည့် မြန်မာစာအခြေခံများ စတင်သင်ကြားပေးပြီး ဖိုးသူတော်





ကြီး အခြေချရာ မှန်ကင်းတောင်တန်းကြီးရှိ ကျောက်လိုဏ်ဂူကြီးဆီ ရောက်သည့်အခါမှာမူ အခြေခံဂမ္ဘီရပညာရပ်များနှင့် တိုက်နိုက်သတ်ပုတ်မှုပညာရပ်တို့ကို စနစ်တကျ သင်ကြားပေးလေသည်။

လူသူကင်းဝေးရာ မှန်ကင်းတောင်တန်းကြီးပေါ်တွင် တည်ရှိသည့် ကျောက်လိုဏ်ဂူကြီးထဲ၌ ဖိုးသူတော်ကြီးတိသ အပြင် ကပ္ပိယဦးဝွမ်းပါ ဖိုးတေနှင့်အတူ နေထိုင်လေ၏။

အသက်ငါးဆယ်ကျော်ခန့်ရှိကာ ခါးကုန်းလျက် ထိပ်ပြောင်နေသောဦးဝွမ်းမှာ ဖိုးတေ၏အဖော်မွန် ဖြစ်လာတော့၏။

ဖိုးသူတော်ကြီးတိသမှာ ကျောက်ဂူကြီးတွင် သုံးလေးလလောက်နေလိုက်၊ တစ်လကိုးသီတင်းလောက် ခရီးထွက်သွားလိုက်ဖြင့် သူ၏ ဂမ္ဘီရဆိုင်ရာကိစ္စရပ်များအတွက် ခရီးထွက်လျက်ရှိရာ ဖိုးသူတော်ကြီး ခရီးထွက်သွားလျှင် ဖိုးတေမှာ ဦးဝွမ်းကိုသာ အဖော်ပြုလျက် ကျောက်ဂူကြီးတွင် နေထိုင်ခဲ့ရလေသည်။

ဦးဝွမ်းနှင့်ဖိုးတေမှာ ကြာတော့ ဦးလေးနှင့်တူကဲ့သို့ ရင်းနှီးခင်မင်လာခဲ့ကြလေ၏။

ဖိုးသူတော်ကြီးဦးတိသသည် ကျောက်ဂူကြီး၌နေထိုင်စဉ်



www.burmeseclassic.com

www.burmeseclassic.com



ကာလတို့၌ ဖိုးတေကို ဂမ္ဘီရဆိုင်ရာပညာရပ်များနှင့် တိုက်ခိုက်ရေးပညာရပ်တို့ကို ကြိုးစားသင်ပြခဲ့ရာ ဖိုးတေမှာ အရွယ်ရောက်လာသည့်အခါ ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းလာသလောက် တိုက်ခိုက်ရေးပညာရပ်တို့ကို ထူးထူးကဲကဲ တတ်မြောက်လာခဲ့လေ၏။

အထူးသဖြင့် တိဗက်ဒေသမှ ဆင်းသက်လာသည့် နဂါးမာန်ဓားသိုင်းအတတ်၊ နဂါးမာန်လက်သိုင်းအတတ်တို့တွင် လွန်စွာ ထူးချွန်လေသည်။

သို့ဖြင့် ဖိုးတေ အသက်နှစ်ဆယ်နှစ်ပြည့်သည့်အခါမှာမူ ဖိုးသူတော်ကြီးတိဿသည် ဖိုးတေအား ထူးခြားသောစကား ပြောလာခဲ့တော့၏။

''ကဲ ငါ့တပည့်ဖိုးတေ ... ကျုပ်ဟာ ဒီတော်သလင်းလပြည့်နေ့မတိုင်ခင် အနောက်မဖို့မတိုင်းက ဆရာသခင်တွေကို သွားရောက်ဂါရဝပြုပြီး ဟိမဝန္တာဒေသက ဆရာသခင်များနဲ့အတူ ဂန္ဓာရီကျင့်စဉ်တွေကို သုံးနှစ်သုံးမိုး စတင်ကျင့်ရတော့မယ်ကွဲ့၊

ဒီတော့ ငါ့တပည့်လည်း ပညာစုံပြီမို့ ဒီကျောက်လိုဏ်ဂူကြီးကို စွန့်ခွာပြီး သွားလိုရာသွားနိုင်ပြီ၊ ဒါမှမဟုတ် ဒီဂူကြီးထဲမှာ





ကျုပ် ပြန်ရောက်လာတဲ့အထိ စောင့်ပြီး နေချင်ရင်နေ ... ဟုတ်လား''

''ဟုတ်ကဲ့ ... ကျွန်တော့်အနေနဲ့တော့ ကျွန်တော့်ရဲ့ အဖေ ဦးတင်ဝင်းအောင်ကိုရှာဖွေဖို့ ခရီးဆန့်ချင်ပါတယ် ဆရာသူတော်''

''ကောင်းပြီလေ ... ဒါကတော့ မင်းရဲ့သဘောအတိုင်းပါပဲ၊ တစ်ခုတော့ ဆရာ့ဝတ္တရားအရ ကျုပ်မှာလိုက်မယ် ... ဘာပဲဖြစ်ဖြစ် ပဉ္စာနန္တရိယကံ မထိုက်ပါစေနဲ့၊ ပြောတာနားလည်လား''

''ဟုတ်ကဲ့ ... နားလည်ပါတယ် ဆရာသူတော်''

''အေး ... သူ့ဘာသာ လူကောင်းပဲဖြစ်ဖြစ်၊ လူယုတ်မာပဲဖြစ်ဖြစ် ဖအေဟာ ဖအေပဲ၊ သူမကောင်းရင် သူ့တရားသူစီရင်သွားလိမ့်မယ်၊ ငါ့တပည့်အနေနဲ့ ပဉ္စာနန္တရိယကံတော့ မထိုက်စေနဲ့''

''ဟုတ်ကဲ့ပါခင်ဗျာ''

''ပြီးတော့ ခုအချိန်ကစပြီး မင်းရဲ့နာမည်ကို ပြောင်းရမယ်၊ ဖိုးတေဆိုတဲ့နာမဟာ ဖြူဗွအရ ဆိုးတဲ့ တေတဲ့သဘော



www.burmeseclassic.com

www.burmeseclassic.com



အနိဋ္ဌသဘောဆောင်တယ်၊ ဒါကြောင့် ဖိုးတေဆိုတဲ့နာမည်ကို ဖျောက်ပြီး တနင်္လာသား ငါးကြွင်းသမားမို့ ကျော်ရင်ဆိုတဲ့အမည် ပေးလိုက်မယ်၊ ခုအချိန်ကစပြီး မင်းရဲ့နာမည်ဟာ ကျော်ရင်ဖြစ် သွားပြီမှတ် . . . ၊

ဥ–ဿဘ၊ စိန်–ပန်း၊ ဒါန်း–လှ၊ ကို–ရွာ ဆိုတဲ့ အတွင်းမိတ်လက်ာအရ တနင်္လာနံနဲ့ ရာဟုနံအတွဲပေါ့ကွယ်၊ နေ့သင့်နံသင့်လည်း ဖြစ်, မဟာဘုတ်အရ အဓိပတိနဲ့စပြီး အထွန်းမှာ အဆုံးသတ်တယ်ဆိုတော့ ကျော်ရင်ဆိုတဲ့နာမည်ဟာ ထွန်းကားကြီးကျယ်ခြင်းသဘော ရှိမယ်ကွဲ့"

"ဟုတ်ကဲ့ခင်ဗျာ"

"ကဲ ပြော . . . မင်းရဲ့နာမည် ဖိုးတေ ဟုတ်သေးရဲ့ လား"

"မဟုတ်တော့ပါဘူးခင်ဗျာ"

"ဒါဖြင့် ဘယ်သူတုံး"

"ကျော်ရင်ပါခင်ဗျာ"

"အေး . . . ကျူပ်သင်ကြားပေးထားတဲ့ နဂါးမာန်ဓား သိုင်း, လက်ဝါးသိုင်းအတတ်ကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်





တတ်မြောက်သူမို့ မင်းကို နဂါးမာန်ကျော်ရင်လို့ ခေါ်ရမယ်"

သို့ဖြင့် မှန်ကင်းတောင်တန်းရှိ ကျောက်လိုဏ်ဂူကြီးမှ ထွက်ခွာလာသည့်အခါ ဖိုးတေမှာ နဂါးမာန်ကျော်ရင် ဖြစ်ခဲ့ရ တော့သည်။

နောက်နေ့နံနက် မိုးသောက်စမှာပင် ဖိုးသူတော်ကြီး တိဿသည် အနောက်အရပ်သို့ ဦးတည်ကြွလှမ်းသွားရာ နဂါး မာန်ကျော်ရင်လည်း ဦးဝွမ်းကို နှုတ်ဆက်ပြီး ကျောက်လိုဏ်ဂူကြီး ကို ကျောခိုင်းလျက် မှန်ကင်းတောင်တန်းကြီး၏အရှေ့ဘက် တူရှူရာအရပ်ဆီ ခရီးထွက်ခဲ့ပါတော့၏။

သူက အရှေ့အရပ်မှ ထွက်ပြူလာသည့် နေမင်းကြီးကို စူးစူးရဲရဲကြည့်ရင်း ပါးစပ်မှ ဟစ်ကြွေးလိုက်ပါ၏။

"ဦးတင်ဝင်းအောင်ရေ . . . ဦးတင်ဝင်းအောင်ကို ရှာဖွေ ဖို့ နဂါးမာန်ကျော်ရင် လာပြီဗျို့"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## ရှာပုံတော်ခရီး

နဂါးမာန်ကျော်ရင်သည် သူ၏ ကျေးဇူးရှင်ဖိုးသူတော်ကြီး ဦးတိသသပေးခဲ့သည့် ငွေအသပြာနှစ်ထောင်ကို ခရီးစရိတ်အဖြစ်အသုံးပြုကာ လွန်ခဲ့သောဆယ့်သုံးနှစ်ခန့်က ခြေရာပျောက်သွားသည့် သူ၏ဖခင် ဦးတင်ဝင်းအောင်အား ရှာပုံတော်ဖွင့်ခဲ့လေသည်။

ရှေးဦးစွာ ဦးတင်ဝင်းအောင် ကျင်လည်ခဲ့ဖူးသည့် မန္တလေး စပါးပွဲစား၊ ဆန်ပွဲစားလောကထဲ ဝင်ရောက်လျက် ဦးတင်ဝင်းအောင်၏သတင်းကို စုံစမ်းလေသည်။





သူကစပါးပွဲစားယောင်ယောင်၊ ဆန်ပွဲစားယောင်ယောင် ဟန်ဆောင်လျက် စပါးအဝယ်ဒိုင်များ၊ ဆန်ကုန်သည်များထံ ချဉ်းကပ်ကာ မသိမသာစုံစမ်းထောက်လှမ်းရာ မန္တလေးသို့ ရောက်ပြီး၍ နှစ်ပတ်ခန့်အကြာမှာ ဦးတင်ဝင်းအောင်၏ သတင်း အစအနကို စတင်ရရှိခဲ့လေသည်။

"ကိုတင်ဝင်းအောင်ကို ကောင်းကောင်းသိတာပေါ့၊ သူက အတော်လေးလည်တယ်၊ မြာတော့ပွေတယ်၊ အဲဒီလို မြာအပွေကောင်းလို့ ဒီမန္တလေးမြို့ပေါ်က ပုလိပ်အင်စပက်တာ တစ်ယောက်နဲ့ ပြဿနာဖြစ်တာပေါ့"

သဘောကောင်းပုံရသော စပါးပွဲစားကြီးတစ်ဦးက ပြောပြခြင်းဖြစ်သည်။

"ဘယ်လိုပြဿနာဖြစ်တာလဲ ခင်ဗျ"

"အဲဒီပုလိပ်အင်စပက်တာနဲ့ စေ့စပ်ထားတဲ့မိန်းကလေး တစ်ယောက်နဲ့ ငြိစွန်းလို့လေ"

"ဪ"

"အဲဒါ အင်စပက်တာက သိသွားတော့ ချောင်းဖမ်းတယ်၊ ညဘက် အဲဒီကောင်မလေးရဲ့အိမ်ဆီ ကိုတင်ဝင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



အလာမှာ ရပ်ကွက်လူထုနဲ့ ဝိုင်းပြီးဖမ်းခဲ့တယ်''

''မိသွားသလား''

''မမိဘူး၊ သူက လူပါးလူလည်ပဲ၊ သူ့ကို ထောင်ချောက်ဆင်ပြီဆိုတာကို ရိပ်မိသွားပြီး ကောင်မလေးရဲ့အိမ် နောက်ဖေးပေါက်ကနေ အချိန်မီ ခုန်ချထွက်ပြေးသွားခဲ့တယ်၊ အဲဒီနောက် သူ့ကို မန္တလေးမှာမတွေ့ရတော့ဘူး ...၊

လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတော့ ကျုပ်တို့ရဲ့မိတ်ဆွေတစ်ယောက် တရုတ်–မြန်မာနယ်စပ် မူဆယ်ဘက်က ပင်လာတဲ့ ကော်ဖောတွေကို ကားနဲ့သွားတိုက်ရင်း မူဆယ်မှာ ကိုတင်ဝင်းအောင်ကို အမှတ်မထင်တွေ့လိုက်ရတယ်လို့ ပြောတယ်''

ယင်းသို့သော သတင်းစကားရသည်နှင့် နဂါးမာန်ကျော်ရင်သည် မန္တလေးမှနေ၍ တရုတ်–မြန်မာနယ်စပ် မူဆယ်ဘက်သို့ ခရီးထွက်ခဲ့လေတော့၏။

နယ်စပ်မြို့လေး မူဆယ်သို့ရောက်လေလျှင် သူ့မိခင်ထံမှ ရရှိခဲ့သည့် ဖခင်ဖြစ်သူ၏ဓာတ်ပုံဟောင်းလေးကို ပြကာ စုံစမ်းထောက်လှမ်းပြန်ရာ ရှမ်းလူမျိုးကုန်သည်တစ်ဦးထံမှ သတင်းအစအန ရလေတော့၏။





''အင်း ... ဒီဓာတ်ပုံထဲကလူနဲ့ တော်တော်လေးတူတဲ့ လူတစ်ယောက်တော့ ဒီနယ်မှာ ရှိခဲ့ဖူးတယ်ကွဲ့၊ သူ့နာမည်က ဦးစက္ကလို့ခေါ်တယ်၊ ဒီဓာတ်ပုံလေးထဲကလူထက် အသက်အများကြီးကြီးတယ်၊ ဝဝခန့်ခန့်ပဲ''

''ဟုတ်လား ... သူက အခု ဒီနယ်မှာ မရှိတော့ဘူးလား''

''မရှိတော့ဘူး ... ကချင်ဒေသဘက် ကူးသွားတယ်လို့တော့ သတင်းသဲ့သဲ့ ကြားရတယ်ကွဲ့''

''သူက ဒီနယ်မှာတုန်းက ဘာအလုပ်လုပ်သလဲဗျ၊ အိမ်ထောင်တွေ ဘာတွေရော ရှိသလား''

''အဓိက,ကတော့ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း လုပ်တာပေါ့၊ ဒါပေမဲ့ မကောင်းတဲ့အလုပ် တော်တော်များများလုပ်တယ်၊ ကုန်သည်တွေအပေါ် ဖျံကျတယ်၊ တပည့်လူမိုက်တွေမွေးထားပြီး ကုန်သည်တွေကို ရုပ်ဖျက်ဓားပြတိုက်, လုယက်တာတွေလုပ်တယ်၊ လွန်ခဲ့တဲ့နှစ်နှစ်ကျော်ကျော်လောက်က နယ်စပ်ကုန်သည်တစ်စုကို ဓားပြအဖွဲ့တစ်ဖွဲ့က ဓားပြတိုက်တော့ ခုခံမှုတွေကြုံပြီး ကုန်သည်တွေအားလုံးကို သတ်ပစ်လိုက်ကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စနဲ့ပတ်သက်ပြီး စစ်ပုလိပ်တွေ ရောက်လာတယ်၊ အဲဒီခါးပြလူသတ်မှုကြီးကို ဦးစက္ကက ကြိုးကိုင်ပြုလုပ်ပါတယ်ဆိုပြီး ဦးစက္ကကို ဖမ်းဆီးစစ်ဆေးဖို့လုပ်တယ် . . .၊

ဦးစက္ကက အဖမ်းမခံဘူး၊ အဲဒီကတည်းက ခြေရာဖျောက်သွားတယ်၊ သူရော သူ့လက်ရင်းတပည့်တွေပါ တစ်ဖွဲ့လုံး ပျောက်သွားတာ ခုအထိပဲ''

''သူ့မှာ အိမ်ထောင်ရှိသလားခင်ဗျ''

''တရားဝင်ယူထားတာတော့ မဟုတ်ဘူး၊ မိန်းကလေးချောချောတွေတော့ တစ်ယောက်ပြီးတစ်ယောက် တွဲတယ်၊ အဲဒီလို တွဲတဲ့မိန်းကလေးတွေဟာ သူတို့ကို တရားဝင်လက်ထပ်ဖို့ ပူဆာလာတာနဲ့ အဲဒီမိန်းကလေးတွေကို လက်စဖျောက်ပစ်လေ့ရှိတယ်လို့ သတင်းကြီးတယ်၊ အတော်တော့ ကြောက်စရာကောင်းတဲ့လူဗျ''

ကြားရသမျှသတင်းတို့က တစ်ခုမျှ မကောင်းချေ။

''အင်း . . . ဦးစက္ကဆိုတာ ငါ့ရဲ့အဖေများ ဖြစ်နေမလား၊ ဘာပဲဖြစ်ဖြစ် သူ့ရဲ့နောက်ကို ရေဆုံးရေဖျား လိုက်ရမယ်''

✲





နဂါးမာန်ကျော်ရင်သည် သူ တစ်ခါမျှမရောက်ဖူးသည့် ဒေသ ဖြစ်သော်လည်း မေးမြန်းစုံစမ်းလျက် ခရီးဆက်ခဲ့လေသည်။

ဦးစွာ မူဆယ်မှနေ၍ ဗြိတိသျှစစ်တပ်သုံး ကားဟောင်းကို ပြုပြင်ထားသည့် ကုန်ကားကြီးဖြင့် တောလမ်းခရီးတို့ကို ဖြတ်သန်းကာ နမ်းခမ်းသို့လိုက်ပါခဲ့လေသည်။

နမ်းခမ်းမြို့လေးသည်ကား နယ်စပ်နှင့်နီးသည့်အပြင် ကချင်ဒေသနှင့် မောရှမ်းဒေသ ထိစပ်ရာမြို့လေးဖြစ်သဖြင့် လူမျိုးပေါင်းစုံ နေထိုင်ကြပြီး အတော်အတန်စည်ကားသည့်မြို့လေးဖြစ်၏။

နဂါးမာန်ကျော်ရင်သည် နမ်းခမ်းမြို့၌ တစ်ထောက်နားပြီး ထမင်းဆိုင်တစ်ဆိုင်၌ ညအိပ်တည်းခိုကာ ဦးစက္က၏သတင်းကို စုံစမ်းထောက်လှမ်းလေသည်။

သူက ထမင်းဆိုင်ရှင်လူဝကြီးကို ခါတ်ပုံလေးပြပြီး မေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ... ဦးစက္ကဆိုတဲ့လူကို တွေ့ဖူးလားဗျ၊ ဒီဓာတ်ပုံထဲကလူလေ"

ထမင်းဆိုင်ရှင်လူဝကြီးက ဓာတ်ပုံကို သေချာစွာကြည့်ပြီး ...

"အင်း ... ဦးစက္ကလား ဘာ့လားတော့ မသိဘူးကွဲ့၊ ဒီဓာတ်ပုံထဲကရုပ်နဲ့ မျက်ခုံးမျက်လုံးကျပုံ အတော်တူတဲ့ လူဝဝခန့်ခန့်တစ်ယောက်ဦးဆောင်တဲ့ လူသုံးလေးဦး ကျုပ်ရဲ့ဆိုင်မှာ လွန်ခဲ့တဲ့နှစ်နှစ်ကျော်ကျော်လောက်က နှစ်ရက်သုံးရက် တည်းသွားဖူးတယ်ကွဲ့ ...၊

သူတို့က ကျောက်ကုန်သည်တွေလို့တော့ ပြောတာပဲ၊ ငွေအတော်သုံးနိုင်တဲ့လူတွေ၊ သူတို့အချင်းချင်း ခပ်တိုးတိုးပြောနေတာ ကြားရတာတော့ မြစ်ကြီးနားဘက်သွားမယ့်သဘောရှိတယ်၊ တကယ်ဆို ကျောက်ဝယ်မယ်ဆိုရင် မိုးကောင်းကိုသွားပြီး အဲဒီကမှ ဖားကန့်ဘက်သွားသင့်တယ်"

ဟု စိတ်ရှည်လက်ရှည်ပြောပြရာ နဂါးမာန်ကျော်ရင်မှာ ဦးစက္ကာ၏သတင်းအစတစ်ခု ထပ်ရသဖြင့် လွန်စွာဝမ်းသာသွားတော့၏။





သို့ဖြင့် နဂါးမာန်ကျော်ရင်သည် နမ်းခမ်းမှနေ၍ ကုန်ကားကို ခရီးကြုံစောင့်စီးကာ မံစီသို့လည်းကောင်း၊ ထိုမှ မြစ်ကြီးနားအထိ တောတောင်လျှိုမြောင်တို့ကို ဖြတ်သန်းလျက် အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ကာ လိုက်ပါလာရာ နောက်ထပ်ဆယ်ရက်ခန့်ကြာမှ မြစ်ကြီးနားမြို့သို့ ဆိုက်ရောက်လေသည်။

သူက မြစ်ကြီးနားမြို့လယ်ဈေးအနီးရှိ ထမင်းဆိုင် တစ်ဆိုင်မှာ တည်းခိုကာ ဦးစက္ကာ၏သတင်းကို စုံစမ်းရန်ကြိုးစားလေသည်။

သို့ဖြင့် မြစ်ကြီးနားသို့ရောက်ပြီး နောက်နေ့နံနက်မှာပင် ဈေးဘက်သို့ထွက်လာခဲ့လေသည်။

သူသည် ဈေးထဲသို့ ဟိုသည်လျှောက်ကြည့်ပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်ကာ ဒေသခံလေ့အရ ထောပတ် ဆားတို့ဖြင့် ရောဖျော်ထားသည့် လက်ဖက်ရည်ဆိမ့်ဆိမ့်ကို ကောက်ညှင်းပေါင်းနှင့် အဆာပြေစားသောက်ရင်း ဈေးသွားဈေးလာတို့ကို ငေးကြည့်အကဲခတ်လျက်ရှိလေသည်။

နာရီဝက်ကျော်ကျော်ခန့် ထိုဆိုင်လေးတွင်ထိုင်လျက် စိမ်ပြေနပြေ အကဲခတ်ကြည့်ရှုနေပြီးမှ ငွေရှင်းပြီး ထိုင်ခုံမှ ထ



www.burmeseclassic.com

www.burmeseclassic.com



မည်ပြုစဉ် ဆိုင်ရှေ့မှဖြတ်လျှောက်သွားသော လူရွယ်သုံးဦးက သူ့ကို ခပ်စူးစူးကြည့်သွားသည်ကို သတိထားလိုက်မိလေသည်။

“ဒီလူတွေရဲ့အကြည့်က တစ်မျိုးပါလား”

နဂါးမာန်ကျော်ရင်၏ စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားရ၏။

သူက ကြောက်တတ်သူမဟုတ်သော်လည်း မျက်နှာစိမ်း သုံးဦး၏ အကြည့်စူးစူးက ရိုင်းပျသလိုလို၊ ရန်လိုသလိုလို ဟန်ပန်မျိုးဖြစ်နေသဖြင့် စိတ်ဝင်စားစွာဂရုပြုလိုက်မိခြင်း ဖြစ်သည်။

ဂျပ်ခုတ်အင်္ကျီလက်ပြတ်များနှင့် ရှမ်းဘောင်းဘီရှည် အနက်တို့ကို ဝတ်ဆင်ထားကြသည့် ရုပ်ကြမ်းကြမ်းနှင့် ထိုလူရွယ် သုံးဦးက ဆိုင်နှင့်ခပ်လှမ်းလှမ်းရောက်သွားမှ ပြန်လှည့်လာကာ လက်ဖက်ရည်ဆိုင်ရှေ့မှ ဖြတ်လျှောက်ပြန်ရင်း နဂါးမာန်ကျော်ရင် ကို စူးစူးရဲရဲ ကြည့်သွားကြပြန်၏။

“ဘာလဲဟ”

သိလိုစိတ်နှင့်အတူ စိတ်ထဲမှာ မကျေမလည်သလို ဖြစ် သွားသဖြင့် နဂါးမာန်ကျော်ရင်က ထိုင်နေရာမှထကာ ဆိုင်ထဲမှ လှမ်းထွက်လိုက်၏။





ပြီးတော့ ရှေ့မှလျှောက်သွားနေကြသည့် လူရွယ်သုံးဦး ၏နောက်မှ မသိမသာ လိုက်ပါသွားလိုက်သည်။

ရှေ့မှလျှောက်လှမ်းသွားနေကြသည့် လူရွယ်သုံးဦးထဲမှ တစ်ဦးက နောက်သို့လည်ပြန်လှည့်ကြည့်ပြီးနောက် သူတို့အချင်း ချင်း တစ်စုံတစ်ရာ တီးတိုးပြောလိုက်ကြသည်ကို တွေ့ရ၏။

ထို့နောက် ထိုလူရွယ်သုံးဦးသည် မြို့စွန်ဘက်သို့လျှောက် လှမ်းသွားရာ နဂါးမာန်ကျော်ရင်လည်း သူ့ကို ဘာကြောင့် နှစ်ခါပြန် သုံးခါပြန် စူးစူးရဲရဲကြည့်သွားကြသည်ကို သိလိုသဖြင့် နောက်မှ လိုက်သွားလေသည်။

ရှေ့ ဝါးနှစ်ရိုက်ခန့်အကွာမှ လျှောက်လှမ်းသွားသူတို့ သည် တဖြည်းဖြည်း မြို့စွန်သို့ရောက်ရှိလာသည်နှင့် လူသူပြတ် လပ်သည့် ကုန်းတက်လမ်းကြောလေးအတိုင်း တက်သွားကြပြီး ရှေ့မြင်ကွင်းမှ ပျောက်ကွယ်သွားကြတော့၏။

နဂါးမာန်ကျော်ရင်သည် ကုန်းတက်လမ်းလေးအတိုင်း တက်လိုက်လာပြီး ကုန်းပေါ်အရောက်တွင် မြို့အထွက်လမ်းနှင့် မြေသားလမ်းခွဲတစ်ခုတို့ဆုံရာဆီ ရောက်သွားပြီး စောစောက လူရွယ်သုံးဦးကိုမူ မတွေ့ရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းခွဆုံ၏နံဘေးဝန်းကျင်သည်လည်း ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လျက်ရှိရာ ထိုသူတို့ ပျောက်ခြင်းမလှပျောက်သွားကြသည်မှာ ချုံနွယ်တို့ကြားသို့ ဝင်ရောက်သွားခြင်းကြောင့်ဖြစ်နိုင်ပေသည်။

နဂါးမာန်ကျော်ရင်က တစ်ချက်ပြုံးလိုက်ပြီး ဘောင်းဘီရှည်၏ ဘေးအိတ်နှစ်ဖက်ထဲ လက်နှိုက်ကာ မြေလမ်းခွဲလေးအတိုင်း လျှောက်လှမ်းဝင်ရောက်ခဲ့တော့၏။

သူ၏ဟန်ပန်က ဘာကိုမျှ ဂရုမစိုက်သည့်ဟန် အေးအေးဆေးဆေးအသွင်မျိုး ဖြစ်နေသော်လည်း နားကိုစွင့်ကာ မျက်လုံးတို့က ဝဲယာသို့ သတိထားအကဲခတ်ကြည့်လာလေသည်။

သူ ချုံကြီးနှစ်ချုံကြားမှ မြေလမ်းလေးအတိုင်း ဖြတ်လျှောက်လာစဉ်မှာပင် နောက်ဘက်မှ ခြေသံလိုလို ကြားလိုက်ရသဖြင့် ခြေလှမ်းကို ရုတ်တရက်ရပ်ကာ နောက်သို့ ချာခနဲလှည့်ကြည့်လိုက်တော့သည်။

လမ်းဘေးဝဲယာရှိ ချုံကြီးများကြားမှ ထွက်လာကြသည့် လူရွယ်သုံးဦးမှာ နဂါးမာန်ကျော်ရင်၏ အေးစက်စက်အမူအရာကြောင့် လှမ်းထွက်စခြေလှမ်းတို့ တန့်ခနဲ ရပ်သွားကြတော့၏။





သို့သော် သူတို့၏မျက်လုံးအကြည့်များကမူ နဂါးမာန်ကျော်ရင်၏မျက်နှာပေါ်သို့ စူးစူးရဲရဲ ကျရောက်လျက်ရှိလေသည်။

နဂါးမာန်ကျော်ရင်က ထိုသူတို့ကို စူးစူးရဲရဲ ပြန်ကြည့်လိုက်ရင်း ခပ်ဆတ်ဆတ်လေသံဖြင့် မေးလိုက်လေသည်။

"ခင်ဗျားတို့က ဘာတွေလဲ၊ ကျုပ်ကို ဘာသဘောနဲ့ ဒီလိုအကြည့်တွေနဲ့ ကြည့်ကြတာလဲ"

လူရွယ်သုံးဦးထဲမှ လက်မောင်းလက်ရုံးတို့တွင် ဆေးမင်ကြောင်များ ထိုးထားသူက ရှေ့သို့လှမ်းထွက်လာရင်း နဂါးမာန်ကျော်ရင်၏ရှေ့ နှစ်လံခန့်အကွာတွင် ခြေနှစ်ဖက်ကိုကားကာ ခါးထောက်ရပ်လိုက်လေသည်။

"ဒီမှာ ဟေ့ကောင် . . . မင်းဟာ ကျောက်ဘီလူးနဲ့ ဘာတော်လဲ၊ မင်းဟာ ကျောက်ဘီလူးနဲ့ အတော်တူတယ်"

ထိုလူရွယ်၏စကားကြောင့် နဂါးမာန်ကျော်ရင်သည် မျက်ခုံးတို့ကို ပင့်လိုက်မိလေသည်။

"ဘာ . . . ကျောက်ဘီလူး . . . ဟုတ်လား၊ ဘာကျောက်ဘီလူးလဲ၊ ကျုပ်မသိဘူး"

ဤတွင် ဗလအတောင့်ဆုံးလူက ရှေ့သို့တိုးလာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နာမည်က ဗလထွန်းပဲ၊ ကျောက်ဘီလူးဟာ စက္ကနာမည်နဲ့ မူဆယ်ဘက်မှာလှုပ်ရှားတုန်းက ငါ့ရဲ့အဖေနဲ့ဦးလေးနှစ်ယောက်စလုံးကို သတ်ဖြတ်သွားခဲ့တယ်၊ ဒါကြောင့် သူ့ကိုရှာဖွေဖို့ ငါတို့လာခဲ့တာပဲ၊ အဲဒီတုန်းက ငါဟာ ထောင်ကျနေခဲ့တယ်၊ ငါ့ရဲ့အဖေနဲ့ဦးလေးဟာ လားထိန်းအဖြစ်နဲ့ ကုန်သည်ကြီးစီပန်ရဲ့ လားတန်းနဲ့အတူ နယ်စပ်ကနေ တောလမ်းအတိုင်းဝင်လာတာကို ကျောက်ဘီလူးရဲ့တပည့် လက်မရွံ့ဓားပြတွေကသတ်ဖြတ်သွားကြတယ် . . . ၊

အဲဒီသတင်းကို ထောင်ကထွက်ထွက်ချင်း ကြားရလို့အဲဒီ စက္ကဆိုတဲ့ မိစ္ဆာကောင်ကြီးရဲ့နောက်ကို လိုက်လာခဲ့တာပဲကွ၊ သူတို့ကတော့ သူတို့ရဲ့အစ်ကိုအတွက် လိုက်လာကြတာ၊ မင်းဟာအဲဒီ ကျောက်ဘီလူးအမည်ခံ စက္ကနဲ့ အတော်တူတယ်၊ ဒါကြောင့်မင်းဟာ သူနဲ့ တစ်ခုခုပတ်သက်မယ်ထင်ပြီး ဂရုထား ကြည့်မိတာပဲ"

"ဒီမှာ ဒီဓာတ်ပုံကို ကြည့်စမ်းဗျာ၊ ဒီဓာတ်ပုံထဲကလူဟာဦးစက္ကတို့ ဦးကျောက်ဘီလူးတို့နဲ့ တူသလား"

ဓာတ်ပုံကိုကြည့်မိသည်နှင့် ထိုလူရွယ်သုံးဦးစလုံး မျက်





မှောင်ကြီးများ ကုတ်သွားရတော့၏။

"ဟာ . . . ဟုတ်တာပေါ့၊ ဒါ ကျောက်ဘီလူးမှ ကျောက်ဘီလူး အစစ်ပဲ၊ ဟော့ကောင်လေး . . . မင်း မင်း သူတို့နဲ့ဆက်စပ်မှုရှိနေတာ သေချာပြီ"

ဆေးမင်ကြောင်များနှင့်လူက ခက်ထန်စွာပြောလိုက်ရင်း ခါးနောက်တွင် ဝှက်ထိုးထားသည့် ဓားမြှောင်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ရာ နဂါးမာန်ကျော်ရင်၏ ဝဲယာဘေးဘက်တို့မှ ဝိုင်းရံရပ်နေကြသည့် ကျန်လူရွယ်နှစ်ဦးကလည်း သူတို့၏ ဝှက်ထားသော ဓားမြှောင်တို့ကို ဖျတ်ခနဲ ထုတ်ကိုင်လိုက်ကြတော့၏။

"ဟော့ကောင်လေး . . . ကျောက်ဘီလူး ဘယ်မှာလဲ၊ ဒီမြို့ကို ရောက်နေတယ်မဟုတ်လား . . . ပြောစမ်း"

"ဟင်း ဟင်း . . . ကျောက်ဘီလူးရော ဦးစက္ကရော ကျုပ်မသိဘူး"

"တောက် . . . ခေါင်းမာတဲ့ကောင် တွေ့ကြသေးတာပေါ့"

"ကဲကွာ"

'ဝှစ်'



www.burmeseclassic.com

www.burmeseclassic.com



'ဂုစ်'

နဂါးမာန်ကျော်ရင်က လျှပ်တစ်ပြက်ဝင်လာသည့် ဓား ချက်တို့ကို လှပစွာ ရှောင်တိမ်းလိုက်ပြီး နဂါးမာန်သိုင်းကွက်ဖြင့် လျင်မြန်တိကျစွာ ပြန်လည်တိုက်ခိုက်လိုက်၏။

'ဖောင်း'

'ဖြောင်း'

'ဖြောင်း'

"အား"

"အူး"

မိုက်သွေးသာရှိပုံရပြီး တိုက်ခိုက်ရေးပညာမပြည့်ဝလှ သည့် လူရွယ်သုံးဦးမှာ ခဏအတွင်းမှာပင် ဒဏ်ရာဒဏ်ချက် အသီးသီးဖြင့် မြေပေါ်သို့ လဲပြိုကျသွားကြတော့၏။

ခဏနေမှ ထိုလူသုံးဦးသည် နဂါးမာန်ကျော်ရင်အား ထိတ်လန့်အံ့သြသောအကြည့်တို့ဖြင့် ကြည့်ရင်း လဲကျနေရာမှ ခပ်ဖြည်းဖြည်း အားယူထလိုက်ကြတော့၏။

သူတို့၏ဓားမြှောင်များမှာ မည်သည့်နေရာသို့ ရောက် သွားမှန်းပင် မသိကြတော့ချေ။



BURMESE CLASSIC .com



"ကဲ ... ခင်ဗျားတို့ ကျုပ်ကို ရန်ရှာကြဦးမလား၊ ကျုပ် တကယ်လုပ်ရင် ခင်ဗျားတို့ရဲ့နံရိုးတွေ တစ်ချောင်းချင်း ပြုတ် ထွက်ကုန်မယ်၊ ခင်ဗျားတို့ပြောတဲ့ ဦးစက္ကကိုရော ကျောက်ဘီလူး ကိုရော ကျုပ်မသိဘူး၊ ကျုပ်သိတာ ဟောဒီဓာတ်ပုံထဲကလူကို တွေ့ချင်တာပဲ"

"မင်း မင်းက ဘယ်သူလဲ၊ သူ သူနဲ့ရော ဘယ်လိုပတ် သက်သလဲ"

"ကျုပ်ရဲ့နာမည်က ကျော်ရင် ... နဂါးမာန်ကျော်ရင်၊ ဟောဒီဓာတ်ပုံထဲကလူဟာ လူတူမရှား နာမည်တူမရှားဆိုသလိုပဲ ကျုပ်ရဲ့အဖေနဲ့ ရုပ်ချင်းဆင်ဆင်တူသူပဲ၊ သူက. ကျုပ်အဖေအဖြစ် ဟန်ဆောင်ပြီး မန္တလေးဘက်မှာ ရာဇဝတ်မှုကြီးတွေ ကျူးလွန် သွားခဲ့တယ်၊ ပြီးတော့ ခြေရာဖျောက်သွားခဲ့တယ် ...၊

သူကျူးလွန်သမျှ အပြစ်တွေကို ကျုပ်ရဲ့အဖေကခံရပြီး ထောင်နှစ်ရှည်ကျသွားရာက ထောင်ထဲမှာပဲ သေသွားတယ်၊ အဲဒီတုန်းက ကျုပ်က ငယ်သေးလို့ ဘာမှမတတ်နိုင်ခဲ့ဘူး၊ ခုမှ သင်းကိုတွေ့ပြီး စာရင်းရှင်းဖို့လာခဲ့တာပဲ"

မုသားမပါ လက်ာမချောဆိုသလို မာယာသုံးပြီး သူ့



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်ပြောသည်ကို ထိုလူရွယ်သုံးဦးက အပဟုတ်ထင်သွားကြ၏။

"သြော် . . . ဒါဆို မင်းလည်းငါတို့လိုပဲ စက္ကဆိုတဲ့ ကျောက်ဘီလူးကို အရေးစုတ်ချင်နေသူပေါ့"

"ဟုတ်တယ်၊ ဒါထက် သူဟာ မူဆယ်ဘက်မှာ ဦးစက္က ဆိုတဲ့နာမည်နဲ့ လှုပ်ရှားခဲ့တယ်မဟုတ်လား၊ ဘာကြောင့် ကျောက်ဘီလူးလို့ ခေါ်ရတာလဲ"

"သူ့ရဲ့မူလအမည်က စက္ကပဲ၊ သူဟာ မောရှမ်းဒေသ မှာ ခေးပြလူသတ်မှုကြီးတွေ ကျူးလွန်ပြီး ကချင်ဒေသဘက် ထွက်ပြေးလာတော့ စက္ကအမည်ကိုဖျောက်ပြီး ကျောက်ဘီလူးလို့ နာမည်ခံယူခဲ့တယ်၊ သူဟာ ချီဖွေဘက် ပြောင်းသွားတယ်လို့ မနေ့ကပဲ သတင်းရတယ်"

"ဟုတ်လား . . . ဒါဆို ကျုပ် ချီဖွေဘက်လိုက်သွား ရမယ်"

"မင်း ငါတို့နဲ့ပူးပေါင်းပါလား၊ မင်းနဲ့ငါတို့ ရည်ရွယ်ချက် ချင်း တူတာပဲ၊ ငါ့ရဲ့နာမည်က ဗဒင်ပါ၊ သူက ငါ့ရဲ့ညီဗခက်၊ သူက ငါ့ရဲ့ တေဖော်တေဖက် သူငယ်ချင်းဗလထွန်း"





"ကောင်းပြီလေ . . . ကျုပ်နဲ့ခင်ဗျားတို့ ပူးပေါင်းကြတာ ပေါ့"

"အေးကွာ . . . မင်းလို အရည်အချင်းရှိသူနဲ့ ပူးပေါင်း ခွင့်ရတာ ငါတို့အတွက်တော့ တအားပေါ့၊ စောစောကဖြစ်ခဲ့တာ တွေကို မေ့ပစ်လိုက်ကွာ၊ မနက်ဖြန်တော့ ချီဖွေဘက်လိုက်ဖို့ စီစဉ်ထားပြီးပြီ၊ မင်းပါ တစ်ခါတည်းလိုက်ခဲ့လေ . . ဟုတ်လား"

"ကောင်းပါတယ် ကိုဗဒင်၊ ကျုပ်အဖို့တော့ အဲဒီ စက္က ဆိုတဲ့လူကြီးကို မြန်မြန်တွေ့လေ ကောင်းလေပဲ"

"ကဲ . . . ဒါဆို ငါတို့တည်းခိုတဲ့ဆီ လိုက်ခဲ့ကွာ၊ ဒီက မြို့ခံတစ်ယောက်ဟာ ငါနဲ့ ထောင်ထဲမှာ ညီအစ်ကိုလို ရင်းနှီးခဲ့ သူကွ၊ သူ့အိမ်မှာ ငါတို့တည်းတယ်၊ မင်းပါ လိုက်ခဲ့ကွာ၊ ရှေ့ လုပ်ငန်းစဉ်အတွက် ဆွေးနွေးတိုင်ပင်ကြတာပေါ့"

သို့ဖြင့် နဂါးမာန်ကျော်ရင်သည် ဗဒင်တို့လူစုနှင့် လိုက်ပါ သွားတော့၏။

သူ့အနေဖြင့် တွေ့လိုသူကို ရှာဖွေရာတွင် မည်သည့် နည်းကိုပဲသုံးရ သုံးရ . . . သုံးရန် ဆုံးဖြတ်ထားသဖြင့် ဗဒင်တို့ လူစုနှင့် ပူးပေါင်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဘာပဲဖြစ်ဖြစ် ဦးတင်ဝင်းအောင်ဆိုတဲ့လူကြီးနဲ့ နီးနီးလာပြီ ...၊

ဦးတင်ဝင်းအောင် ဦးတင်ဝင်းအောင် ... ခင်ဗျား ဘယ်လိုပဲ နာမည်တွေ အလီလီပြောင်းပြီး ခြေရာဖျောက်ဖျောက် ကျုပ်ဟာ ခင်ဗျားရဲ့နောက်ကို အရိပ်လို ထက်ကြပ်လိုက်လာပြီဗျ၊ သိရဲ့လား ... ဟင်း ဟင်း ဟင်း"

✸

BURMESE CLASSIC .com

ဗဒင်၏မိတ်ဆွေ မြို့ခံလူ ဦးဘရန်ခမှာ တောမုဆိုးတစ်ဦးဖြစ်ပြီး လွန်ခဲ့သောသုံးနှစ်ကျော်ခန့်က တောလိုက်ရင်း တော၏လှည့်ဖြားခြင်းခံရကာ မျှစ်ချိုးသူကို ဒရယ်မှတ်ပြီး တူမီးဖြင့်ပစ်သတ်မိသဖြင့် ထောင်သုံးနှစ်ကျခဲ့ဖူးသူဖြစ်၏။

ဦးဘရန်ခမှာ ယခုအခါ မုဆိုးအလုပ်ကိုစွန့်လွှတ်ပြီး မြင်းခြံပိုင်ရှင်တစ်ဦး၏လူယုံအဖြစ် အလုပ်လုပ်နေလေသည်။

မိုးကောင်း၊ နမ္မတီး၊ ဝိုင်းမော်တို့မှ မြင်းများဝယ်ယူရန်





အမှာစာပို့သည့်အခါ လေးကောင်တစ်တွဲ၊ ငါးကောင်တစ်တွဲ ပို့ပေးရသူ ဖြစ်၏။

"အင်း ... ကိုဗဒင်တို့ ချီဖွေဆီသွားချင်တယ်ဆိုရင် အတော်ပဲ၊ ကျုပ်လည်း ချီဖွေနားက လောခေါင်ရွာဆီ မြင်း ငါးကောင်သွားပို့စရာရှိတယ်၊ ဒီကမောင်ကျော်ရင် မြင်းစီးတတ်တယ် မဟုတ်လား"

"ဟုတ်ကဲ့ ... စီးတတ်ပါတယ်ခင်ဗျ"

"ကောင်းပြီ ... ဒါဆို ကျုပ်တို့ မနက်ဖြန်မနက် စောစောပဲ ခရီးစထွက်ကြတာပေါ့၊ မနက်အဆာပြေစားပြီး ဖောင်းကနေ မြင်းတွေထုတ်ပြီးတာနဲ့ စထွက်ကြမယ်"

"ဒါဆို နဂါးမာန်ရေ ... ဒီညပဲ ဒီအိမ်မှာ လာအိပ်ကွာ၊ ငါတို့ညီအစ်ကိုတွေ ခုကတည်းက စုစုစည်းစည်းနေကြတာပေါ့"

"ကောင်းပါပြီ အစ်ကိုဗဒင်"

✸

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် နောက်နေ့နံနက်စောစော နှင်းမြူတို့ထူထပ်စွာ ကျရောက်နေဆဲမှာပင် နဂါးမာန်ကျော်ရင်တို့သည် ဧရာဝတီမြစ်၏တစ်ဖက်ကမ်းသို့ မြင်းများကို ဖောင်ဖြင့်တင်ကာ ကူးဖြတ်ခဲ့ကြပြီး ခတ်ချို့ဆိပ်ကမ်းမှတက်ကာ တစ်ဖက်မြို့လေးသို့ အရောက် မြင်းစီးလာခဲ့ကြလေသည်။

တောလမ်းခရီးကြမ်းကို ဖြတ်သန်းခဲ့ကြပြီး တောထဲ၌ နှစ်ညအိပ်စခန်းချပြီးမှ နယ်စပ်နှင့်နီးသည့် ချီဖွေသို့ ဆိုက်ရောက်ခဲ့ကြလေ၏။

ချီဖွေသည်ကား ရေခဲပုံးလွှမ်းသောတောင်တန်းများသို့ မရောက်မီ နောက်ဆုံးစခန်းချရာမြို့ဖြစ်သောကြောင့် လူသူအတော်အတန်စည်ကားကာ စားသောက်ဆိုင်များ၊ ယမကာဆိုင်များလည်း ပေါများလှသည်။

တောင်ကြားလမ်းများမှနေ၍ ကုန်သွယ်သည့်ကုန်သည်များ စခန်းချကြသဖြင့် ငွေဖြုန်းနိုင်သူများပြားရာ ပိုမိုစည်ပင်နေခြင်းလည်း ဖြစ်၏။

''ကဲ ကိုဗဒင်တို့ ... ဒီချီဖွေမှာပဲ နေခဲ့ကြပေတော့၊ လောခေါင်က သိပ်မဝေးတော့ပါဘူး၊ ကျုပ်ဘာသာပဲ ဒီမြင်းတွေ





ဆွဲသွားတော့မယ်၊ ချီဖွေမှာ မိုးပျံနဂါးဆိုတဲ့ တည်းခိုအိမ်ရှိတယ်၊ အဲဒီမှာ တည်းလို့ရတယ်၊ ကျုပ် အပြန်ကျရင် ခင်ဗျားတို့နဲ့ မတွေ့တော့ဘူး။ တိုက်ရိုက်ပြန်မယ်နော်''

''ကောင်းပါပြီ ကိုဘရန်ခ''

ဤသို့ဖြင့် နဂါးမာန်ကျော်ရင်တို့မှာ မြင်းများပေါ်မှဆင်းပြီး ချီဖွေမှာ နေခဲ့ကြတော့သည်။

ဗဒင်၊ နဂါးမာန်ကျော်ရင်နှင့်အဖွဲ့သည် မိုးပျံနဂါးတည်းခိုအိမ်မှာ တည်းခိုရင်း ဦးစက္က ခေါ် ဦးကျောက်ဘီလူး၏သတင်းကို စုံစမ်းကြည့်ရာ ယင်းတည်းခိုအိမ်မှ အလုပ်သမားလေးတစ်ဦးထံမှ ဦးကျောက်ဘီလူး၏အကြောင်းကို နဂါးမာန်ကျော်ရင် အတော်အတန် သိရလေသည်။

''ဦးကျောက်ဘီလူးတို့လူစု ချီဖွေကိုရောက်တိုင်း ကျွန်တော်တို့ဆီမှာပဲ တည်းတတ်တယ်ခင်ဗျ''

''သူက ဒီမြို့မှာမနေဘူးလား''

''သူက ပန်ဝါတောင်ကြားနားက လုံခါးမှာ အခြေချနေတယ်ဗျ၊ လုံခါးဟာ သွားရလာရခက်တဲ့ တောင်ကြိုတောင်ကြားက ရွာလေးဗျ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... အဲဒီရွာက ရွာသေးသေးလေးလား"

"ဟုတ်တယ်၊ အဲဒီမှာ တိုင်းရင်းသား ဒေသခံနည်းနည်းပဲ ရှိတယ်၊ ဦးကျောက်ဘီလူးနဲ့ သူ့တပည့်တွေပဲ အဓိကနေထိုင်တယ်လို့ ကြားရတာပဲ အစ်ကို"

"ဦးကျောက်ဘီလူးက ဒီနယ်တစ်ဝိုက်မှာ နာမည်ကြီးဆို ... ဟုတ်လား ညီလေး၊ သူက ဘာအလုပ်လုပ်သလဲ"

"ကျောက်အရောင်းအဝယ်လုပ်တယ်လို့တော့ သိရတယ် အစ်ကိုရ။ ဒီနယ်တစ်ဝိုက်မှာ နာမည်ကြီးတာတော့ အမှန်ပဲ၊ ဒီနယ်တစ်ဝိုက်မှာ သူ့တပည့်တပန်းတွေ အရမ်းများတယ်၊ ဦးကျောက်ဘီလူးနဲ့ပတ်သက်တဲ့ လောင်းကစားဝိုင်းဆို ပုလိပ်ကလည်း လက်ရှောင်တယ်၊ မတော်မတရားလည်း ဘယ်သူမှ လာမလုပ်ရဲကြဘူး"

"သူက ကျောက်အရောင်းအဝယ် တကယ်လုပ်တာလား"

"တကယ်လုပ်တာပါ အစ်ကို၊ ကျွန်တော်တို့ရဲ့ မိုးပုံနဂါးမှာ လာတည်းရင်း အရောင်းအဝယ်လုပ်တာ တွေ့ဖူးတယ်ဗျ"

နဂါးမာန်ကျော်ရင်က သူကြားသိရသည့်သတင်းကို ဗဒင်အား ပြောပြလိုက်၏။ ဗဒင်က ပြုံးကာ ...

"ဟင်း ဟင်း ... ငါကြားတာကတော့ တစ်မျိုးဖြစ်နေတယ်ကွ နဂါးမာန်ရ"

"ဘယ်လိုတစ်မျိုးဖြစ်နေတာလဲ အစ်ကိုဗဒင်"

"ဦးကျောက်ဘီလူးဟာ တစ်ဖက်နိုင်ငံက ကျောက်ကုန်သည်တွေ ကျောက်လာဝယ်ရင် သူက ကောင်းကောင်းမွန်မွန်ရောင်းတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ တန်ဖိုးသိပ်ကြီးတဲ့ ကျောက်တွေဆို သူက ရောင်းပြီးမှ ကျောက်ကိုပြန်လုယူတတ်တယ်လို့ သိရတယ်ကွ"

"ဟင် ... ဘယ်လိုလုယူတာလဲဗျ"

"ချီဖွေနဲ့ပန်ဝါတောင်ကြားလမ်းအကြားမှာ လုံခါးဆိုတဲ့ တောင်ပေါ်စခန်းတစ်ခု ရှိတယ်၊ အဲဒီကို ဒီ ချီဖွေကလူအများစု မရောက်ဖူးကြဘူး၊ နာမည်ပဲ ကြားဖူးကြတာ၊ အဲဒီလုံခါးမှာ ဦးကျောက်ဘီလူးတို့ရဲ့ လျှို့ဝှက်စခန်းရှိတယ်လို့ ကြားဖူးတယ်၊ ရောက်တော့ မရောက်ဖူးဘူး၊ ဦးကျောက်ဘီလူးက ကျောက်အရောင်းအဝယ်ကို ဇန်းပြလုပ်တာ၊ တကယ့်အစစ်အမှန်အလုပ်က ဘိန်းကုန်ကူးတာ"







www.burmeseclassic.com

www.burmeseclassic.com



"ဘိန်းကုန်ကူးတာ"

"ဟုတ်တယ်၊ လုံခါးမှာ ဘိန်းချက်စခန်းတောင် ရှိတယ်လို့ သတင်းသဲ့သဲ့ကြားရတယ်"

"သက်ဆိုင်ရာက မသိဘူးလားဗျ"

"ဟ . . . လုံခါးက နယ်စပ်နဲ့ ကပ်နေတာလေကွာ၊ အင်္ဂလိပ်နယ်ချဲ့အစိုးရရဲ့ဩဇာက ဒီနယ်စပ်ဒေသတွေမှာ မသက်ရောက်ဘူးကွ၊ နယ်စပ်တောနက်ထဲကို ဘယ်ပုလိပ်မှ, ဘယ်စစ်ဘာရီမှ မလာဘူး၊ ဒါကြောင့် ဦးကျောက်ဘီလူးဟာ သူ့ရဲ့စကြာနက်ဂိုဏ်းကို အဲဒီလုံခါးမှာ အခြေတည်ထားတာပေါ့"

"စကြာနက်ဂိုဏ်း . . . ဟုတ်လား ကိုဗဒင်"

"ဟုတ်တယ်၊ စကြာနက်ဂိုဏ်းဟာ ဒီနယ်စပ်ဒေသဘက်မှာ မဟုတ်တာအကုန်လုပ်တယ်၊ ဘိန်းချက်တယ်၊ ဘိန်းကုန်ကူးတယ်၊ ဓားပြတိုက်တယ်၊ ဓားပြက ဒီပြင့်ဟာတော့ မတိုက်ပါဘူး၊ တန်ကြေးအင်မတန်ကြီးတဲ့ ကျောက်မျက်ရတနာတစ်ခုခုကို တစ်ဖက်နိုင်ငံက ကုန်သည်တွေဝယ်ပြီး ပန်ဝါတောင်ကြားလမ်းက ဖြတ်အပြန်မှာ စကြာနက်ဂိုဏ်းက ဓားပြဝင်တိုက်ပြီး ဦးကျောက်ဘီလူးရောင်းလိုက်တဲ့ ရတနာတွေကို ပြန်ယူတာ၊





အခု နှစ်နှစ်လောက်အတွင်းမှာ သုံးခါလောက် အဲဒီအတိုင်းလုပ်ဖူးတယ်၊ ဒါပေမဲ့ ဦးကျောက်ဘီလူးဟာ သူနဲ့ စကြာနက်ဂိုဏ်း လုံးဝမပတ်သက်သလို နေတယ်"

"ဒါတွေကို ကိုဗဒင်က ဘယ်လိုလုပ်ပြီးသိနေတာလဲဗျ"

"ဒီလိုကွ . . . ငါ့ရဲ့အစ်ကို ဗဦးဟာ စကြာနက်ဂိုဏ်းသားတစ်ဦးပဲ"

"ဟင် . . . ဟုတ်လား"

"ဟုတ်တယ်၊ ငါနဲ့ ငါ့ညီဟာ မြစ်ကြီးနားမှာ အခြေချနေထိုင်တဲ့ ယော်ပန်ကြီးဆီမှာ သက်တော်စောင့်တွေအဖြစ် အလုပ်လုပ်ခဲ့ကြတယ်ကွ၊ လွန်ခဲ့တဲ့နှစ်နှစ်က ယော်ပန်ကြီး သေသွားတော့ အစ်ကိုဗဦးက ငါတို့ကို စကြာနက်ဂိုဏ်းထဲသွင်းဖို့ စီစဉ်သေးတယ်ကွ . . .၊

ဒါပေမဲ့ ဦးကျောက်ဘီလူးက ဘာကြောင့်မှန်းမသိဘဲ အစ်ကိုဗဦးကို လုံခါးစခန်းမှာ သတ်ပစ်လိုက်တယ်၊ အဲဒါနဲ့ ငါတို့လည်း စကြာနက်ဂိုဏ်းထဲ မဝင်ဖြစ်တော့ဘူး၊ အစ်ကိုဗဦး မသေခင်က ပြောပြခဲ့ဖူးလို့ စကြာနက်ဂိုဏ်းအကြောင်း ငါတို့သိနေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒါကြောင့် ဦးကျောက်ဘီလူးကို ခင်ဗျားတို့က ရန်သူလို့ သတ်မှတ်ထားကြတာကိုး"

"ဟုတ်တယ် နဂါးမာန် ... မင်းကိုတောင် မြင်စက ဦးကျောက်ဘီလူးနဲ့တူလို့ သူနဲ့ဆက်နွှယ်သူတစ်ယောက်ယောက် ဖြစ်တယ်လို့ ထင်ပြီး အပြတ်ရှင်းဖို့ ငါတို့ကြိုးစားခဲ့ကြတာပဲကွ"

သူတို့ စကားတိုးတိုးပြောနေကြစဉ်မှာပင် လမ်းမဆီမှ မြင်းခွာသံများကြားရသဖြင့် လှမ်းကြည့်လိုက်ကြရာ အသားဖြူဖြူ ဝဝခံ့ခံ့လူကြီးတစ်ဦး ဦးဆောင်စိုင်းနှင်လာသည့် မြင်းစီးသမားခုနစ်ယောက် ရှစ်ယောက်လောက်ကို တွေ့ရသည်။

"ဟာ နဂါးမာန် ... အဲဒါ ဦးကျောက်ဘီလူးပေါ့ကွ ရှေ့ဆုံးက လူကြီးလေကွာ"

ဗဒင်က အနားနားကပ်ပြီး တိုးတိုးပြောလိုက်သဖြင့် နဂါးမာန်ကျော်ရင်မှာ ရှေ့ဆုံးမှ ရှမ်းဘောင်းဘီရှည်နှင့် ရှမ်းတိုက်ပုံဝတ်ထားပြီး ခရမ်းရောင်ပိုးပဝါကို ဦးခေါင်း၌ပေါင်းထားသည့် ဦးကျောက်ဘီလူးအား စူးစူးရဲရဲကြည့်လိုက်မိတော့သည်။

သူ တစ်ခါမှ အပြင်မှာမမြင်ဖူးခဲ့သော သူ့ဖခင်အရင်းကြီးကို ငေးကြည့်ရင်း သူ့ရင်ထဲတွင် ဖော်မပြတတ်လောက်





အောင် ခံစားချက်ပေါင်းစုံဖြင့် ဗလောင်ဆူသွားတော့၏။

ဦးကျောက်ဘီလူးက သူ့ထက် အသားပိုဖြူပြီး ဝသဖြင့် မျက်နှာက ပိုင်းနေရာ မျက်ခုံးကောင်းပုံ၊ နှာတံပေါ်ပုံ၊ နှုတ်ခမ်းပိပိရိရိရှိပုံတို့သာ သူနှင့်တူပြီး ရုပ်ရည်ချင်းက ထပ်တူမရှိချေ။ ရုပ်ရည်ချင်းဆင်သည်ဟုသာ ပြောနိုင်ကြမည်ဖြစ်၏။

ဦးကျောက်ဘီလူးတို့က မြင်းများကို အသော့နှင်လျက် ဆိုင်ရှေ့မှ ဖြတ်သွားကြခြင်းဖြစ်သည်။

"ဒီ ချီဖွေရဲ့ တောင်ဘက်စွန်းက ကုန်းမြင့်လေးတစ်ခု အပေါ်မှာ ဦးကျောက်ဘီလူးရဲ့အိမ် ရှိတယ်တဲ့ကွ၊ အဲဒီမှာ သူ့မယားတစ်ယောက် ရှိတယ်၊ သူ ချီဖွေလာရင် အဲဒီအိမ်မှာပဲ တည်းတယ်၊ များသောအားဖြင့် သူက လုံဖားမှာပဲနေတယ်တဲ့၊ အခု ကိစ္စရှိလို့ သူ ချီဖွေကိုလာတာဖြစ်မယ်"

သူတို့ ငေးကြည့်နေစဉ်မှာပင် ဦးကျောက်ဘီလူးတို့အုပ်စုသည် ဈေးအလွန်ရှိ လမ်းချိုးတွင် ပျောက်ကွယ်သွားကြတော့၏။

ယင်းသို့ ငေးကြည့်ကျန်ရစ်ရင်းမှ ဗဒင်က ခပ်တိုးတိုး တောက်ခတ်လိုက်၏။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဗဒင် . . . ဦးကျောက်ဘီလူးနဲ့ခင်ဗျား ဒီ ချိုင့်မှာ လာဆုံနေကြပြီ၊ အခွင့်အခါချောင်းပြီး ခင်ဗျားရဲ့အစ်ကိုအတွက် လက်စားမချေတော့ဘူးလား"

"အေးကွာ . . . သူ့ကို ရိပ်ခနဲတွေ့မြင်လိုက်တိုင်း ငါ့ရဲ့ သွေးတွေ ဆူဆူလာတယ်၊ ဟင်း ဟင်း . . . ဘာပဲဖြစ်ဖြစ် ဒီချိုင့်မှာ လာဆုံတုန်း အခွင့်အခါသင့်ရင်တော့ သွေးကြွေးဆပ်ရတော့မှာပေါ့ကွာ"

☸

ထိုညက တစ်ညလုံး နဂါးမာန်ကျော်ရင်မှာ အိပ်မပျော်နိုင်အောင် ဖြစ်နေရသည်။

သူ့အနေဖြင့် မိခင်ကြီးအတွက် လက်စားချေရန် နာကြည်းစိတ်ဖြင့် သူ့ဖခင်ဖြစ်သော ဦးတင်ဝင်းအောင် (ခေါ်) ဦးစက္က (ခေါ်) ဦးကျောက်ဘီလူးကို ရှာဖွေခဲ့ခြင်းဖြစ်သော်လည်း တကယ်တမ်း နဖူးတွေ့ဒူးတွေ့ တွေ့လာရသောအခါ ဦးကျောက်





ဘီလူးကို သူ ဘာလုပ်ရမှန်း မသိ။ စိတ်ထဲဝယ် ဇဝေဇဝါဖြစ်နေမိသည်။

ငယ်ငယ်ရွယ်ရွယ်ဖြင့် ဘဝရေ အသက်ပါ သေခဲ့ရရှာသော မိခင်ကြီးအတွက် ဦးကျောက်ဘီလူးကို လက်စားချေ သွေးကြွေးဆပ်လိုသော်လည်း ဦးကျောက်ဘီလူးမှာ သူ၏ဖခင်ဖြစ်နေသဖြင့် တကယ်တမ်း ကိုယ်ထိလက်ရောက်တုံ့ပြန်ရန် ဝန်လေးနေမိသည်။

သူ၏ကျေးဇူးရှင်ဆရာဖြစ်သော ဖိုးသူတော်ကြီးဦးတိသသကလည်း သူ့ကို ပဥ္စာနန္တရိယကံ မထိုက်စေရန် အတန်တန်သတိပေးထားခဲ့သည် မဟုတ်ပါလား။

"အင်း . . . ဘာပဲဖြစ်ဖြစ် မကောင်းမှုပြုသူဟာ မကောင်းမှုရဲ့ဒဏ်ကိုတော့ ပြန်လည်ခံစားသင့်တယ်၊ ဦးကျောက်ဘီလူးကို တစ်ခုခုတော့ တုံ့ကိုတုံ့ပြန်ရမယ်၊ ဒါမှ လောကကြီးက တရားမျှတတော့မှာပေါ့ . . .၊

တစ်စုံတစ်ဦးရဲ့ ရက်စက်ယုတ်မာမှုကြောင့် တခြားတစ်စုံတစ်ဦးဟာ တစ်ဘဝလုံး နစ်မွမ်းခံစားသွားရပြီး ရက်စက်ယုတ်မာသူကတော့ ဘာမှမဖြစ်ဘူးဆိုရင် သဘာဝမကျဘူး၊ မျှတမှု



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ ဒါကြောင့် ရက်စက်ယုတ်မာခဲ့တဲ့ ဦးကျောက်ဘီလူးဟာ တစ်ခုခုတော့ နင့်နင့်သီးသီး ပြန်ခံစားရမှာဖြစ်မယ်''

နဂါးမာန်ကျော်ရင်မှာ ထိုညအဖို့ ညဉ့်နက်သည်အထိ အိပ်မပျော်နိုင်ဘဲ တွေးရင်း အံကြိတ်လိုက်၊ သက်ပြင်းချလိုက် ဖြစ်လျက်ရှိပါတော့သတည်း။

နောက်နေ့နေ့လယ်၌ ဗဒင်နှင့်ဗခက်တို့သည် အပြင်မှ ပြန်ရောက်သည်နှင့် တည်းခိုရာအခန်းထဲ ဝင်လာကြပြီး နဂါးမာန်ကျော်ရင်အား တီးတိုးတိုင်ပင်ပြောဆိုကြတော့သည်။

''နဂါးမာန်ရေ . . . ပွဲကြီးပွဲကောင်းတော့ တွေ့တော့မယ်ကွ''

''ဘယ်လိုပွဲကြီးပွဲကောင်းလဲဗျ ကိုဗဒင်''

''ဦးကျောက်ဘီလူးတို့ သိပ်မကြာခင်ရက်အတွင်းမှာပဲ ပမာဏကြီးမားတဲ့ ရောင်းဝယ်မှုကြီးတစ်ခု ပြုလုပ်လိမ့်မယ်ကွ၊





အဲဒီပွဲကြီးကို ကမောက်ကမဖြစ်အောင် ငါတို့လုပ်နိုင်ရင် ဦးကျောက်ဘီလူး အထိနာသွားနိုင်တယ်ကွ''

''ဘယ်လို ပမာဏကြီးမားတဲ့ ရောင်းဝယ်မှုကြီးမျိုး လုပ်မှာလဲဗျ၊ အဲဒီသတင်းရော ခင်ဗျားတို့ ဘယ်ကဘယ်လို ရခဲ့တာလဲ''

''ဒီလိုကွ . . . မနက်မိုးလင်းကတည်းက ဦးကျောက်ဘီလူးရဲ့ လှုပ်ရှားမှုသတင်းတွေကို ငါတို့ညီအစ်ကိုနဲ့ ဗလထွန်းတို့ လှူဖြန့်ပြီး မြို့ထဲမှာ စုံစမ်းထောက်လှမ်းနေခဲ့ကြတာကွ၊ စောစောကတင် ငါတို့အစ်ကိုဗဦးရဲ့သူငယ်ချင်း ကိုမျိုးခိုင်နဲ့ စားသောက်ဆိုင်တစ်ခုမှာ တွေ့ခဲ့တယ်ကွ . . .၊

ကိုမျိုးခိုင်နဲ့ ငါတို့ရဲ့အစ်ကိုဗဦးဟာ ညီအစ်ကိုလို အတော်ကိုခင်တာကလား၊ ကိုမျိုးခိုင်ဟာ စကြာနက်ဂိုဏ်းဝင် တစ်ဦးပဲကွ၊ သူက လုံခါးမှာပဲ အနေများတယ်၊ အခု စကြာနက်ဂိုဏ်းရဲ့ အရေးတကြီးကိစ္စတစ်ခုကြောင့် ချီဖွေကိုရောက်နေတာ၊ သူပြောပြမှ အစ်ကိုဗဦး ဘာကြောင့်အသတ်ခံရသလဲဆိုတာ သိရတယ်''

''အင်း . . . ဆိုပါဦး''



www.burmeseclassic.com

www.burmeseclassic.com



''အစ်ကိုဗဦးရဲ့ရည်းစား မြကျင်ဆိုတဲ့ တရုတ်ကပြားမလေးကို ဦးကျောက်ဘီလူးက မတရားသိမ်းပိုက်ခဲ့တယ်ကွ၊ မြကျင်ဟာ မချစ်မနှစ်သက်တဲ့ ဦးကျောက်ဘီလူးရဲ့လက်ထဲက ရုန်းထွက်ဖို့ကြိုးစားတော့ အစ်ကိုဗဦးရဲ့ အကူအညီရယူခဲ့တယ်တဲ့၊ အစ်ကိုဗဦးကလည်း မြကျင် လုံခါးကနေ ထွက်ပြေးနိုင်စေဖို့ ကူညီတုန်း ဦးကျောက်ဘီလူးက သိသွားပြီး အစ်ကိုဗဦးကို တောထဲမှာပဲ သတ်ပစ်လိုက်တာလို့ ကိုမျိုးခိုင်က ပြောပြတယ်''

''ဩော်''

''ပြီးတော့ ကိုမျိုးခိုင်က ဒီနေ့ ချီဖွေကို မန္တလေးမှာ အခြေစိုက်တဲ့ စကြာနီဂိုဏ်းနဲ့ တောင်ကြီးဘက်က စကြာဖြူဂိုဏ်း ခေါင်းဆောင်တွေ ရောက်လာမှာလို့ ပြောတယ်ကွ''

''စကြာနီဂိုဏ်း စကြာဖြူဂိုဏ်း ... ဟုတ်လား၊ သူတို့ကလည်း စကြာနက်ဂိုဏ်းလိုပဲ ဒုစရိုက်ဂိုဏ်းတွေလား''

''ဟုတ်တယ်ကွ၊ အဲဒီဂိုဏ်းသုံးဂိုဏ်းဟာ သူတို့ချင်းဆက်သွယ်မှုမပြတ် ရှိတယ်၊ လွန်ခဲ့တဲ့နှစ်နှစ်ကျော်လောက်က ဦးကျောက်ဘီလူး ကချင်ဒေသဘက်ပြောင်းလာချိန်မှာပဲ အထက်မြန်မာပြည် ဒုစရိုက်လောကထဲက နာမည်ကြီးဓားပြဂိုဏ်း ခေါင်း





ဆောင်နှစ်ဦးနဲ့ ပူးပေါင်းပြီး စကြာနက် စကြာနီ စကြာဖြူဆိုပြီး ဂိုဏ်းကြီးသုံးဂိုဏ်းကို ထူထောင်ခဲ့ကြတာပဲကွ ...၊

သူတို့ ဒုစရိုက်ဂိုဏ်းကြီးသုံးဂိုဏ်းဟာ အထက်မြန်မာပြည်မှာ သူ့နယ်နဲ့သူ ကြီးစိုးထားကြပြီး အချင်းချင်းလည်း ရှိုင်းပင်းကူညီလေ့ရှိတယ်လို့ သိရတယ် နဂါးမာန်ရဲ့၊ စကြာနက်ဂိုဏ်းရဲ့တာဝန်က နယ်ခြားကနေ ဘိန်းတွေထုတ်လုပ်ဖို့ တင်သွင်းဖို့ တာဝန်ယူပေးရပြီး စကြာဖြူနဲ့ စကြာနီဂိုဏ်းတို့က နိုင်ငံထဲမှာ ဘိန်းဖြန့်ချိရောင်းချရေးကို တာဝန်ယူရတယ်၊ သူတို့ဂိုဏ်းသုံးဂိုဏ်းဟာ အကျိုးတူ ပူးပေါင်းလုပ်ဆောင်ကြတဲ့သဘောပဲ''

''အဲဒီစကြာဂိုဏ်းနှစ်ဂိုဏ်းကခေါင်းဆောင်တွေဟာ ဘာကိစ္စအတွက်နဲ့ ချီဖွေကို လာကြမှာလဲဗျ''

''တန်ဖိုးကြီးမားလှတဲ့ အရောင်းအဝယ်ကိစ္စလုပ်ကြဖို့လို့ ကိုမျိုးခိုင် ပြောတာပဲကွ၊ ဘာကို ရောင်းကြဝယ်ကြမယ်ဆိုတာတော့ သူတို့လိုဂိုဏ်းသားတွေတောင် မသိကြဘူးတဲ့''

''အဲဒီတော့ ကျုပ်တို့က ဘယ်လိုလုပ်ကြမလဲ''

ဤတွင် ဗခက်က ဝင်ပြောလေသည်။

''အရောင်းအဝယ်လုပ်မှာက ဒီ ချီဖွေမှာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လုံးခါးမှာလို့ ပြောတယ်''

''ဒါဆို ကျုပ်တို့က လုံးခါးကို လိုက်သွားရမှာပေါ့ . . . ဟုတ်လား''

''ဟုတ်တယ် . . . ဒါပေမဲ့ စကြာဂိုဏ်းသားတွေ သွားမယ့် ကုန်သွယ်လမ်းအတိုင်း သွားလို့မဖြစ်ဘူး၊ လုံးခါးကို သွားလို့ရတဲ့ လျှို့ဝှက်လမ်းတစ်ခုရဲ့မြေပုံကို ကိုမျိုးခိုင်ဆွဲပေးလိုက်တယ်''

ဗခက်က သူ၏ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ စာရွက်ခေါက်တစ်ခုထုတ်ပေးရာ နဂါးမာန်ကျော်ရင်က စာရွက်ခေါက်လေးကို ဖြည်ကြည့်လိုက်သည်။

''အင်း . . . သေသေချာချာ ရေးဆွဲပေးလိုက်တဲ့ မြေပုံပဲ''

''ဟုတ်တယ် . . . အဲဒီလျှို့ဝှက်လမ်းကို စကြာနက်ဂိုဏ်းသားတွေထဲက တော်တော်များများတောင် မသိကြဘူးတဲ့''

''ဒါထက် ကိုမျိုးခိုင်ကရော ယုံရရဲ့လား ကိုဗဒင်၊ တော်ကြာ ကျုပ်တို့အတွက် ထောင်ချောက်လည်း ဖြစ်နေဦးမယ်နော်''

''ကိုမျိုးခိုင်က သဘောရိုးနဲ့ ငါတို့ကို ကူညီလိုက်တာပါ နဂါးမာန်ရဲ့''





''ဟုတ်တယ်၊ သူက အစ်ကိုကြီးဗဦး အသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဦးကျောက်ဘီလူးကို အခဲမကြေဖြစ်နေတာ၊ လှန်လည်းမလှန်ရဲလို့ စကြာနက်ဂိုဏ်းထဲမှာ ဟန်မပျက်နေနေရတာ၊ သူ့သူငယ်ချင်း အစ်ကိုကြီးဗဦးအတွက် ဦးကျောက်ဘီလူးကို သူ တစ်ခုခုလုပ်ချင်နေလို့ ခုလို ငါတို့ကို ကူညီလိုက်တာပဲ နဂါးမာန်ရဲ့''

''အေးလေ . . . ခင်ဗျားတို့ညီအစ်ကိုအနေနဲ့ ကိုမျိုးခိုင်ကို ယုံကြည်ရင် ပြီးတာပါပဲ၊ ဒီတော့ ဒီလျှို့ဝှက်လမ်းအတိုင်း ကျုပ်တို့က လုံးခါးကို ဘယ်တော့သွားကြမလဲ''

''ဒီနေ့ညနေလောက် စကြာနီနဲ့ စကြာဖြူဂိုဏ်း ခေါင်းဆောင်တွေ ရောက်လာမယ်လို့ ပြောတယ်၊ ဒီညမှာ စကြာဂိုဏ်းခေါင်းဆောင်သုံးဦး ဆွေးနွေးပွဲလုပ်ကြပြီး မနက်နှင်းမကွဲခင် လုံးခါးကို ခရီးဆက်ကြလိမ့်မယ်၊ ဒါကြောင့် ငါတို့ကလည်း မနက်မှပဲ လျှို့ဝှက်လမ်းက လိုက်ကြမှဖြစ်မယ်''

''ဒါဆို မနက်ဖြန်မနက် ခရီးထွက်ဖို့ ဒီနေ့ကတည်းက ကျုပ်တို့ကြိုပြီး စီစဉ်စရာရှိတာ စီစဉ်ထားကြမှဖြစ်မယ်ဗျ''

''အေး . . . မြင်းတွေငှားထားဖို့က ငါ့တာဝန်ထား၊



www.burmeseclassic.com

www.burmeseclassic.com



ဗခက်နဲ့ ဗလထွန်းတို့က စစ်သုံးပစ္စတိုနှစ်လက်လောက်ရအောင် ကြိုးစားရှာဖွေဝယ်ယူကြရမယ်၊ နဂါးမာန် ... မင်းက တောလမ်းခရီးအတွက် နှစ်ရက်စာရိက္ခာခြောက်ယူသွားနိုင်ဖို့ စီစဉ်ကွာ''

''စိတ်ချ''

✲ ✲ ✲



## အာရိယန်တို့၏ရတနာ



နဂါးမာန်ကျော်ရင်တို့သည် ...

နောက်နေ့နံနက် နှင်းမကွဲမီမှာပင် တည်းခိုရာ မိုးပျံနဂါးတည်းခိုအိမ်မှ မြင်းကိုယ်စီဖြင့် ထွက်ခွာခဲ့ကြရာ စကြာအုပ်စုနှင့်မဆုံမိစေရန် မြို့၏အနောက်ဘက် ဖုန်းဆိုးလွင်ပြင်ဘက်မှ ပတ်ထွက်ခဲ့ကြလေ၏။

သူတို့သည် သစ်ခုတ်သမားတို့သာ သွားလာသည့် တောလမ်းအတိုင်း ခရီးနှင်ခဲ့ကြရာ ကုန်သွယ်လမ်းကြောင်းမဟုတ်သဖြင့် ခရီးလမ်းက ကြမ်းတမ်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးခိုင်ရေးဆွဲပေးလိုက်သည့် မြေပုံညွှန်းအတိုင်း ခရီးနှင်ခဲ့ကြရာ အချို့တောင်စောင်းများသည် မတ်စောက်လှသဖြင့် နဂါးမာန်ကျော်ရင်တို့သည် မြင်းများပေါ်မှဆင်းပြီး မြင်းကို ဆွဲကာ တက်ကြရ၏။

သူတို့သည် တစ်နေ့တာလုံး ခရီးနှင်ပြီးလျှင်မှ ကျောက်တောင်မြင့်ကြီးတစ်ခု၏ခြေရင်း၌ ရွက်ဖျင်တဲထိုးကာ ညအိပ်ရပ်နားကြရလေသည်။

နောက်တစ်နေ့နံနက်တွင်မှ ခက်ခဲကြမ်းတမ်းလှသည့် ကျောက်တောင်ကြားတို့ကို ဖြတ်သန်းသွားရသဖြင့် မြင်းတို့ကို မစီးနင်းနိုင်ကြတော့ဘဲ မြင်းဇက်ကြိုးကို လက်မှဆွဲကာသာ ခြေလျင်ခရီးနှင်ကြရလေသည်။

ယင်းသို့လျှင် ကျောက်တောင်များကြားမှ ခရီးနှင်ရင်း မြင့်မားလှသည့် ကျောက်တောင်ကြီးတစ်တောင်၏ခြေရင်းရှိ ကျောက်ဂူအဝတစ်ခုရှေ့သို့ ရောက်ရှိသွားကြတော့သည်။

"အင်း . . . မြေပုံညွှန်းအရဆိုရင်တော့ လုံးခါးကိုရောက်ဖို့ ဒီကျောက်ဂူကနေ လိုဏ်လမ်းအတိုင်း ဝင်ကြရမှာပဲ နဂါးမာန်ရ"





"မနက်မှ ဝင်လို့ဖြစ်မှာပေါ့ဗျာ၊ ခုပဲ နေဝင်နေပြီ၊ ဒီမှာပဲ စခန်းချ ညအိပ်ကြတာပေါ့"

✡

သို့ဖြင့် ထိုညက ကျောက်ဂူအဝမှာပင် စခန်းချ ညအိပ်ကြပြီး နောက်တစ်နေ့နံနက်တွင်မှ လှိုဏ်ဂူလိုဏ်လမ်းအတိုင်း ခရီးနှင်ရန် စီစဉ်ကြရလေသည်။

"မြင်းတွေကိုတော့ ဒီဂူအဝနားမှာပဲ လှန်ထားခဲ့ကြရအောင် ကိုဗဒင်"

"အေး . . . ဟုတ်တယ်၊ လိုဏ်လမ်းအတိုင်း ဝင်ရမှာဆိုတော့ မြင်းတွေကို ထားခဲ့မှဖြစ်မယ်"

သူတို့က မြင်းများကို ကျောက်ဂူဝနှင့် မနီးမဝေးရှိ တောင်သလဲပင်၊ ချွေးတောက်ပင်တို့မှ သစ်ကိုင်းတို့တွင် ဇက်ကြိုးများချည်ကာ ထားခဲ့ကြ၏။

အပင်ခြေရင်းတို့တွင် မြက်နုလေးများ ပေါက်နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြင်းစာအတွက် မပူရချေ။

နဂါးမာန်တို့သည် ပါလာသည့်ကောက်ညှင်းကျည်တောက်များကိုပင် ဆတ်သားခြောက်ကြော်ဖြင့် အဆာပြေစားကြပြီးနောက် စတွန်းကင်းမီးအိမ်များကို မီးထွန်းညှိပြီး ကျောက်လိုဏ်ဂူကြီးထဲ စတင်ဝင်ရောက်ကြတော့၏။

"ဒီ သဘာဝဂူကြီးထဲမှာ စကြာနက်ဂိုဏ်း ထူထောင်စက စခန်းချသေးတယ်လို့ ကိုမျိုးခိုင်ကပြောတယ် နဂါးမာန်ရဲ့နောက်မှ ဂူလိုဏ်လမ်းအချို့ဟာ ဂူပြိုတာတွေဖြစ်ပြီး ပိတ်ကုန်တာနဲ့ လုံးခါးဘက် စခန်းပြောင်းသွားခဲ့ကြတာတဲ့၊ ဒီကျောက်တောင်ကြီးဟာ လျှောင်ကြောပေါ်မှာတည်နေတာလို့ ပြောတယ်"

"အင်း . . . ဒီဂူထဲမှာ လိုဏ်လမ်းတွေ အဘော်များတာပဲနော်၊ မြေပုံအညွှန်းသာမပါရင် ဝင်ဖို့မလွယ်ဘူးဗျ"

"ဟုတ်တယ် နဂါးမာန်ရေ . . . စကြာနက်ဂိုဏ်းစခန်းချဖူးတော့ ဂူနံရံတွေမှာ အမှတ်အသားတွေထွင်းထားခဲ့လို့ တော်ပါသေးရဲ့ကွာ"

နဂါးမာန်ကျော်ရင်တို့သည် စတွန်းကင်းမီးအိမ်တို့ကိုအားကိုးပြုလျက် ဂူနံရံမှ အမှတ်အသားတို့ကို ဂရုစိုက်ကြည့်ရှုကာ





ခရီးနှင်ခဲ့ကြခြင်းဖြစ်သည်။

နှစ်နာရီကျော်ကျော်ခန့် ကွေ့ကွေ့ကောက်ကောက် ဂူလိုဏ်လမ်းများအတိုင်း ခရီးနှင်ခဲ့ကြပြီးလျှင်မူ ဂူလိုဏ်လမ်းသည် ကျဉ်းသည်ထက်ကျဉ်းလာပြီးလျှင် လူတစ်ယောက်သွားသာရုံသာ ရှိတော့၏။

"ဒါ သဘာဝဂူလိုဏ်မဟုတ်ဘူးကွ၊ လူတွေထွင်းဖောက်ထားတဲ့ လိုဏ်လမ်းပဲ၊ စကြာနက်ဂိုဏ်းသားတွေ ထွင်းဖောက်ထားတာပဲဖြစ်ရမယ်"

သူတို့သည် လေးထောင့်ကျကျ ဂူလိုဏ်လမ်းကျဉ်းကျဉ်းလေးအတိုင်း ကိုက်ငါးဆယ်ခန့် ခရီးနှင်ခဲ့ပြီးလျှင်မူ ကျောက်တုံးများ ဆင့်ကာ ဆင့်ကာ ပိတ်ဆို့ထားသည့် ဂူအဝသို့ ရောက်ရှိသွားကြပါတော့၏။

"အင်း . . . မြေပုံထဲမှာ ညွှန်ပြထားတဲ့ ဂူလိုဏ်လမ်းရဲ့တစ်ဖက်ထွက်ပေါက်ကိုရောက်ပြီ"

သူတို့က ဂူအဝကိုပိတ်ဆို့ထားသည့် ကျောက်တုံးများအား တစ်လုံးချင်း မ,ယူကာ ဖယ်ရှားလိုက်ကြသည်။

"အင်း . . . ဒီဂူအဝမှာ ချုံပင်တွေပေါက်နေတော့ တော်



www.burmeseclassic.com

www.burmeseclassic.com



ရှုံနဲ့ ဂူအဝကို ဘယ်မြင်နိုင်မလဲ''

နောက်ဆုံးဝယ် နဂါးမာန်ကျော်ရင်တို့သည် ဂူလိုဏ်လမ်းမှ ထွက်နိုင်ခဲ့ကြပြီး သန့်ရှင်းလတ်ဆတ်သည့် ပြင်ပလေကို တစ်ဝကြီးရှူလိုက်ကြတော့၏။

''ကဲ ... ဒီဂူအဝနဲ့ လုံးခါးဟာ နှစ်ဖာလုံလောက်ပဲ ဝေးတော့တယ်၊ ဒီတော့ ငါတို့ သတိကြီးကြီးနဲ့ ခရီးဆက်ကြမှ ဖြစ်မယ်''

''ဟုတ်တယ် ... မျက်စိရှင်ရှင် နားပါးပါးထားပြီး ကျုပ်တို့ ခရီးနှင်မှဖြစ်မယ်၊ ကိုက်နှစ်ရာလောက်သွားပြီးတာနဲ့ နီးရာအပင်တစ်ပင်ပေါ်တက်ပြီး ဝန်းကျင်ကို အကဲခတ်ရမယ်ဗျ၊ မီးအိမ်တွေကိုတော့ ဒီဂူထဲမှာပဲ ထားခဲ့ကြဗျာ''

သို့ဖြင့် နဂါးမာန်ကျော်ရင်တို့သည် ကျောက်ဂူထဲတွင် စတွန်းလင်းမီးအိမ်များကို မီးငြိမ်းသတ်ကာထားခဲ့ကြပြီးနောက် မြေပုံညွှန်းအတိုင်း ခရီးဆက်ထွက်ခဲ့ပါတော့သတည်း။

✲





''ရှေ့ကခင်တန်းကိုကျော်ရင် လျှိုတစ်ခုကိုရောက်မယ်ဗျ၊ အဲဒီလျှိုထဲမှာ သက်ကယ်မိုးထားတဲ့ အိမ်လေးတွေ တွေ့ရတယ်၊ အဲဒါ လုံးခါးစခန်းရွာပဲ ဖြစ်ရမယ်၊ မီးခိုးတွေလည်း တွေ့ရတယ်ဗျ''

ကညင်ပင်ပေါ်တက်ကာ ရှေ့ကိုမျှော်ကြည့်ပြီးနောက် ပြန်ဆင်းလာသည့် နဂါးမာန်ကျော်ရင်က သတင်းပေးလိုက်လေသည်။

''ကဲ ... ဒါဆို လျှိုထဲကို အပေါ်စီးကရှုမြင်နိုင်မယ့် ကျောက်ကမ်းပါးစွန်းလိုနေရာမျိုးကို အရင်ရှာပြီးမှ လုံးခါးကို လေ့လာစူးစမ်းကြရအောင်''

နဂါးမာန်ကျော်ရင်တို့သည် တောထဲတိုးဝင်ခဲ့ပြီး မကြာမီပင် မတ်စောက်လှသည့် ကျောက်တောင်တစ်လုံးကို ပတ်တက်လာခဲ့ကြရာ လျှိုထဲသို့ ကောင်းကောင်းကြီးရှုမြင်နိုင်သည့် ကမ်းပါးစွန်းတစ်ခုသို့ ရောက်ရှိသွားပါတော့၏။

သူတို့သည် ယင်းကမ်းပါးမှ ကျောက်စွန်း၌ အားလျားမှောက်ကာ လျှိုထဲသို့ အသင့်ယူလာသည့်အဝေးကြည့်မှန်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တစ်ယောက်တစ်လှည့် ကြည့်လျက် စူးစမ်းလေ့လာကြလေသည်။

လျှိုမှာ ကိုက်သုံးဆယ်မျှ ကျယ်ပြန့်ပြီး တစ်ဖက်ကျောက်တောင်ခြေရင်းတွင် ကြည်လင်သည့်ရေကြောင်းတစ်ခု စီးဆင်းလျက်ရှိကြောင်း တွေ့ရ၏။

အဆိုပါစမ်းချောင်းငယ်၏ သည်မှာဘက်မှာမူ သစ်လုံးခွဲခြမ်းများဖြင့် ကာရံထားပြီး သက်ကယ်မိုးထားသည့် အိမ်လေးများကို တွေ့ရလေသည်။

ယင်းအိမ်လေးတို့၏အလယ်၌ သစ်သားနှစ်ထပ်အိမ်ကြီးကို တွေ့ရရာ ...

"အဲဒီအိမ်ကြီးဟာ ဦးကျောက်ဘီလူးရဲ့စံအိမ်ဖြစ်မယ်ဗျ။ ဟော ... ဟောဟိုဘက်တောင်ကြားလမ်းကနေ မြင်းစီးသမားတွေ ဝင်လာကြပြီဗျို့၊ အင်း ... ရှေ့ဆုံးကချီတက်လာကြတာ စကြာခေါင်းဆောင်သုံးဦးပဲဖြစ်မယ်၊ အလယ်က ဦးကျောက်ဘီလူးပဲ"

ဗဒင်ကလည်း မှန်ပြောင်းကိုယူကာ ကြည့်လေသည်။

"အင်း ... ဒီပေါ်ကဆိုရင် လုံးခါးရွာလေးကို သေသေ





ချာချာ တွေ့ရတာပဲ၊ ငါတို့ ဒီကျောက်တောင်အစွန်းကနေ တစ်ယောက်တစ်လှည့် စောင့်ကြည့်ကြတာပေ့ါ၊ အဲဒီအိမ်ကြီးထဲမှာပဲ ဦးကျောက်ဘီလူးတို့ အရောင်းအဝယ်လုပ်ကြမှာကွ"

သို့ဖြင့် နဂါးမာန်ကျော်ရင်တို့သည် ချုံနွယ်တို့ပေါ်များလှသည့် ကျောက်ကမ်းပါးစွန်းမှာပင် စခန်းချလိုက်ကြကာ လုံးခါးကို အကဲခတ်စောင့်ကြည့်လျက်ရှိပါတော့သတည်း။

✲

တစ်နေ့ကုန်ထူးခြားမှုမရှိလှသော်လည်း ...

ညနေစောင်းခန့်တွင်မူ မြင်းစီးသမားအုပ်စုတစ်စု အရှေ့ဘက်မှနေ၍ လုံးခါးစခန်းရွာထဲ ဝင်ရောက်လာကြသည်ကို တွေ့ရလေသည်။

စခန်းရွာတစ်ခုလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး ဦးကျောက်ဘီလူးကိုယ်တိုင် နှစ်ထပ်အိမ်ကြီးထဲမှထွက်လာကာ မြင်းစီးသမားအုပ်စုကို ကြိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ဖက်နိုင်ငံကလာတဲ့ ကုန်သည်တွေနဲ့တူတယ်၊ ဝတ်စားထားပုံကတော့ ရှေးဆန်သလိုပဲ"

"ဟုတ်တယ်ကွ . . . ဒီနယ်စပ်ကိုလာနေကျ တရုတ်ကုန်သည်တွေတော့ မဟုတ်ဘူး၊ ကိုမျိုးခိုင်ပြောသလိုဆို အာရိယန်တွေပဲဖြစ်မယ်ကွ"

"အာရိယန်တွေက ဒီဘက်ပိုင်းမှာရှိလို့လားဗျ"

"ရှိတာပေါ့၊ သူတို့ဟာ မွန်ဂိုလီးယားတို့, တိဗက်ကုန်းပြင်မြင့်တို့ဘက်ကနေ ဆင်းလာကြတဲ့ ရှေးဟောင်းလူမျိုးစုတွေပဲ၊ သူတို့ဟာ တစ်ဖက်နိုင်ငံနယ်စပ် တောခေါင်တဲ့အရပ်ဒေသတွေမှာ အခြေချနေထိုင်ကြတယ်"

"အရောင်းအဝယ် ကြီးကြီးမားမားလုပ်မယ်ဆိုတာ အဲဒီအာရိယန်တွေနဲ့လုပ်မှာပေါ့ . . . ဟုတ်လား"

"အေး . . . ကိုမျိုးခိုင်ကတော့ အဲဒီလိုပြောတာပဲ၊ ဘာတွေရောင်းကြဝယ်ကြမလဲတော့မသိဘူး၊ ဟော . . . ဟိုမှာ ကိုမျိုးခိုင်ပါလား"

အာရိယန်တို့၏မြင်းများကို နှစ်ထပ်အိမ်ကြီး၏နောက်ဘက်ရှိ မြင်းဇောင်းဆီ ဇက်ကြိုးများမှဆွဲကာ ခေါ်ဆောင်သွား





သည့် စကြာနက်ကိုဏ်းသားအချို့ကို ညွှန်ကြားပြောဆိုနေသော အရပ်မြင့်မြင့်၊ ခပ်ပိန်ပိန်လူတစ်ဦးကို ဗဒင်က ညွှန်ပြပြီးပြောလေသည်။

"ဪ . . . အဲဒီလူက ကိုမျိုးခိုင်လား၊ စောစောတုန်းက တစ်ခါ သူ့ကို ကျုပ်တွေ့လိုက်သေးတယ်၊ သူနဲ့ဆက်သွယ်လို့ရရင် ကောင်းမယ်ဗျာ"

"ည နည်းနည်းမှောင်မှ အဲဒီစခန်းနားကို ငါ ချဉ်းကပ်သွားပြီး ကိုမျိုးခိုင်နဲ့ အဆက်အသွယ်ရအောင် ကြိုးစားမယ်"

"ဘယ်လိုကြိုးစားမှာလဲဗျ"

"ဒီလုံးခါးကို ငါတို့လိုက်လာနိုင်ရင် သူနဲ့ဆက်သွယ်ဖို့ နည်းလမ်းပေးထားတယ်ကွ"

"ဘယ်လိုတဲ့လဲ"

"သူတို့စခန်းနားကို ချဉ်းကပ်ပြီး ဆတ်တစ်သံသာ ပေးလိုက်တဲ့၊ သူ လာတွေ့မယ်လို့ပြောတယ်၊ ခက်တာက ဆတ်တစ်သံ ငါလည်းမလုပ်တတ်ဘူးကွ၊ ဗခက်ရော ဗလထွန်းပါ မလုပ်တတ်ဘူး"

"အဲဒီအတွက်တော့ မပူပါနဲ့၊ ကျုပ် ဆတ်တစ်သံ ရင်



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါတယ်''

နဂါးမာန်ကျော်ရင်မှာ ဖိုးသူတော်ကြီးတိဿဆီမှ လောကီပညာရပ်အချို့ သင်ကြားခွင့်ရသည့်တွင် တိရစ္ဆာန်မျိုးစုံ၏အသံပြုလုပ်ခြင်းအတတ်ကိုပါ ဆည်းပူးခွင့်ရခဲ့သူဖြစ်၏။

''ဒါဆို တော်ပါသေးရဲ့ကွာ၊ ငါတို့ ညအတော်မှောင်ရင် သူတို့ရဲ့စခန်းနား ချဉ်းကပ်သွားကြတာပေါ့၊ ကဲ ... အခု ညစာစားကြရအောင်ကွာ''

သို့ဖြင့် နဂါးမာန်ကျော်ရင်တို့သည် ထမင်းနှင့်အမဲခြောက်ဖုတ်တို့ကို ညစာအဖြစ် လွေးပြီးနောက် ညအမှောင်ထုကြီးစိုးလာမည့်အချိန်ကို ကွမ်းမြုံ့ရင်း စိတ်ရှည်လက်ရှည် စောင့်စားခဲ့ကြလေသည်။

✡

ညအမှောင်ထုလွှမ်းလာသည့်တွင် လုံးခါးစခန်းရှိ အိမ်လေးများ၌ မီးခွက်မီးများ ထွန်းလင်းလာကြပြီး ဦးကျောက်ဘီလူး





၏ နှစ်ထပ်အိမ်ကြီးထဲမှမူ အောက်လင်းဓာတ်မီးရောင်တို့က ပြတင်းဝတို့မှ ဖြာထွက်လာတော့၏။

ရာသီဥတုက အေးစက်စပြုလာပြီး လုံးခါးစခန်းလေး၏ ဝန်းကျင်၌ တောရိပ်တောင်ရိပ်ကြောင့် အမှောင်ထုက လျင်မြန်စွာ ကြီးစိုးလာတော့သည်။

''ကဲ ... ငါတို့ စခန်းနားသွားကြရအောင်''

နဂါးမာန်ကျော်ရင်တို့သည် လက်နှိပ်မီးကို ခပ်အုပ်အုပ်ထွန်းကာ တောင်ခါးပန်းပေါ်မှ ကွေ့ဗတ်ဆင်းခဲ့ကြပြီး လုံးခါးစခန်းအနီးသို့ ခြေသံလုံလုံဖြင့် ချဉ်းကပ်လာခဲ့ကြတော့၏။

လုံးခါးစခန်းတစ်ခုလုံးမှာ ညမှောင်စပြုစဉ်က စကားပြောသံ၊ ရယ်မောသံများဖြင့် စည်စည်ဝေဝေရှိသလောက် ညဥ့်အတော်မှောင်လာသည့်တွင် လူသံသူသံတို့ တဖြည်းဖြည်း တိတ်ဆိတ်သွားတော့၏။

နှစ်ထပ်အိမ်ကြီးဆီမှမူ စကားပြောသံများ၊ ရယ်မောသံများ တစ်ချီ ဘစ်ချီ ထွက်ပေါ်လာသည်ကိုသာ ကြားရလေသည်။

နဂါးမာန်ကျော်ရင်တို့သည် တန်းစီဆောက်ထားသည့် အိမ်တန်းနှင့် ဝါးနှစ်ပြန်သုံးပြန်အကွာရှိ ဝါးရုံတောကြီး၏ ခြေရင်း



www.burmeseclassic.com

www.burmeseclassic.com



မှောင်ရိပ်သို့ ရောက်ရှိကြသည်တွင် ရပ်လိုက်ကြပြီး အခြေအနေကို စောင့်ကြည့်အကဲခတ်နေလိုက်ကြ၏။

"ကဲ နဂါးမာန် ... ဆတ်တစ်သံပေးတော့ကွာ"

ခဏလေးကြာမှ ဗဒင်ကန္နီးဆော်ရာ နဂါးမာန်ကျော်ရင်က ဆတ်တစ်သံကို မတိုးမကျယ်ပြုလုပ်လိုက်တော့သည်။

'တရိန် တရိန် တရိန်'

ညဥ့်ဝန်းကျင်က တိတ်ဆိတ်လျက်ရှိပြီး ပုစဉ်းရင်ကွဲမြည်သံ၊ ပုရစ်အော်သံတို့နှင့် မြေဝပ်ငှက်အချို့ ထပ်ျသံတို့သာ တစ်ခါတစ်ရံ ထွက်ပေါ်လျက်ရှိရာ နဂါးမာန်ကျော်ရင်၏ ဆတ်တစ်သံက ထူးထူးခြားခြား ထွက်ပေါ်လျက်ရှိတော့သည်။

ထို့ကြောင့်လည်း သူတို့နှင့်အနီးဆုံးရှိ အိမ်တစ်အိမ်ထဲမှ တံခါးဖွင့်ကာ လူအချို့ထွက်လာပြီး အသံကြားရာဆီ လှမ်းကြည့်ကြသည်ကို တွေ့ရ၏။

သို့ကြောင့် နဂါးမာန်ကျော်ရင်က နေရာပြောင်းကာ ဆတ်တစ်သံကိုပြုရင်း တဖြည်းဖြည်းဝေးသွားသည့်အလား အသံကို တဖြည်းဖြည်းတိုးလိုက်လေသည်။

"စခန်းနားအထိ တော်တော်ကပ်လာတာကွ၊ ဒီဆတ်





တော့ နေနှင့်ဦး၊ မနက်ကျမှ တောတိုးပြီးပစ်ရမယ်"

အရက်မူးသံဖြင့် လူတစ်ဦးကပြောလိုက်ပြီး ထိုသူတို့ အိမ်ထဲပြန်ဝင်သွားကြတော့သည်။

"နဂါးမာန် ... မင်းရဲ့ ဆတ်တစ်သံက တော်တော်သဘာဝကျပြီး ပီပြင်တာပဲကွ၊ ဒါကြောင့် ဟိုကောင်တွေက တကယ့်ဆတ်လို့ထင်သွားကြတာ၊ ခဏနေရင် ထပ်ပြီးအသံပေးကွာ"

သူတို့က နေရာနည်းနည်းပြောင်းပြီး သင်ဂဒူပင်ကြီးတစ်ပင်အောက်အရောက်တွင် ဆတ်တစ်သံ ထပ်လုပ်ပြန်၏။

'တရိန် တရိန် တရိန် တရိန်'

နဂါးမာန်ကျော်ရင်က ခဏနားနားပြီး နောက်ထပ် သုံးကြိမ်ခန့် ပြုလုပ်ပြီးသည့်တိုင် မည်သို့မျှ ထူးခြားမလာသဖြင့် စိတ်ပျက်စပြုလာစဉ် ...

'ချွတ် ချွတ်'

သူတို့နောက်ကျောဘက်ဆီမှ သစ်ရွက်ခြောက်နင်းသံကြားကြရာ ဖျတ်ခနဲလှည့်ကြည့်မိကြပြီး ဗဒင်က ခြေသံကြားရာဆီသို့ လက်နှိပ်မီးဖြင့် လှမ်းထိုးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကိုမျိုးနိုင်"

"ဟေ့ ... လက်နှိပ်ဓာတ်မီးကို မြန်မြန်ပိတ်လိုက်ကွ"

ကိုမျိုးနိုင်က ခပ်အုပ်အုပ်အသံဖြင့် လှမ်းပြောရင်း ခပ် မြန်မြန် လျှောက်လှမ်းလာသည်။

"ဆတ်တစ်သံ ငါကြားတယ်၊ ဒါကြောင့် မြင်းဇောင်းဘက် စစ်ဆေးဖို့သွားမယ်ဆိုပြီး နောက်ဘက်ကပတ်ထွက်လာတာကွ"

"အေးဗျ ကိုမျိုးနိုင် ... ညနေကရောက်လာတာ အာရိယန်တွေ မဟုတ်လား"

"အေး ... ဟုတ်တယ်၊ အဲဒီလူတွေထဲက ကတ္တီပါစအနီရောင်ခြုံလွှာ ကျောနောက်မှချထားတဲ့ လူခပ်တောင့်တောင့်ဟာ အာရိယန်မျိုးနွယ်တစ်ခုရဲ့ မင်းသားတစ်ပါးပဲကွ၊ နာမည်က အခါရန်တဲ့"

"သူတို့က ဘာလာလုပ်ကြတာလဲဗျ"

"အဲဒီ အာရိယန်မျိုးနွယ်ဝင်တွေဟာ တစ်ဖက်နိုင်ငံရဲ့တောနက်ပိုင်းမှာ တသီးတခြားနေသူတွေကွ၊ ပြင်ပကမ္ဘာနဲ့တော့ ကူးသန်းသွားလာမှု ရှိတယ်၊ ထူးခြားတာက သူတို့ဟာ ရှေးဟောင်းမျိုးနွယ်တွေဖြစ်တဲ့အတွက် ဒေသတွင်း လူမျိုးစုဘုရင်တွေရှိပြီး နန်းစဉ်ရတနာတွေလည်း ပိုင်ဆိုင်ကြတယ်ကွ ...၊

ဒါပေမဲ့ သူတို့ဒေသမှာ ဆန်စပါးနဲ့သီးနှံကလွဲပြီး တခြားထွက်ကုန်မရှိလို့ တိုးတက်နေတဲ့ ပြင်ပကမ္ဘာက လူ့အသုံးအဆောင်တွေဝယ်ဖို့ ငွေမရှိကြဘူး၊ ဒါကြောင့် သူတို့ရဲ့နန်းစဉ်ရတနာတချို့ကိုရောင်းဖို့ တရုတ်ရတနာကုန်သည်တွေနဲ့ ဆက်သွယ်ရာက ဦးကျောက်ဘီလူးနဲ့ခင်တဲ့ ရတနာပွဲစားကြီးလျောင်ထန်က အဲဒီအာရိယန် မင်းသားအခါရန်ကို ဦးကျောက်ဘီလူးနဲ့ ဆက်ပေးလိုက်တာကွ"

"ဪ ... ဒီလိုလား၊ ဒါထက် သူတို့က ဒီမှာပဲ အရောင်းအဝယ်လုပ်ကြမှာလား၊ သူတို့ကရောင်းပြီး ဦးကျောက်ဘီလူးက ဝယ်မှာပေါ့"

"ဟုတ်တယ်၊ ဒါပေမဲ့ သူတို့ရောင်းချင်တဲ့ရတနာပစ္စည်းတွေက လွန်ခဲ့တဲ့ နှစ်တစ်ထောင်ကျော်က ရှေးဟောင်းရတနာတွေမို့ ရတနာတွေရဲ့တန်ဖိုး၊ ရွှေတွေရဲ့တန်ဖိုးထက် ရှေးဟောင်းပစ္စည်းတန်ဖိုးက ပိုမြင့်နေတယ်၊ ဒါကြောင့် ဦးကျောက်ဘီလူးတစ်ဦးတည်းဝယ်ဖို့ မတတ်နိုင်ဘူး ...၊







www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာတင် စကြာနီနဲ့ စကြာဖြူဂိုဏ်းခေါင်းဆောင်တွေကို ရှယ်ယာထည့် စုပေါင်းပြီးဝယ်ဖို့ အကြောင်းကြားခေါ်ယူခဲ့တာကွ . . . ၊

စကြာဂိုဏ်းတွေရဲ့အကြံက အာရိယန်တွေဆီက အဲဒီရှေးဟောင်းရတနာထည်တွေကို ဈေးနှိမ်နိုင်သမျှနှိမ်ဝယ်ပြီး ဥရောပသားရတနာကုန်သည်တွေဆီ ခိုးရောင်းဖို့ ကြံထားကြတာကွ''

''နေပါဦး . . . ဦးကျောက်ဘီလူးတို့က မှန်မှန်ကန်ကန် ရော ဝယ်ကြမှာလား၊ ခါတိုင်းလို ငွေပေးဝယ်ပြီးမှ ပြန်ပြီးခားပြတိုက် လုယက်တာမျိုး လုပ်ဦးမှာလား''

''အဲဒီလိုလုပ်မယ်လို့တော့ မထင်ဘူးကွ၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး စကြာဂိုဏ်းခေါင်းဆောင်သုံးဦးဟာ ချီဖွေမှာ ကတည်းက သုံးပွင့်ဆိုင် အစည်းအဝေးလုပ်ပြီးပြီ၊ အာရိယန်တွေဟာ ရှေးဟောင်းလူမျိုးတွေ၊ ဂမ္ဘီရအတတ်တွေလည်း တတ်တယ်၊ သူတို့က သူတို့ရဲ့ရတနာပစ္စည်းတွေကို ကျိန်စာတွေတိုက်ထားလို့ ဦးကျောက်ဘီလူးတို့က မတော်မတရား မယူဝံ့ကြဘူး၊ ဒါကြောင့် မှန်မှန်ကန်ကန်ပဲ အရောင်းအဝယ်လုပ်ကြဖို့ စကြာဂိုဏ်းခေါင်း





ဆောင်တွေ ဆုံးဖြတ်ခဲ့ကြတယ်ကွ''

ဤတွင် နဂါးမာန်ကျော်ရင်က ခပ်တိုးတိုးရယ်လိုက်သည်။

''ဟား ဟား ဟား . . . အယုတ်တမာထိပ်ခေါင်တွေက များ ကျိန်စာတွေဘာတွေကို ကြောက်သတဲ့လား . . . ဟား ဟား''

ကိုမျိုးခိုင်က နဂါးမာန်ကျော်ရင်၏မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ခပ်အုပ်အုပ်ထိုးကြည့်လိုက်ပြီး အံ့အားသင့်သွားလေသည်။

''ဟာ . . . သူက ဦးကျောက်ဘီလူးနဲ့ အတော်တူတာပဲ''

''ဟုတ်တယ်၊ ကျွန်တော်ပြောတဲ့ နဂါးမာန်ကျော်ရင်ဆိုတာ သူပေါ့၊ ဒါထက် ဦးကျောက်ဘီလူးတို့က ဒီည အရောင်းအဝယ်လုပ်ကြမှာလား''

''ဟုတ်တယ်၊ အခု အိမ်ပေါ်ထပ်မှာ အရောင်းအဝယ်စကားပြောနေကြတယ်၊ အိမ်အောက်ထပ်နဲ့ အိမ်ပတ်ပတ်လည်က မှောင်ရိပ်တွေထဲမှာ လုံခြုံရေးအပြည့်ယူထားတယ်၊ ကဲ . . . အချိန်နည်းနည်းကြာနေပြီ၊ ငါသွားတော့မယ်၊ မင်းတို့ ဘာလုပ်ကြမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ညီအစ်ကိုက ဖြစ်နိုင်ရင် အစ်ကိုဗဦး အတွက် ကျောက်ဘီလူးကို သွေးကြွေးဆပ်ချင်တယ်ဗျာ၊ အနည်း ဆုံး သူ့ ဒုက္ခရောက်အောင်လုပ်ချင်တယ်၊ ဒီည အရောင်းအဝယ် ပွဲ ကမောက်ကမဖြစ်အောင်လုပ်ချင်တယ်"

"အေး ဗဒင် ... ငါလည်း ငါ့သူငယ်ချင်းဗဦးအတွက် မင်းလိုဆန္ဒမျိုး ရှိတာပါပဲကွာ၊ ဒါပေမဲ့ သူတို့က လူအင်အား လက်နက်အင်အား အရမ်းကောင်းတယ်ကွ၊ သူတို့ကို တော်ရုံနဲ့ လှန်နိုင်ဖို့မလွယ်ဘူး ...၊

မင်းတို့ကို တစ်ခုတော့ ငါပြောခဲ့မယ် ... ဦးကျောက် ဘီလူးရဲ့ နှစ်ထပ်အိမ်ကြီးရဲ့နောက်မှာ မြင်းဇောင်းရှိတယ်၊ အဲဒီ မြင်းဇောင်းရဲ့ ဘယ်ဘက်က အုတ်တိုက်လေးဟာ ကြေနက် ဂိုဏ်းရဲ့ လက်နက်တိုက်ပဲ၊ အဲဒီလက်နက်တိုက်ကို မင်းတို့ တစ်ခုခုလုပ်နိုင်ရင်တော့ မင်းတို့ရဲ့ဆန္ဒပြည့်နိုင်တယ် ...၊

လက်နက်တိုက်ကို ညဘက်စောင့်တဲ့ အစောင့်နှစ် ယောက် အရက်သောက်နေတာ ငါတွေ့ခဲ့တယ်၊ ဒီကအပြန် အဲဒီကောင်တွေ မူးသထက်မူးအောင်သောက်ဖို့ ငါ ဝင်ပြီးမြှောက် ပေးလိုက်မယ် ...၊

ခု နှစ် စဉ် ကြယ် စာ ပေ



အဲဒီကောင်တွေ မူးပြီးခေါင်းစိုက်နေမှ မင်းတို့ လုပ်ရ ကိုင်ရ အဆင်ပြေမှာ"

"ဟာ ... ဟုတ်ပြီ၊ အဲဒီအစီအစဉ် သိပ်ကောင်းတယ် ကိုမျိုးခိုင်"

"အေး ... ဒါဆို ငါသွားပြီ၊ ပိပိရိရိနဲ့ ထိထိမိမိလုပ်ကြ ကွာ"

"စိတ်ချဗျာ"

ထို့နောက် ကိုမျိုးခိုင်သည် အမှောင်ထုထဲသို့ ခပ်သုတ် သုတ် တိုးဝင်ကာ ပျောက်ကွယ်သွားပါတော့သတည်း။

✵ ✵ ✵

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

သွေးကြွေးဆပ်ပွဲ

မရဏရှင်းတမ်း

မကျေပွဲနွှဲခြင်း

အသည်းကွဲ
မြို့တော်

## အခန်း(၃)

## သွေးကြွေးဆပ်ပွဲ



ညဉ့်က နက်သည့်ထက်နက်လာသလို ရာသီဥတုက အေးစိမ့်သည့်ထက် အေးစိမ့်လို့လာခဲ့ပြီဖြစ်သည်။

ဦးကျောက်ဘီလူး၏ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်အိမ်လုံးတွင် အောက်လင်းဓာတ်မီးများ ထွန်းညှိထားပြီး စကြာဂိုဏ်း သုံးဂိုဏ်းမှ ဂိုဏ်းခေါင်းဆောင်ကြီး သုံးဦးမှာ အိမ်အပေါ်ထပ် ရှေ့ပိုင်းအခေဆာင်၌ အာရိယန်အိမ်ရှေ့မင်းသားအဖွဲ့နှင့် အရောင်းအဝယ်ကိစ္စ ပြောဆိုဆွေးနွေးလျက်ရှိရာ အတော်ခရီးရောက်နေပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အာရိယန်အိမ်ရှေ့မင်းသား အခါရန်မှာ အသက် ၄၀ ခန့်ရှိပြီး ဖြူဝါဝါမျက်နှာပြင်ပေါ်တွင် မုတ်ဆိတ်ကျင်စွယ်၊ နှုတ်ခမ်းမွေးစိမ်းညို့ညို့တို့ သပ်ရပ်စွာပေါက်ရောက်လျက်ရှိရာ ကတ္တီပါဝတ်စုံအဝါရောင်နှင့် လွန်စွာ လိုက်ဖက်တင့်တယ်လှပေသည်။

ကျောနောက်သို့ ဖားလျားချထားသည့် ဝတ်ရုံနီမှာလည်း အောက်လင်းခတ်မီးရောင်အောက်တွင် ရဲရဲတောက်လျက်ရှိပြီး ဦးကျောက်ဘီလူးတို့ ညှော်ခံတိုက်ကျွေးသည့် မီးတောက်အရက်တန်ခိုးကြောင့် ဖြူဝါဝါမျက်နှာတွင် ပန်းသွေးရောင်ပြေးလျက်ရှိတော့၏။

သူ၏အဖွဲ့တွင် ဝန်ကြီးအဆင့်ရှိ လူယုံတော်လူမျိုးစုအကြီးအကဲသုံးဦးနှင့် ရဲမက် ၈ ဦးပါရှိရာ စကြာဂိုဏ်း ခေါင်းဆောင်ကြီးများနှင့် ဆွေးနွေးပြောဆိုရာ၌ အကြီးအကဲတို့သာ သူနှင့်အတူရှိနေပြီး ရဲမက်တို့မှာ အိမ်ကြီး၏အောက်ထပ်တွင် စကြာဂိုဏ်းသားတို့နှင့်အတူ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိကြလေသည်။

"အေးဗျာ ... မင်းသားက ဒီထက်ဈေးမလျှော့နိုင်ဘူးဆိုတော့လည်း သုံးသိန်းပြည့်အောင် ကျုပ်တို့ကြိုးစားဖြည့်ပေး





လိုက်ပါ့မယ်၊ ဒါပေမဲ့ မှန်တာပြောရရင် အဲဒီငွေအတိုင်းအတာပြည့်အောင် ကျုပ်တို့ မိတ်ဆွေရောင်းရင်းသုံးဦးရဲ့ ရှိသမျှငွေတွေပုံအောပေးလိုက်ရတာပါ"

ဦးကျောက်ဘီလူးက စကားပြန်မှတစ်ဆင့်ပြောပြီး စားပွဲပေါ်ရှိ ငွေစက္ကူထုပ်တို့ကို မင်းသားအခါရန်ထိုင်နေရာဘက်သို့ တွန်းပို့ပေးလိုက်လေသည်။

တကယ်လည်း ထိုငွေများမှာ စကြာနက်ဂိုဏ်းခေါင်းဆောင်၏ နှစ်နှစ်လုံးလုံး ရှာဖွေစုဆောင်းထားသည့် ငွေများနှင့် သူ၏မိတ်ဆွေ စကြာနီဂိုဏ်းခေါင်းဆောင် ဦးကြာယံ၊ စကြာဖြူဂိုဏ်းခေါင်းဆောင် ဦးလွန်းဖော်တို့ ပိုင်ဆိုင်သမျှငွေတို့ စုပေါင်းထားခြင်းဖြစ်၏။

တကယ်တော့ သူတို့သည်လည်း ထောင်မြင်၍ ရာစွန့်ကြရခြင်း ဖြစ်ပေသည်။

ပြီးလျှင် ဦးကျောက်ဘီလူးသည် အာရိယန်ရှေးဟောင်းနန်းစဉ်ရတနာတို့ထည့်ထားသည့် ရွှေပိန်းချရတနာသေတ္တာလေးအတွင်းမှ ဖျပ်ဖျပ်လက်လျက်ရှိသော လက်ဝတ်တန်ဆာတို့ကို တောက်ပသည့်မျက်လုံးများဖြင့် ငုံ့ကြည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရတနာသေတ္တာလေး၏အဖုံးကို ပိတ်လိုက်ပြီး ငွေသော့လေးဖြင့် ခတ်လိုက်လေ၏။

'ချောက်'

✡

နဂါးမာန်ကျော်ရင်နှင့် ဗဒင်တို့လူစုသည် မြင်းဖောင်း၏ နောက်ဘက်ရှိ ချုံပုတ်တို့ကြားမှ ခြေသံလုံလုံဖြင့် ဖြတ်သန်းလာကာ မြင်းဖောင်း၏ဝဲဘက် ဆယ်ကိုက်ခန့်အကွာရှိ အုတ်တိုက်လေးအနီးသို့ တိတ်တဆိတ် ချဉ်းကပ်လာခဲ့ကြတော့သည်။

ဆိတ်ဆိတ်ငြိမ်လျက်ရှိသော အုတ်တိုက်လေး၏ ရှေ့ တံခါးပေါက် ဝဲယာတွင် လူနှစ်ဦးသည် အုတ်နံရံကိုမှီလျက် ခွေခေါက် ငြိမ်သက်နေကြတော့၏။

အုတ်တိုက်လေး၏ရှေ့ လက်ယာဘက် ကိုက်နှစ်ဆယ်ခန့်အကွာရှိ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးထဲမှာမူ အောက်လင်းဓာတ်မီးရောင်တို့ လင်းထိန်နေကာ စကားပြောသံ၊ ရယ်မောသံ





တို့က သည်မှာဘက်သို့ တစ်ချက်တစ်ချက် လွင့်ပျံလာလျက်ရှိလေသည်။

နဂါးမာန်ကျော်ရင်က ခွေခေါက်ငြိမ်သက်နေသူတို့အနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွားပြီး တစ်ဦး၏လည်ပင်းအောက်မှ ကော်လာအရိုးကို လက်မဖြင့် စမ်းသပ်လိုက်စဉ် ထိုလူက ရုတ်တရက် လူးလွန့်ကာ သူ့ကို လက်တစ်ဖက်ဖြင့် ယောင်ယမ်းတွန်းလိုက်တော့၏။

သို့သော် နဂါးမာန်ကျော်ရင်က ကော်လာရိုးအောက်မှ တွင်းချိုင့်ထဲ လက်မကိုဖိချလိုက်ရာ ထိုသူမှာ အကြောဆွဲသလို တစ်ကိုယ်လုံး ဆတ်ခနဲဖြစ်သွားပြီးနောက် အဝတ်စုတ်ဖတ်တစ်ခုနယ် အင်္ဂတေကြမ်းပြင်ပေါ်သို့ ပုံလျက်သားကျသွားတော့၏။

နောက် လုံခြုံရေးတစ်ဦးကိုလည်း ယင်းသို့ မေ့ကြောနှိပ်ကာ လောကနှင့်ခေတ္တအဆက်အသွယ်ဖြတ်လိုက်ပြီးလျှင် ထိုသူတို့နှစ်ဦးစလုံးကို အုတ်တိုက်လေးနှင့်ဝေးရာ နောက်ဘက်ရှိ ငှက်ပျောပင်များအကြားသို့ ဗဒင်တို့က မ,ရွှေ့လိုက်ကြလေသည်။

ပြီးလျှင် နဂါးမာန်ကျော်ရင်သည် သူ၏ ကုတ်အင်္ကျီအောက်အိတ်ထဲမှ သံချောင်းကောက်ကောက်လေးကိုထုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



လက်နက်တိုက်တံခါးရွက်မှ ကြေးဝါသော့ခလောက်ကြီးထဲသို့ ထိုးထည့်လိုက်လေ၏။

သူက သံချောင်းလေးကို ဟိုဘက်သည်ဘက် နှစ်ချက်ခန့် လှည့်လိုက်သည်နှင့် သော့ခလောက်ကြီးက ချောက်ခနဲ ပွင့်သွားတော့သည်။

ဗဒင်တို့မှာ အံ့သြသဘောကျလျက်ရှိတော့သည်။

"နဂါးမာန် . . . မင်းဟာ ပညာတော်တော်စုံအောင် တတ်သူပဲကွ"

ဗဒင်၏ ခပ်တိုးတိုးချီးကျူးစကားကြောင့် နဂါးမာန်ကျော်ရင်က မှောင်ရိပ်ထဲမှာပင် ပြုံးလိုက်ပြီး ခပ်တိုးတိုးပြန်ပြောလိုက်လေသည်။

"ကျုပ်က နဂါးမာန်သိုင်းအတတ်အပြင် လောကီလျှို့ဝှက်ပညာ တော်တော်များများကိုပါ တတ်တယ်ဗျ၊ ဒါကြောင့် ကျုပ်ရဲ့ ငြိုငြင်မှုခံရသူဟာ တစ်ခုခု ဆိုးဆိုးဝါးဝါး ခံစားသွားရမှာ သေချာတယ်၊ ကြားဖူးတယ်မဟုတ်လား . . . နဂါးမျက်စောင်း အကြောင်းသုံးပါးမရွေးဘူးဆိုတာလေ . . . ဟဲ ဟဲ ဟဲ"

"အေးပါကွာ အေးပါ . . . ငါတို့က နဂါးမျက်စောင်း





ဒဏ် လက်တွေ့ခံထားရသူတွေဆိုတော့ သိပြီးသားပါ၊ သိပြီးသားပါ"

"ကဲ . . . လက်နက်တိုက်ထဲ ကျုပ်နဲ့ ကိုဗဒင် ဝင်မယ်၊ ကိုဗခက်တို့နှစ်ယောက်က ဒီတံခါးဝနားကပဲ စောင့်နေ"

နဂါးမာန်ကျော်ရင်ကပင် စီမံခန့်ခွဲပြီးနောက် လက်နှိပ်ဓာတ်မီးကို ခပ်အုပ်အုပ်ထွန်းလျက် အုတ်တိုက်လေးထဲသို့ တစ်လှမ်းချင်း လှမ်းဝင်ခဲ့တော့၏။

သူ့နောက်မှ ဗဒင်ကလိုက်ဝင်ပြီး တံခါးရွက်ကို ပိတ်ကာ ခပ်ဟဟလေး ထားလိုက်လေသည်။

အနံ့ဆယ်ပေ၊ အလျားဆယ့်ငါးပေ ပေနှစ်ဆယ်ခန့်ရှိသော လက်နက်တိုက်လေးထဲတွင် တူမီးသေနတ် အလက်သုံးလေးဆယ်မျှ ရှိသလို ယမ်းများထည့်ထားသည့် ထင်းရှူးသေတ္တာများကိုလည်း တွေ့ရလေ၏။

ဒူးလေးများ၊ မြားကျည်တောက်များ၊ ဓား လှံများကိုလည်းတွေ့ရရာ နဂါးမာန်က အခြားလက်နက်တို့ကို စိတ်လုံးဝမဝင်စားဘဲ ယမ်းသေတ္တာငယ်တို့ကိုသာ လက်နက်တိုက်၏အပြင်ဘက်သို့ လက်ဆင့်ကမ်းကာ မ,ရွှေ့ကြစေ၏။



www.burmeseclassic.com

www.burmeseclassic.com



နဂါးမာန်ကျော်ရင်သည် လက်နက်တိုက်ထဲတွင် ယမ်း[ဦး]
သေတ္တာလေးငါးလုံးကိုသာ ချန်ထားပြီး ကျန်သေတ္တာတို့ကို
သယ်ထုတ်စေကာ သေတ္တာတို့ကို ဖွင့်ဖောက်လိုက်လေသည်။

ထို့နောက် သေတ္တာထဲမှ ယမ်းမှုန့်တို့ကို လက်နက်တိုက်
အတွင်းနှင့်ဝန်းကျင်ကို ပတ်ကာဖြူးလိုက်ပြီးလျှင် နှစ်ထပ်အိမ်ကြီး
အနီးသို့ ချဉ်းကပ်သွားကာ အိမ်နောက်ဘက်ခြံမ်းတစ်ခုလုံးကိုပါ
ယမ်းမှုန့်များ လိုက်ဖြူးတော့၏။

"ကဲ ... အားလုံး ဝေးရာကိုဆုတ်ပြီး ရှောင်မယ်"

ယင်းနောက် နဂါးမာန်ကျော်ရင်က သစ်သားယမ်းမီးခြစ်
ကို ခြစ်လိုက်ပြီး ယမ်းမှုန့်ဖြူးထားရာအပေါ် ပစ်ချလိုက်တော့ရာ
...

'ဖြောက် ဖြောက် ဖြောက် ဖြောက်'

ဖြူးထားသည့် ယမ်းမှုန့်တို့မှာ တဖြောက်ဖြောက် မီးထ
တောက်ပြီးလျှင် ဖြူးထားသောလမ်းကြောင်းအတိုင်း မီးထ
တောက်သွားရာ ခဏအတွင်းမှာပင် မီးတောက်သည် လက်နက်
တိုက်ထဲဝင်သွားကာ ...

'ဝုန်း'





'ဝုန်း'

အုတ်ဂူလေးအတွင်းမှာ ပြင်းထန်သောပေါက်ကွဲသံကြီး
ဖြစ်ပေါ်သွားပြီးလျှင် လက်နက်တိုက်မှာ တစ်စစီပွင့်ထွက်သွား
တော့၏။

✲

"ဟ ... ဘာ ဘာသံတွေလဲ"

ရုတ်တရက်ပြင်းထန်လှသည့် ပေါက်ကွဲသံကြီးများနှင့်
အတူ အိမ်ကြီးပါ သွက်သွက်ခါသွားရာ ဦးကျောက်ဘီလူးတို့မှာ
လန့်ဖျပ်ပြီး ထိုင်ရမှ ကမန်းကတန်း ထရပ်လိုက်ကြလေ၏။

ခဏချင်းမှာပင် ပြင်းထန်လှသော ပေါက်ကွဲသံကြီးများ
ဆက်တိုက် အနီးကပ်ထွက်ပေါ်လာပြီးလျှင် သူ၏ နှစ်ထပ်အိမ်
ကြီးပါ သိမ့်သိမ့်ခါသွားတော့သည်။

"ဟာ ... မီးတွေ မီးတွေ၊ အိမ်နောက်ဘက်မှာ မီးတွေ
လောင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးမှာ ငရဲပွက်သလို တစ်ခဲနက် ဆူညံသွားတော့၏။

အော်သံဟစ်သံများ၊ ပြေးလွှားသံများကား ပေါက်ကွဲသံကြီးများကြားမှပင် နားမချမ်းမြေ့ဖွယ် ကြားနေရလေ၏။

ချက်ချင်းဆိုသလိုပင် မီးခိုးများက အလိပ်လိုက် အလိပ်လိုက် ထွက်ပေါ်ကာ အိမ်ပေါ်ထပ်တစ်ထပ်လုံး မည်းမှောင်သွားတော့သည်။

ဤတွင် ဦးကျောက်ဘီလူးသည် သူ့ရှေ့စားပွဲပုလေးပေါ်ရှိ ရတနာသေတ္တာလေးကို ဆွဲယူလိုက်ပြီးလျှင် ရင်၌ပွေ့ပိုက်ကာ မီးခိုးလုံးများကြားမှ တိုးထွက်ရန် ပြင်လိုက်စဉ်မှာပင် ဒူးများညွတ်လျက် ကြမ်းပြင်ပေါ်သို့ ခွေခနဲလဲကျသွားတော့၏။

✡

နဂါးမာန်ကျော်ရင်သည် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး၏ အနောက်ပိုင်း၌ ဖြူးထားသည့်ယမ်းများ စတင်ပေါက်ကွဲသည်နှင့်





ပြိုပျက်သွားသည့် တံခါးပေါက်တစ်ပေါက်မှ လွှားခနဲခုန်ဝင်လိုက်တော့၏။

'ဝုန်း ဝုန်း ဝုန်း'

ယမ်းပေါက်ကွဲသံကြီးများ ဆက်တိုက်ဆိုသလို ပေါ်ထွက်လာပြီး မီးတောက်မီးလျှံများဖြစ်ပေါ်ကာ မီးခိုးတို့ လုံးတက်နေသဖြင့် ထိတ်လန့်တကြား ပြေးလွှားနေကြသည့် စကြာဂိုဏ်းသားတို့သည် သူ့ကို သတိမပြုမိကြတော့ချေ။

သို့ကြောင့် နဂါးမာန်ကျော်ရင်မှာ အတားအဆီးမဲ့စွာ ကျွန်းလှေကားကြီးအတိုင်း အိမ်ပေါ်ထပ်သို့ အပြေးအလွှား တက်လာနိုင်ခဲ့တော့၏။

နဂါးမာန်ကျော်ရင်သည် သွေးရူးသွေးတန်းပြေးလွှားလာကြသူများကို ရှောင်ရင်း မီးခိုးငွေ့များကြားမှ တိုးဖြတ်ကာ အိမ်ရှေ့ဆောင်ဆီ ပြေးဝင်လာစဉ် ကြမ်းပြင်ပေါ် လဲကျနေရာမှ ကုန်းထလာသည့် ဦးကျောက်ဘီလူးနှင့် ပက်ပင်းတိုးတော့၏။

"ဟင် ... မင်း မင်း ဘယ်သူလဲ"

ရတနာသေတ္တာငယ်ကို လက်ဝဲဘက်လက်ဖြင့် ရင်ဝယ်တင်းတင်းပိုက်ထားသည့် ဦးကျောက်ဘီလူးမှာ အောက်လင်း



www.burmeseclassic.com

www.burmeseclassic.com



ခါတ်မီးရောင်ဟပ်နေသော နဂါးမာန်ကျော်ရင်၏မျက်နှာကို အံ့သြနားမလည်နိုင်စွာ ငေးကြောင်ကြည့်ရင်း လက်ယာဘက်လက်ညှိုးဖြင့် ငေါက်ငေါက်ထိုးကာ အော်ဟစ်မေးလိုက်လေသည်။

ထိုစဉ် လူရိပ်တစ်ခုသည် မီးခိုးငွေ့တို့ကြားမှ ရုတ်တရက် ထွက်ပေါ်လာပြီးလျှင် နဂါးမာန်ကျော်ရင်ကို နံဘေးသို့ တွန်းဖယ်လိုက်လေ၏။

"နဂါးမာန် ဖယ်စမ်း"

"ဟင် ... ဗခက်"

ဗခက်က နဂါးမာန်ကျော်ရင်ကို ဂရုမပြုဘဲ လက်ထဲမှ စစ်သုံးပစ္စတိုဖြင့် ဦးကျောက်ဘီလူးအား ချိန်လိုက်လေသည်။

"ဦးကျောက်ဘီလူး ... ခင်ဗျားဟာ ကျုပ်ရဲ့အစ်ကိုကြီးကိုဗဦးကို သတ်ခဲ့တယ်၊ အဲဒီအတွက် ခင်ဗျားကိုလက်စားချေရမယ်ဗျ၊ သိရဲ့လား"

ဗခက်က ဦးကျောက်ဘီလူး၏ရင်ဘတ်ကို ပစ္စတိုဖြင့် တည့်တည့်ချိန်ပြီး မောင်းခလုတ်ကိုဆွဲရန် ပြင်လိုက်စဉ် ...

"သေပေတော့ မိစ္ဆာကောင်ကြီး"

"အို ... မလုပ်နဲ့ မလုပ်နဲ့၊ ဗခက်မလုပ်နဲ့"





နဂါးမာန်ကျော်ရင်က အလန့်တကြားအော်ဟစ်ဟန့်တားရင်း ဗခက်ထံ လွှားခနဲ ခုန်အုပ်လိုက်စဉ်မှာပင် ...

'ဒိုင်း'

"အ"

ဗခက်က ဦးအောင်ပစ်ခတ်နိုင်ခဲ့ပြီ။

ဦးကျောက်ဘီလူးမှာ သူ့ရင်ဘတ်ကို လက်ယာဘက်လက်ဖြင့် ဖိရင်း သွေးအိုင်ထဲသို့ ခွေကျသွားပါတော့၏။

"ဟင် ... အဖေ အဖေ" .

"အဖေ"

နဂါးမာန်ကျော်ရင်မှာ သွေးအိုင်ထဲ လဲကျငြိမ်သက်သွားသည့် ဖခင်ကြီးကို မချိတင်ကဲကြည့်ကာ နှုတ်မှ အဖေ အဖေဟု အဆက်မပြတ် ခေါ်လိုက်မိတော့သည်။

ပြီးမှ ဖခင်ကြီးအတွက် ရင်ထုမနာဖြစ်သွားပြီး ဗခက်ထံ လွှားခနဲခုန်အုပ်လိုက်ကာ လက်ထဲမှဓားမြှောင်ဖြင့် အားကုန်ထိုးစိုက်လိုက်တော့၏။

"ကဲကွာ ... ငါ့အဖေကို သတ်ဦး"

'စွပ်'



www.burmeseclassic.com

www.burmeseclassic.com



"အ"

"မင်း မင်း . . . နဂါးမာန် နဂါးမာန်"

ဗခက်မှာ နဂါးမာန်ကျော်ရင်ကို တအံ့တဩ မယုံနိုင်သလိုကြည့်ရင်း ကြမ်းပြင်ပေါ် ခေါက်ခနဲလဲကျသွားတော့၏။

သွေးတစက်စက်ကျနေသော ဓားမြှောင်ကို ဆုပ်ကိုင်ရင်း နဂါးမာန်ကျော်ရင်မှာ မီးခိုးငွေ့များအကြားတွင် အတန်ကြာအောင် ငေးငူငူကြီး ရပ်နေမိတော့သည်။

သူတို့၏လှုပ်ရှားမှုကို လူတစ်ဦးက မီးခိုးငွေ့တို့ကြားမှ စောင့်ကြည့်ရင်း တအံ့တဩ ဖြစ်သွားတော့၏။

ခဏအကြာတွင် နဂါးမာန်ကျော်ရင်က ဖခင်ကြီး၏နံဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီးလျှင် . . .

"အဖေ . . . အဖေ့ရဲ့အသက်ကို ကျုပ် မကယ်လိုက်နိုင်ဘူးဗျာ၊ ကျုပ်ကိုခွင့်လွှတ်ပါ၊ သားကို ခွင့်လွှတ်ပါဗျာ"

သူက ယူကျုံးမရပြောပြီးသည်နှင့် ဦးကျောက်ဘီလူးလက်ဝဲလက်ဖြင့် ပွေ့ပိုက်ထားဆဲဖြစ်သော ရတနာသေတ္တာကို ဂရုတစိုက် ဖြုတ်ယူလိုက်လေသည်။

သူက သူ့ဖခင်၏နံဘေးတွင် မားမားကြီးပြန်ရပ်လိုက်





ပြီးလျှင် . . .

"အဖေ ဘယ်သူမပြု မိမိမှုတဲ့၊ ကိုယ့်ရဲ့ကံဟာ ကိုယ့်ထံပြန်စမြဲပဲ၊ ခုလည်း အဖေရဲ့ဘဝတစ်လျှောက်လုံး ပြုလုပ်ခဲ့တဲ့မတော်မတရားမှု ရက်စက်ယုတ်မာတဲ့ဒဏ်တွေကို ပြန်လည်ခံစားရခြင်းသာဖြစ်ပါတယ်၊ ဝဋ်ကြွေးဟူသမျှ ကြေပါစေဗျာ၊ ကြေပါစေ"

ထို့နောက်တွင်မှ မီးစွဲလောင်စပြုနေပြီဖြစ်သည့် ပျဉ်ထောင်အိမ်ကြီးထဲမှနေ၍ နဂါးမာန်ကျော်ရင်မှာ တစ်လှမ်းချင်းထွက်လာခဲ့ပါတော့သတည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## မရဏရှင်းတမ်း

ဦးကျောက်ဘီလူး၏ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်လုံးလုံး ပေါက်ကွဲမီးလောင်ခဲ့ပြီး လက်နက်တိုက်မှာ ပြိုကွဲကာ တစ်စစီဖြစ်ခဲ့ပြီ။

လုံးခါးစခန်းရွာတစ်ရွာလုံး အုံးအုံးကြွက်ကြွက်ဖြင့် ဖြစ်ခဲ့ရပြီ။

တကယ်တော့ လုံးခါးမှာ ရွာခံ တောင်ယာလုပ်သူ မိသားစုငါးစုသာနေထိုင်ပြီး ကျန်အိမ်များတွင် စကြာနက်ဂိုဏ်းသားမိသားစုက အများစုအဖြစ် နေထိုင်ကြရာ လုံးခါးသည်





ရွာဟုဆိုရမည့်ထက် စကြာနက်ဂိုဏ်း၏ဌာနချုပ်ဟု ဆိုရမည်ဖြစ်သည်။

ယခု စကြာနက်ဌာနချုပ်မှ စကြာနက်ဂိုဏ်း၏ ဂိုဏ်းခေါင်းဆောင်ကြီး ဦးကျောက်ဘီလူး သေဆုံးသွားရသလို သူ၏ စံအိမ်ဂေဟာကြီးလည်း ပေါက်ကွဲမီးလောင်ပျက်စီးခဲ့ရပြီ။

နောက်နေ့နံနက် မိုးလင်းသည်နှင့် မီးကျွမ်းနေသော ဦးကျောက်ဘီလူး၏အလောင်းနှင့် တစ်ပိုင်းတစ်စ မီးကျွမ်းလောင်ထားသည့် ဗခက်၏အလောင်းတို့ကို မီးလောင်ပြင်မှာ တွေ့ကြရသည်။

မျက်နှာတစ်ခြမ်း မီးလောင်ထားသည့် ဗခက်၏ အလောင်းကိုကြည့်ပြီး စကြာနက်ဂိုဏ်းသားများ အံ့အားသင့်ကာ ဒေါသလည်း အကြီးအကျယ်ဖြစ်နေကြတော့၏။

"ညက ကျုပ်တို့စခန်းကို အပြင်ကလူတွေ ဝင်တိုက်ခဲ့တာပဲဗျ။ ဒီကောင်ဟာ အဲဒီလူစုထဲက ဖြစ်မယ်၊ ကျုပ်တို့ စကြာနက်ဂိုဏ်းကတော့ မဟုတ်ဘူး၊ ဒီ လုံးခါးရွာသားထဲကလည်း မဟုတ်ဘူး"

"ကျုပ်တို့ စကြာဖြူဂိုဏ်းသားထဲကလည်း မဟုတ်ဘူး"

ရု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ရဲ့စကြာနီမှာလည်း ဒီလိုကောင်မျိုး မရှိပါဘူး"

"ဒါဆို ဒီကောင်ဟာ အပြင်ကကောင်ပဲဖြစ်ရမယ်"

"ဟုတ်တယ် . . . အပြင်က တခြားဂိုဏ်းတစ်ခုခုက ကျုပ်တို့ အာရိယန်မင်းသားနဲ့ အရောင်းအဝယ်လုပ်မယ့်သတင်းကို သိသွားပြီး အချိန်ကိုက်လာတိုက်တာ ဖြစ်ရမယ်ဗျ၊ အခု အာရိယန်ရတနာသေတ္တာ မရှိတော့ဘူး၊ အဲဒီကောင်တွေ ယူသွားတာပဲ ဖြစ်မယ်"

ရတနာသေတ္တာကို စကြာဂိုဏ်းသုံးဂိုဏ်းစလုံးမှ ဂိုဏ်းသားများ ဒေါင်းတောက်အောင်လိုက်ရှာကြသော်လည်း မီးလောင်ပြင်မှာ လုံးဝမတွေ့ရချေ။

စကြာဂိုဏ်းသားများမှာ မကျေမချမ်းဖြင့် တောက်တခတ်ခတ် ဖြစ်နေတော့၏။

"တောက် . . . ခေါင်းတုံးပေါ်ထိပ်ကွက်ပြီး ငါတို့ဂိုဏ်းခေါင်းဆောင်ကြီးကို လုပ်ကြံသွားတဲ့ကောင်တွေတော့ တွေ့ကြသေးတာပေါ့ကွာ"

ယူကျုံးမရစွာဖြင့် ယောက်ယက်ခတ် ဒေါသူပုန်ထနေကြသည့် စကြာနက်ဂိုဏ်းသားတို့အကြားတွင် သုန်သုန်မှုန်မှုန်





မျက်နှာဖြင့် ထူးထူးခြားခြား ဆိတ်ငြိမ်နေသူတစ်ဦး ရှိနေလေသည်။

ထိုသူသည်ကား ကိုမျိုးခိုင်ပင် ဖြစ်ပါ၏။

ကိုမျိုးခိုင်က ဗခက်၏ရုပ်အလောင်းကို အတန်ကြာငေးစိုက်ကြည့်နေပြီးမှ မြင်းဇောင်းဘက်သို့ လှည့်ထွက်သွားသည်။

စကြာနက်ဂိုဏ်းသားတို့က ဗခက်၏ရုပ်အလောင်းကို မီးလောင်ပြင်ထဲမှ ကြမ်းတမ်းစွာ ဆွဲထုတ်သွားကြပြီး လုံးခါးရွာ၏ အနောက်ဘက်ကုန်းမြင့်လေးပေါ်တွင် တွင်းတူးကာ မြှုပ်နှံလိုက်ကြ၏။

ဦးကျောက်ဘီလူး၏ ရုပ်အလောင်းကိုမူ မြင်းဇောင်းအနောက်ဘက် ငှက်ပျောတောထဲတွင် အုတ်ဂူပြုလုပ်ကာ သင်္ဂြိုဟ်ရန်ပြင်ဆင်လျက်ရှိကြသည်။

စကြာဖြူနှင့် စကြာနီဂိုဏ်းသားတို့က ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးနေကြသည်။

အာရိယန်မင်းသားနှင့်အဖွဲ့ကမူ စိတ်မကောင်းစကားပြောဆိုပြီး လုံးခါးမှ ထွက်ခွာသွားကြပြီဖြစ်၏။

စကြာဂိုဏ်းသားများ အလုပ်ရှုပ်လျက်ရှိစဉ် ကိုမျိုးခိုင်



www.burmeseclassic.com

www.burmeseclassic.com



သည် ငှက်ပျောတောနောက်ဘက်မှလျှိုထဲ မည်သူမျှမမြင်အောင် ဆင်းခဲ့ပြီး လျှိုကျဉ်းကျဉ်းလေးအတိုင်း အရှေ့ဘက်သို့ ခပ်သုတ်သုတ်လာခဲ့ကာ နွယ်တို့ကိုဆွဲလျက် တောင်ကြောပေါ် ကွေ့ပတ်တက်ခဲ့တော့၏။

ဆယ့်ငါးမိနစ်ခန့် တောင်ကြောပေါ် ကွေ့ပတ်တက်ခဲ့ပြီးလျှင်မူ ဗဒင်တို့စခန်းချထားသည့် တောင်ခါးပန်းအနီးသို့ ရောက်ရှိသွားတော့သည်။

ထိုအချိန်၌ တောင်ခါးပန်း၏အစွန်းတွင် ဗဒင်က ဝမ်းလျားမှောက်လျက် မှန်ပြောင်းဖြင့် လုံးခါးစခန်းရွာဘက် လှမ်းကြည့်နေပြီး နဂါးမာန်ကျော်ရင်နှင့် ဗလထွန်းတို့က ကျောက်တောင်ကို ကွေ့ပတ်ဆင်းသွားကာ လျှိုဆင်းလမ်းထဲတွင် မီးမွှေးကာ နံနက်စာအတွက် ချက်ပြုတ်လျက်ရှိကြသည်။

"ဟော ... ကိုမျိုးနိုင်ပါလား"

ဗလထွန်းက လျှိုဘက်မှတက်လာသည့် ကိုမျိုးနိုင်ကို တွေ့လေလျှင် မီးဖိုထဲ ထင်းထိုးနေရာမှ ထရပ်လိုက်သည်။

ကိုမျိုးနိုင်က နဂါးမာန်ကျော်ရင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် တောင်ခါးပန်းစွန်းဆီသို့ ဆက်တက်သွား၏။





"ဗဒင် ... မင်းညီအတွက် ငါ စိတ်မကောင်းပါဘူးကွာ"

ဗဒင်က ကိုမျိုးနိုင်ကိုလှည့်ကြည့်ပြီး တောင်ခါးပန်းအစွန်းမှ ထလာသည်။

"အေးဗျာ ... ညက မီးခိုးလုံးတွေကြောင့် ဘာမှမမြင်ရတော့ဘဲ သူနဲ့ကျွန်တော် အိမ်ကြီးထဲအဝင်မှာ လူချင်းကွဲသွားတယ်၊ လူတွေကလည်း ရောထွေးပြီး ရှုပ်ယှက်ခတ်နေတယ်လေ၊ စောစောက သူ့အလောင်းကို ဟိုကောင်တွေ ဆွဲသွားတာတွေ့လိုက်ရပါတယ်၊ ဘာပဲဖြစ်ဖြစ် ဗခက်ဟာ အစ်ကိုကြီးအတွက် ဦးကျောက်ဘီလူးကို သွေးကြွေးဆပ်လိုက်နိုင်ပုံရတယ်ဗျ၊ အဲဒီအတွက်တော့ ကျွန်တော် ဝမ်းသာဂုဏ်ယူတယ်ဗျာ"

ကိုမျိုးနိုင်က လျှိုဆင်းလမ်းဘက်သို့ လည်ပြန်တစ်ချက်ကြည့်လိုက်ပြီးနောက် ဗဒင်ကို တိုးတိုးမေးလိုက်၏။

"ဘာလဲ ဗဒင် ... ဦးကျောက်ဘီလူးကို မင်းညီ သတ်လိုက်တယ်လို့ထင်သလား"

"ဟိုအိမ်ကြီးပေါက်ကွဲပြီး မီးတွေလောင်တော့ ဦးကျောက်ဘီလူးကို ရှာဖွေသတ်ဖြတ်လို့ ကျွန်တော်တို့ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအိမ်ကြီးထဲ ဖွတ်ဝင်ခဲ့ကြတာပဲ ကိုမျိုးခိုင်၊ သူက ဦးကျောက်ဘီလူးကို ရှာဖွေပြီး သတ်ပစ်လိုက်နိုင်ပုံရတယ်၊ ကျွန်တော်ထင်တာ မှားနိုင်သလား''

''မမှားပါဘူး၊ မီးခိုးလုံးတွေကြားက သေနတ်သံတစ်ချက် ကြားလိုက်ရလို့ ငါကြည့်လိုက်တော့ သေနတ်ကိုင်ထားတဲ့ မင်းရဲ့ညီကို ငါတွေ့ရတယ်၊ အဲဒီအချိန်မှာ ဦးကျောက်ဘီလူးဟာ မီးခိုးလုံးတွေအကြား လဲကျသွားတာကိုပါ တွေ့လိုက်ရတယ်ကွ၊ ဒါထက် မင်းညီရော ဘာကြောင့်သေရတာလဲ သိသလား''

''စကြာနက်ဂိုဏ်းသားတစ်ယောက်ယောက်ရဲ့လက်ချက်မိသွားတာပဲဖြစ်မှာပေါ့ဗျာ''

ဤတွင် ကိုမျိုးခိုင်က လှိုဆင်းလမ်းဘက်သို့ လှည့်ပြန်ကြည့်လိုက်ပြန်ပြီး ဗဒင်၏နားနားကပ်ကာ တစ်စုံတစ်ရာ တီးတိုးပြောလိုက်လေရာ သူ၏စကားကိုနားထောင်ရင်း ဗဒင်၏မေးကြောကြီးများ ထောင်ထလာတော့၏။

ကိုမျိုးခိုင်၏စကားအဆုံးတွင်မှ ဗဒင်သည် မျက်နှာကြီးရဲတွတ်အောင်နီမြန်းလာပြီး တောက်တစ်ချက်ခတ်လိုက်လေသည်။





ခဏအကြာတွင်မူ သူတို့နှစ်ဦးသည် လှိုဆင်းလမ်းအတိုင်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းလာကြပါတော့၏။

✡

''မနက်စာစားပြီးကြတာနဲ့ တောတိုးပြီးပြန်ကြမယ် ကိုမျိုးခိုင်၊ ကျွန်တော့်ညီရဲ့အလောင်းကို ဟိုကောင်တွေ ဘယ်လိုလုပ်မလဲဆိုတာ စောင့်ကြည့်ရင်း ချက်ပြုတ်နေကြတာပါ၊ ကိုမျိုးခိုင်လည်း ကျွန်တော်တို့နဲ့အတူလိုက်ခဲ့မယ် မဟုတ်လား''

''ဒီက ရွာသူလေး ဖမ်နူးလွယ်နဲ့ ငါ ရည်းစားဖြစ်နေကြတယ်ကွ၊ ကောက်သစ်စားပွဲပြီးရင် သူ့မိဘတွေက လက်ထပ်ပေးမယ်လို့ ပြောတယ်၊ ဒါကြောင့် ငါ ဒီမှာပဲ နေခဲ့မယ်၊ ဗဦးအတွက် ဦးကျောက်ဘီလူးကို သွေးကြွေးဆပ်နိုင်တာတော့ ဝမ်းသာတယ်ကွာ ...၊

ငါလည်း ဦးကျောက်ဘီလူးရဲ့ လောင်းရိပ်အောက်က လွတ်သွားပြီဖြစ်လို့ ဒုစရိုက်အလုပ်တွေလည်း မလုပ်တော့ဘူးကွာ၊



www.burmeseclassic.com

www.burmeseclassic.com



မိန်းမယူပြီး မြစ်ကြီးနားဘက်ဆင်းမယ်၊ အဲဒီမှာ အရောင်းအဝယ် တစ်ခုခုလုပ်မယ် စိတ်ကူးတယ်၊ ဒါထက် ညက ဦးကျောက်ဘီလူးတို့ရဲ့ရတနာသေတ္တာ မင်းတို့ ရသွားကြတယ်မဟုတ်လား''

ဤတွင် နဂါးမာန်ကျော်ရင်က သူ၏ကျောပိုးအိတ်ကို လက်ဖြင့်ပုတ်ပြလိုက်ပြီး ...

''ဟုတ်တယ် ကိုမျိုးခိုင်၊ ရတနာသေတ္တာကို ကျုပ် ရအောင်ယူနိုင်ခဲ့တယ်၊ ဒီရတနာသေတ္တာရခဲ့တာ ခင်ဗျားရဲ့ကျေးဇူးပါပါတယ်၊ ဒါကြောင့် ဒီရတနာသေတ္တာထဲက ရတနာတွေကို လေးပုံပုံပြီး ကျုပ်တို့လေးယောက် တစ်ပုံစီယူကြမယ်၊ ဘယ့်နှယ်လဲ ... ကိုဗဒင် သဘောတူသလား''

''သဘောတူပါတယ်ကွာ၊ ကဲ ကဲ ... ဝေစုမခွဲခင် ထမင်းစားကြရအောင်၊ ဗိုက်ဆာလှပြီ၊ ဗလထွန်း ... ထမင်းဟင်းထည့်ကွာ၊ ကိုမျိုးခိုင်လည်း စားသွား''

ဗလထွန်းက သံပန်းကန်ပြားတို့အထဲ ထမင်းထည့်ကာ ဆတ်သားဟင်းပါပုံပြီး တစ်ယောက်စီသို့ ကမ်းပေးလေ၏။

ကံချင်အရက်ပုလင်းပါထောင်ပေးရာ ထမင်းမစားမီ အရက်ကိုခွက်လှည့် မော့လိုက်ကြသည်။





ထို့နောက် ထမင်းကို အားရပါးရ စားကြလေ၏။

ထမင်းစားသောက်ပြီးသည်နှင့် နဂါးမာန်ကျော်ရင်က သူ၏ကျောပိုးအိတ်ထဲမှ ရတနာသေတ္တာကိုထုတ်ကာ စွပ်ကျယ်တစ်ထည်ကို မြေကြီးပေါ်ဖြန့်ခင်းပြီး ရတနာထည်တို့ကို စွပ်ကျယ်ပေါ် ပုံလိုက်လေသည်။

''နေပါဦး ... ဒီရတနာထည်တွေကို လေးပုံပုံပြီး ငါတို့လေးယောက် ခွဲယူတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ငါက ငါ့ညီဖခက်အတွက် ဝေစုတစ်စုလိုချင်တယ်''

နဂါးမာန်ကျော်ရင်၏မျက်နှာကို စေ့စေ့ကြည့်ပြီး အေးစက်စက်လေသံဖြင့် ဗဒင်ကပြောလိုက်ရာ နဂါးမာန်ကျော်ရင်က သူ့ကို နားမလည်နိုင်သလို မော့ကြည့်သည်။

''ဘယ်လို ... ဖခက်အတွက် ... ဟုတ်လား၊ ဖခက်က သေပြီပဲဗျ''

''အေးလေကွာ၊ ငါ့ညီသေသွားရလို့လည်း သူ့အတွက် ဝေစုလိုချင်တာပေါ့၊ ဒါပေမဲ့ အဲဒီအတွက် ဝေစုက ရတနာထည်တွေ မဟုတ်ဘူး၊ သွေးကိုပဲ ဝေစုအဖြစ်လိုချင်တာ''

''ဘယ်လို''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် နဂါးမာန် . . . ငါ့ညီအတွက် မင်းရဲ့သွေးကိုပဲ ဝေစုအဖြစ်လိုချင်တယ်"

ဗဒင်က ခက်ထန်စွာပြောလိုက်ရင်း ခါးကြား၌ ထိုးထားသည့် ပစ္စတိုသေနတ်ကို ဖျတ်ခနဲထုတ်ကာ နဂါးမာန်ကျော်ရင်၏ နဖူးတည့်တည့်သို့ ချိန်လိုက်လေသည်။

"ဒါ ဘာသဘောလဲ ကိုဗဒင်"

"ဟား ဟား ဟား . . . ခုမှ မသိချင်ဟန်ဆောင်မနေနဲ့ နဂါးမာန်၊ ညက ငါ့ညီကို မင်း ဓားနဲ့ထိုးသတ်ခဲ့တယ် မဟုတ်လား၊ မင်းရဲ့လုပ်ရပ်တွေကို ကိုမျိုးခိုင်ကမြင်ခဲ့တယ်ကွ၊ မင်းကသာ မီးခိုးလုံးတွေကြောင့် သူ့ကို သတိမထားမိခဲ့တာ"

"ဩော် . . . ဒီလိုလား၊ ကျုပ်က အဲဒီလောက်ညံ့ပါ့မလား ကိုဗဒင်ရဲ့ . . . ဟဲ ဟဲ ဟဲ"

"ဘာ"

"သိပ်အံ့ဩမသွားပါနဲ့ ကိုဗဒင်၊ ညက မီးခိုးလုံးတွေကြားမှာ ကျုပ်ကို ကိုမျိုးခိုင်က တွေ့ခဲ့သလို သူ့ကိုရော ကျုပ်မတွေ့လိုက်ဘူးလို့ ထင်သလား"

"ဘာ"





"ဟင်"

သည့်တစ်ခါတော့ ဗဒင်သာမက ကိုမျိုးခိုင်ပါ အံ့ဩသွားတော့သည်။

"နဂါးမျက်စောင်း အကြောင်းသုံးပါးမရှေးဘူးဆိုပေမယ့် ကျုပ်ကို ရန်မပြုသူကို ကျုပ်ကလည်း ရန်မပြုလိုတဲ့အတွက် ညက ကိုမျိုးခိုင်ကိုပါ ကျုပ် အပြတ်မရှင်းခဲ့တာပဲ ကိုဗဒင်"

"ဒါဆို ငါ့ညီကိုရော မင်း ဘာဖြစ်လို့သတ်ရတာလဲ နဂါးမာန်ရဲ့"

"သူက ကျုပ်ရဲ့အဖေကို သတ်ခဲ့တာကိုး၊ ကျုပ် လှမ်းတားလိုက်တာတောင် မမီလိုက်ဘူး၊ ဦးကျောက်ဘီလူးဟာ ကျုပ်ရဲ့အဖေအရင်းဗျ"

"ဘာ . . . မင်း အစကပြောခဲ့တော့ တစ်မျိုးပါလား၊ အေး . . . ဘာပဲဖြစ်ဖြစ် မင်းကို အခု ငါ့ညီအတွက် လက်စားချေရမှ ကျေနပ်မယ် နဂါးမာန်၊ သေဖို့သာပြင်ပေတော့"

ဗဒင်က ဒေါသတကြီးပြောကာ သေနတ်မောင်းခလုတ်ကို ဆွဲရန် ဟန်ပြင်လိုက်စဉ် နဂါးမာန်ကျော်ရင်က လက်ကာတားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ကိုဗဒင် . . . ကျုပ်ကို အခု ခင်ဗျားပစ်သတ်လိုက်ရင် ခင်ဗျားတို့သုံးယောက်စလုံးလည်း နောက်နာရီဝက်အတွင်း သေကြရလိမ့်မယ်"

"ဘာ ဘာဖြစ်လို့လဲ"

"စောစောက ဟင်းချက်ရင်း ဗလထွန်းရဲ့အလစ်မှာ ဟင်းထဲ အဆိပ်မှုန့်တွေ ကျုပ်ထည့်လိုက်တယ် ကိုဗဒင်၊ အဲဒီအဆိပ်ဟာ တစ်နာရီအတွင်း ကျောက်ကပ်ပျက်စီးပြီး တုံးခနဲလဲကျသေဆုံးသွားနိုင်တဲ့ ဓာတ်ပြာတစ်မျိုးနဲ့ ဖော်စပ်ထားတဲ့အဆိပ်ပဲ"

အေးအေးဆေးဆေးပုံစံဖြင့် ရှင်းပြနေသည့် နဂါးမာန်ကျော်ရင်ကို မယုံသင်္ကာမျက်လုံးများဖြင့် ဗဒင်က ကြည့်လိုက်လေသည်။

"မင်းပြောတာ ငါမယုံဘူးနဂါးမာန်၊ အဲဒီဟင်းကို မင်းလည်း စားခဲ့တာပဲလေ"

"ဟုတ်တယ် . . . ခင်ဗျားတို့နဲ့အတူတူ စားခဲ့တာပါပဲ၊ ဒါပေမဲ့ ကျုပ်မှာ အဆိပ်ဖြေဆေးရှိတယ်"

"အဲ အဲဒီအဆိပ်ဖြေဆေး ငါတို့ကိုပေး"





"ကျုပ်ရဲ့အသက်ကို အသေခံသွားမှာပေါ့၊ ဘယ်ပေးလိမ့်မလဲ၊ အဲဒီအဆိပ်ဖြေဆေးကို ကျုပ်တစ်နေရာမှာ ဝှက်ထားလိုက်ပြီးပြီ၊ ကဲ . . . ခင်ဗျား ကျုပ်ကိုသတ်ချင်ရင် သတ်လိုက်လေဗျာ . . . ဟဲ ဟဲ ဟဲ"

"တောက် . . . မင်း မင်းဟာ လူယုတ်မာပဲ၊ ဦးကျောက်ဘီလူးရဲ့သား တော်တော်ပီသတဲ့ကောင်"

"ဦးကျောက်ဘီလူးနဲ့ကျုပ်ဟာ သားအဖတော်ပေမယ့် သူ့ရဲ့စိတ်မျိုး ကျုပ်မှာ လုံးဝမရှိဘူးဗျ၊ ကိုမျိုးခိုင် ဒီကိုလိုက်လာပြီး ဒီလိုမျိုးတွေဖြစ်မယ်ဆိုတာ ကျုပ် ကြိုတွေးထားပြီး ကြိုစီစဉ်ခဲ့တာပါ"

"တောက် . . . လူယုတ်မာကောင်၊ ကဲကွာ သေစမ်း"

ဗဒင်မှာ သူ့ညီဗခက်အတွက် နာကြည်းဒေါသထွက်နေသဖြင့် ပေါက်ကွဲသွားသည့်သူ့စိတ်ကို မထိန်းနိုင်ဘဲ သေနတ်မောင်းကို ဆွဲဖြုတ်လိုက်စဉ် . . .

"ဟာ ကိုဗဒင် . . . မလုပ်နဲ့ မလုပ်နဲ့"

ကိုမျိုးခိုင်က အလန့်တကြားအော်ရင်း ဗဒင်၏လက်ကို တွန်းထည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း'

ပစ္စတိုပြောင်းဝမှ ကျည်ထွက်သွားသော်လည်း ကျည်က လမ်းကြောင်းလွဲထွက်သွားတော့၏။

ထိုစဉ် နဂါးမာန်ကျော်ရင်သည် ရတနာသေတ္တာကို ပိုက်လျက် ရုတ်တရက် နောက်ကျွမ်းပစ်ကာ ခုန်ထွက်လိုက်တော့သည်။

"တောက် . . . သေစမ်းကွာ"

'ဒိုင်း . . ဒိုင်း'

သေနတ်သံများ ဆူညံသွားကာ ယမ်းငွေ့တို့ ထောင်းထောင်းထသွားသည့်တိုင် နဂါးမာန်ကျော်ရင်က ကျားတစ်ကောင်နှယ် ရှေ့ကျွမ်း နောက်ကျွမ်းပစ်ကာ ခုန်လွှားပျောင်လိုက်သဖြင့် ကျည်တို့လမ်းလွဲကုန်လေ၏။

ထို့နောက်မှာမူ နဂါးမာန်ကျော်ရင်သည် နဘူးချုံကြီးနောက်ဘက်သို့ လွှားခနဲခုန်ဝင်သွားပြီးလျှင် တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားပါတော့၏။

"ဟာ . . . လိုက် လိုက်၊ အဲဒီကောင်ရဲ့ နောက်လိုက်"

"ဗဒင် . . . အဲဒီကောင်ကို မင်း မသတ်နဲ့နော်၊ သူသေ





သွားရင် အဆိပ်ဖြေဆေးမရဘဲ ငါတို့ သေရလိမ့်မယ်"

"ရှာ ရှာ . . . အဲဒီမိစ္ဆာကောင်ကိုရှာကြ"

ကိုမျိုးနိုင်တို့မှာ လူဖြန့်ကာ လိုက်ရှာသော်လည်း နဂါးမာန်ကျော်ရင်၏ အရိပ်အယောင်သော်မျှ မတွေ့ရတော့ချေ။

သေနတ်သံတို့ကြောင့် ရောက်လာကြသည့် စကြာဂိုဏ်းသားတို့နှင့်သာ ပက်ပင်းတိုးတော့၏။

ထိုအချိန်မှာပင် ဗဒင်၊ ကိုမျိုးနိုင်နှင့် ဗလထွန်းတို့မှာ အားအင်များ ရုတ်တရက်ကုန်ခန်းပြီး မြေပေါ်သို့ ပျော့ခွေကျသွားကြတော့၏။

"မျိုးနိုင်ပါလား၊ ဘယ်လိုဖြစ်ကြတာလဲ ပြောစမ်း ပြောစမ်း . . . ဒီကောင်တွေကရော ဘယ်က ဘယ်သူတွေလဲ . . . ပြောစမ်း"

စကြာနက်ဂိုဏ်း၏ ဒုတိယခေါင်းဆောင် ဦးသျှင်ဒူးက အတင်းလှုပ်မေးရာ ကိုမျိုးနိုင်မှာ ဝေဒနာခံစားနေရသည့်ကြားမှ ဖြစ်ကြောင်းကုန်စင်ကို ကြိုးစားပြောပြလိုက်တော့၏။

✡



www.burmeseclassic.com

www.burmeseclassic.com



"နဂါးမာန်ကျော်ရင် နဂါးမာန်ကျော်ရင်တဲ့လား၊ အဲဒီကောင်ရဲ့နောက် ရတနာသေတ္တာပါသွားပြီပေါ့၊ တောက် … တွေ့ကြသေးတာပေါ့ကွာ"

✡

"နဂါးမာန်ကျော်ရင်ရဲ့ဇာတ်လမ်းကတော့ အဲဒီအတိုင်းပဲ လူရဲရေ"

ကျွန်ုပ်၏စကားအဆုံးတွင် လူရဲက အားမလိုအားမရ လေသံဖြင့် မေးတော့သည်။

"နဂါးမာန်ကျော်ရင်ဟာ အဲဒီရတနာတွေရသွားပြီးမှ တကယ်ပဲ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ကျသွားသလား၊ နဂါးစေတမန်ဆိုတဲ့ အာစရိရဲ့ဝတ္ထုထဲမှာတော့ တစ်သက်တစ်ကျွန်းကျသွားတယ်လို့ ရေးထားတယ်လေ၊ ကျွန်တော် ရန်ကုန်





ပြန်ရောက်ရောက်ချင်း ဖတ်ခဲ့ရပါတယ်"

"ဒါက ဒီလိုကွ … ကျုပ်က နဂါးမာန်ရဲ့အကြောင်းကို ဝတ္ထုရဲ့ဇာတ်သိမ်းပိုင်းမှာ အမှန်အတိုင်း မရေးခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကိုယ်တိုင် နဂါးမာန် ဘယ်ရောက်သွားသလဲဆိုတာ မသိလို့ဘဲ"

"နေပါဦး … ဒါထက် အာစရိနဲ့ နဂါးမာန်ကျော်ရင်တို့ ဘယ်လိုတွေ့ခဲ့တာလဲဗျ"

"ဒီလို ကျုပ်က ကချင်ဒေသကို အခြေခံပြီး 'ဗီးနပ်(စ်) ပုလဲ' ဆိုတဲ့ ဝတ္ထုကြီးတစ်ပုဒ်ကို လွန်ခဲ့တဲ့ငါးနှစ်လောက်က ရေးသားထုတ်ဝေခဲ့ဖူးတယ် မောင်လူရဲရဲ့ …၊

အဲဒီဝတ္ထုရေးဖို့ ကချင်ဒေသဆီ လေ့လာရေးခရီးသွားရင်း သီးကျွမ်းခင်မင်ခဲ့တဲ့ တဲအွန်ဒမ်းတောင်အုပ်ကြီး အမ်ဆင်ဆားရ်က ထူးခြားတဲ့ဂမ္ဘီရပစ္စည်းတစ်ခုကို ခက်ခက်ခဲခဲရရှိထားတယ်၊ အဲဒီပစ္စည်းကို ကျုပ်အတွက်ပေးချင်တယ်ဆိုတာနဲ့ ကျုပ်ကချင်ပြည်နယ်မြောက်ဘက် အစွန်းပိုင်းအထိ သွားပြီးမှ တောင်အုပ်ကြီးနဲ့တွေ့ပြီးတဲ့နောက် မြစ်ကြီးနားဆီ ပြန်ဆင်းလာခဲ့တယ်ကွဲ၊



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားရောက်ပြီးမှ မီးရထားနဲ့ စုန်ဆင်းလာတော့ ကျုပ်နဲ့အိပ်ခန်းတွဲ အတူစီးခဲ့ရတဲ့ လူရွယ်တစ်ဦးကို ဆုံတွေ့ခဲ့ရတာပါပဲ ...။

အဲဒီအိပ်ခန်းတွဲထဲ ကျုပ်ရောက်ကတည်းက စောင်ခြုံကွေးပြီးလိုက်ပါလာတဲ့ လူရွယ်ဟာ တစ်လမ်းလုံး တဟင်းဟင်းနဲ့ ညည်းညူလာရှာတယ်ကွဲ့၊ သူဟာ အတော်ဖျားနေပုံရတယ်၊

အဖျားကြီးလာလို့ ကယောင်ကတမ်းတွေတောင် အော်ဟစ်လာတယ်၊ သူက စကြာနက်တွေ စကြာနက်တွေလို့ အော်ဟစ်သလို ဒီရတနာတွေကို ငါပိုင်ပြီ ငါပိုင်ပြီလို့လည်း အော်တယ်ကွဲ့ ...။

ဒါနဲ့ ကျုပ်လည်း ဒီလူရွယ်ဟာ ထူးခြားတယ်လို့သဘောရပြီး သူ့ရဲ့ကျောပိုးအိတ်ကြီးကိုဖွင့်ကြည့်တော့ လားလား ... ကတ္တီပါနီညိုရောင်ရှုံ့အိတ်ထဲ ထည့်ထားတဲ့ ရတနာသေတ္တာကို တွေ့ရတော့တာပဲ လူရဲရေ”

“ရတနာတွေအများကြီးပဲလား အာစရိ”

“လက်ဝတ်ရတနာတွေကွဲ့၊ လက်ရာကတော့ မြန်မာ့ပန်းတိမ်လက်ရာမျိုးမဟုတ်ဘူး၊ တရုတ်ဘက် နွယ်သလိုလို၊ အိန္ဒိယဘက် နွယ်သလိုလိုပဲကွဲ့၊ လည်ဆွဲတွေ, ဘယက်တွေ, လက်ကောက်တွေ အို ... စုံလို့ပါပဲကွာ၊ အဲဒီရတနာထည်တွေမှာ မြှုပ်နှံထားတဲ့ ကျောက်မျက်တွေဟာ အရည်အသွေး အင်မတန်ကောင်းပြီး တန်ဖိုးအတော်ကြီးပုံရတယ်ကွဲ့၊ အဲဒီအထဲမှာ ရှေးဟောင်းပစ္စည်းတန်ဖိုးထည့်ပေါင်းလိုက်ရင် တန်ဖိုးဖြတ်မရနိုင်ဘူးကွဲ့”

“အင်း ... အဲဒီရတနာသေတ္တာကိုတွေ့တော့ အာစရိက ဘာဆက်လုပ်သလဲ”

“အဲဒီလောက်တန်ဖိုးကြီးမားတဲ့ ရတနာပစ္စည်းတွေနဲ့ဆို အဲဒီလူရွယ်မှာ အန္တရာယ်ရှိနိုင်တယ်၊ လူက အဖျားကလည်း တက်နေ, သတိကလည်း လစ်နေ, အဖော်အပေါင်းလည်း ပါပုံမရ၊ ဒီတော့ ကျုပ်ဟာ အဲဒီလူရွယ်ကို ဥပေက္ခာပြုလို့မရတော့ဘူး၊ ဒါကြောင့် သူ့ကို တတ်နိုင်သလောက် ကူညီမယ်လို့ ဆုံးဖြတ်လိုက်တယ်ကွယ်’ ...။

ဒါနဲ့ပဲ အဲဒီလူရွယ်ရဲ့မျက်နှာကို ရေပတ်တိုက်ပေးပြီး သတိရအောင်ကြိုးဆောင်ကြည့်လိုက်တယ်၊ မရဘူး၊ ဒါကြောင့် ရှေ့ဘူတာတစ်ခုခုကျရင် ဆင်းပြီးဆေးကုပေးဖို့ ဆုံးဖြတ်လိုက်တယ်၊




ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကျုပ်ဟာ မိုးညှင်းဘူတာအရောက်မှာ ရထား ပေါ်ကနေ ဆင်းလိုက်တယ်၊ ဘူတာရုံမှာ ကုန်ထမ်းတဲ့လူငယ် လေးတွေကိုခေါ်ပြီး သတိမေ့နေတဲ့ သူ့ကိုပါ ရထားပေါ်ကနေ ချခိုင်းရတယ်၊ ဒီလိုနဲ့ ရထားကြီးထွက်သွားတော့ ကျုပ်တို့နှစ် ယောက်လည်း ကျောပိုးအိတ်ကိုယ်စီနဲ့ မိုးညှင်းဘူတာမှာ ကျန်ရစ် ခဲ့တော့တယ် ...။

အဲဒီနောက် မြင်းလှည်းတစ်စီးငှားပြီး ဆေးခန်းရှိရင် ပို့ပေးဖို့ မြင်းလှည်းသမားကိုပြောရတယ် ...။

မိုးညှင်းမှာ ဆရာဝန်ကလည်း ရှားတယ်၊ ဒါနဲ့ မြင်း လှည်းဆရာက ရှမ်းဆရာကြီးတစ်ဦးဆီ ပို့ပေးတယ်၊ အဲဒီအချိန်ထိ လူရွယ်ရဲ့နာမည်လည်း မသိ၊ ဘယ်ကလာလို့ ဘယ်သွားမှန်း လည်း မသိ ...။

ရှမ်းဆရာကြီးက ဆေးနှစ်ခွက်တိုက်တယ်၊ ဆေးဝင် စေဖို့ သူ့ရဲ့ပါးစပ်ကို ဝိုင်းပြီးဟပေးကြရတယ်၊ ဆေးဝင်သွားတယ် ဆိုရင်ပဲ အဖျားက တဖြည်းဖြည်းကျသွားတယ်၊ သတိကတော့ လစ်ဆဲပဲ ...။

အဲ ... နောက်နေ့နေ့လယ်လောက်ကျမှ လူရွယ်ဟာ





သတိရလာတယ်၊ အဲဒီမှာ သူ့ကို စိတ်ကောင်းစေတနာနဲ့ကူညီ စောင့်ရှောက်ခဲ့တာ ကျုပ်ပဲလို့ သူသိသွားတယ် ...။

ရှမ်းဆရာကြီးက ကျုပ်တို့ကို သူ့အိမ်မှာပဲတည်းစေပြီး ဆေးဝါးကို ဂရုစိုက်ကုသပေးတယ်၊ တတိယနေ့ကျမှ သူဟာ ထူထူထောင်ထောင်ဖြစ်လာတယ်၊ သူ့ရဲ့အမည်ဟာ ကျော်ရင် ဖြစ်ကြောင်း သိလာရတယ် ...။

ကျော်ရင်ဟာ အဖျားလုံးဝမရှိတော့ပေမယ့် အားနည်း နေလို့ ရှမ်းဆရာကြီးရဲ့အိမ်မှာ သုံးလေးရက်လောက် ဆက်ပြီး တည်းခိုရတယ် ...။

ရှမ်းဆရာကြီးရဲ့အိမ်က နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ် ပြီး အပေါ်ထပ်မှာ ကျုပ်တို့နှစ်ယောက် တည်းခိုခွင့်ရတယ်၊ ဒါကြောင့် ကျုပ်တို့ဟာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောဆိုလို့ ရတယ်၊ အဲဒီမှာပဲ ကျော်ရင်က သူ့ရဲ့အဖြစ်အပျက်အလုံးစုံကို ခရေစေ့တွင်းကျ ပြောပြခဲ့တယ် ...။

အဲဒီလို ဘာကြောင့်ပြောပြသလဲဆိုတော့ ကျုပ်ဟာ လောဘရမ္မက်မရှိဘဲ သူ့ကို သတိလစ်နေတဲ့ ကာလတစ်လျှောက် လုံး ကူညီစောင့်ရှောက်ပေးခဲ့တဲ့အတွက် ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရော ကျုပ်ကို စာရေးဆရာမှန်းသိသွားတော့ တစ်ချိန်ချိန်မှာ ဝတ္ထုရေးနိုင်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ သူကိုယ်တိုင် သူ့ရဲ့ထူးခြားလှတဲ့အဖြစ်အပျက်တွေကို လိုလိုချင်ချင် ပြောပြခဲ့တာပဲကွဲ့၊

အဲ . . . ငါးရက်မြောက်တဲ့နေ့မှာတော့ သူဟာ အင်အားအတော်ပြည့်လာခဲ့တယ်၊ အဲဒီညက အိပ်ကြတော့ ကျုပ်ဟာ လက်ဖက်ရည်တစ်ခွက်သောက်ထားပါလျက်နဲ့ ဘယ်လိုဖြစ်မှန်းမသိဘူး နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်ပျော်သွားတော့တယ်၊ အဲဒီလိုအိပ်လိုက်တာမှာ နောက်နေ့မနက် နေဖင်ထိုးမှ နိုးတော့တယ် . . .၊

ကျုပ်နိုးလာတော့ ကျော်ရင် မရှိတော့ဘူး၊ သူ့ကိုယ်စား သူရေးထားခဲ့တဲ့စာလေးတစ်စောင်ပဲ သူအိပ်ခဲ့တဲ့ခေါင်းအုံးပေါ်မှာ တင်ထားခဲ့တယ်၊ စာကို ကျုပ်ဖတ်ကြည့်လိုက်တော့ အခုလောက်ဆို စကြာနက်ဂိုဏ်းသားတွေဟာ သူ့ကို မြေလှန်ပြီးလိုက်ရှာနေပြီ၊ ဒါကြောင့် စကြာနက်ဂိုဏ်းရဲ့ရန်ကလွတ်အောင် သူပြေးမှဖြစ်မယ်လို့ ရေးထားတယ်ကွဲ့ . . .၊

ကျုပ်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ သုံးဖို့ဆိုပြီး ပတ္တမြားလက်ကောက်နှစ်ရံကို လက်ကိုင်ပဝါလေးနဲ့ထုပ်ပြီး ထားပေးခဲ့





တယ်၊ အဲဒီအချိန်ကစပြီး နဂါးမာန်ကျော်ရင်ကို ကျုပ် မတွေ့ရတော့တာပါပဲ၊ သူပေးထားခဲ့တဲ့ ပတ္တမြားလက်ကောက်နှစ်ရံကိုတော့ ကျုပ်ရဲ့မိတ်ဆွေ အိုးနင်းခွက်နင်းဖိုးသူတော်ကြီး မှန်ကင်းတောင်တန်းမှာ ဘုရားတည်တော့ ဌာပနာဖို့ လှူဒါန်းလိုက်တယ်ကွဲ့.''

''ဪ . . . ဒီလိုလား၊ ဒါဆို သူဟာ စကြာအဖွဲ့တွေ့ရဲ့ရန်ကိုရှောင်ဖို့ ဒီအိန္ဒိယနိုင်ငံကို ရောက်နေတာပေါ့ . . . ဟုတ်လား''

''ဟုတ်မယ်၊ ပောင်ရာဘူတာမှာ ကျုပ်လှမ်းတွေ့လိုက်တာ သူမှသူပါ၊ ကျုပ်ကို ဘာဖြစ်လို့ အတွေ့မခံဘဲ ရှောင်ပြေးသွားလဲ မသိဘူး''

ထို့နောက် စကားပြတ်ကာ ခေတ္တမျှ ဆိတ်ငြိမ်သွားကြ၏။

ခဏကြာမှ လှူရဲက ပြုံးလျက်ပြောလေသည်။

''ဒါဆို အာစရိရဲ့ နဂါးစေတမန်ဆိုတဲ့ဝတ္ထုထဲမှာ နဂါးမာန်ကျော်ရင်ဟာ ရတနာထည်တွေကို မန္တလေးအရောက်မှာ ရောင်းချဖို့ ကြိုးစားတယ်၊ အဲဒီမှာ စကြာနီဂိုဏ်းသားတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



နောက်ကလိုက်လာ ခြေရာခံမိသွားရာက နဂါးမာန်ကျော်ရင်နဲ့ တိုက်ခိုက်ကြတယ်၊ အဲဒီအချိန်မှာ ပုလိပ်တွေပါရောက်လာပြီး သုံးပွင့်ဆိုင်တိုက်ပွဲဖြစ်ပွားတယ် ...၊

နဂါးမာန်ကျော်ရင်ဟာ ကိုယ်လွတ်ရုန်းပြေးရင်း ဂေါ်ဝိန်ဆိပ်ကနေ မော်တော်တစ်စင်းနဲ့ ရောဝတီမြစ်ကြီးကို ဖြတ်ပြေးဖို့ ကြိုးစားတယ်၊ ပုလိပ်ကလည်း မော်တော်နဲ့လိုက်တော့ မြစ်လယ်မှာတိုက်ပွဲဖြစ်ပြီး နဂါးမာန်ကျော်ရင်ငှားလာတဲ့ မော်တော်လေးဟာ မှောက်သွားတယ်၊ ရတနာသေတ္တာလေးလည်း ရေထဲကျပြီး ပျောက်ဆုံးသွားတယ် ...၊

နဂါးမာန်ကျော်ရင်ကိုတော့ ဒဏ်ရာတွေနဲ့ ပုလိပ်အဖွဲ့က ဖမ်းမိသွားတယ်၊ နဂါးမာန်ကျော်ရင်ရဲ့ခုခံပစ်ခတ်မှုကြောင့် ပုလိပ်နှစ်ယောက် ကျဆုံးခဲ့ရတယ်၊ အဲဒါကြောင့် အစိုးရက နဂါးမာန်ကျော်ရင်ကို ပထမ သေဒဏ်ပေးလိုက်တယ်၊ နဂါးမာန်ကျော်ရင်က အယူခံဝင်တော့ တစ်သက်တစ်ကျွန်းထောင်ဒဏ် ပြောင်းသွားပြီး ကပ္ပလီပင်လယ်ထဲက အက်ဒမန်ကျွန်း အပို့ခံလိုက်ရတယ်လို့ ဖာတ်သိမ်းလိုက်တာကတော့ အာစရိရဲ့ ထိုးဖာတ်သက်သက်ပဲပေါ့ ...ဟုတ်လား''





''ဟင်း•ဟင်း ...ဟုတ်တာပေါ့ကွယ်၊ ကျုပ်က စကြာဂိုဏ်းတွေ သံသရာရှည်နေမှာစိုးလို့ ရတနာသေတ္တာကိုလည်း ဖျောက်ပစ်လိုက်သလို နဂါးမာန်ကျော်ရင်ကိုပါ ဖာတ်သိမ်းပေးလိုက်တာပါပဲ''

''ဒါပေမဲ့ အာစရိရဲ့ဖာတ်သိမ်းအတိုင်း ဖြစ်မသွားဘူးဆိုတာ စကြာဂိုဏ်းသားတွေကသိနေတော့ အာစရိလည်း ကိုယ့်ရှုးကိုယ်ပတ်ပြီး စကြာဂိုဏ်းသားတွေက နဂါးမာန်ကျော်ရင်ဘယ်မှာရှိနေတယ်ဆိုတာကို အာစရိ သိကိုသိနေရမယ်၊ ဒါကြောင့် ဖော်ထုတ်ပေးပါ၊ မဖော်ထုတ်ပေးရင် အသက်အန္တရာယ်ပြုမယ်လို့ ခြိမ်းခြောက်ခံရတာပေါ့''

''အေးလေကွယ် ...ဒါကြောင့် ဗုဒ္ဓဂါယာဘုရားဖူးထွက်တဲ့အနေနဲ့ရော စကြာဂိုဏ်းသားတွေရဲ့ရန်က ရှောင်တဲ့အနေနဲ့ရော ဒီအိန္ဒိယနိုင်ငံကို ကျုပ်တို့ရောက်နေရတာပေါ့''

''နဂါးမာန်ကျော်ရင်က ဒီအိန္ဒိယနိုင်ငံမှာ ရောက်နေလေတော့ သံသရာပိုရှည်သွားတာပေါ့ဗျာ ...ဟုတ်တယ်မဟုတ်လား ...ဟား ဟား ဟား''

''ကဲ ကဲ ...သိပ်သဘောကျပြီး ရယ်မနေနဲ့၊ ရထား



www.burmeseclassic.com

www.burmeseclassic.com



တစ်တွဲလုံး အိပ်နေကြပြီ၊ ကျုပ်တို့လည်း တစ်မှေးလောက် မှေးလိုက်ကြစို့ရဲ့''

ထို့နောက်တွင်မူ ကျွန်ုပ်သည် ရထားထိုင်ခုံနောက်မှီကို ခေါင်းမှေးမှီရင်း မျက်လုံးအစုံမှိတ်ကာ မှေးလျက် လိုက်ပါလာခဲ့ပါတော့သတည်း။

✲ ✲ ✲





## မကျေပွန်ခြင်း

ကျွန်ုပ်တို့စီးနင်းလိုက်ပါလာသည့် ရထားကြီးသည် ဂါယာဘူတာသို့ နောက်နေ့နံနက်စောစောမှာပင် ဆိုက်ရောက်ခဲ့ရာ ကျွန်ုပ်တို့လည်း အခြားခရီးသည်များနှင့်အတူ ရထားပေါ်မှ ဆင်းကာ ဘူတာအနီးရှိ ကာကာဆိုင်မှာပင် လက်ဖက်ရည်ကျကျတစ်ခွက်စီနှင့် အာလူးပူရီပူပူနွေးနွေးတစ်ပွဲစီကို စားသောက်ကြလေသည်။

ယင်းအခိုက် ရထားစီးစဉ်က ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် လိုက်ပါလာသည့် အသားလတ်လတ် ရုပ်ခံ့ခံ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယတိုင်းသားအဘိုးအိုသည် ယမနေသားတုတ်ကောက်ကို ထောက်ကာ ထောက်ကာဖြင့် ကာကာဆိုင်ထဲသို့ဝင်လာပြီးလျှင် ကျွန်ုပ်တို့စားပွဲနှင့် ဘေးချင်းကပ်စားပွဲ၌ ဝင်ထိုင်လိုက်ပြီး ကာကာ တစ်ခွက်မှာလိုက်သည်ကို ကျွန်ုပ်သတိတားမိလိုက်လေ၏။

"ဒါထက် ဗုဒ္ဓဂါယာကိုအရင်ဝင်ဖို့ မောင်ရင်ဆုံးဖြတ်တာဟာ ဘုရားဖူးချင်တဲ့ ဆန္ဒသက်သက်နဲ့လား၊ တခြားဘာအကြောင်း ရှိသေးသလဲကွဲ့"

ကျွန်ုပ်က အာလူးပူရီကို လက်စသတ်လိုက်ရင်း မေးလိုက်ရာ လူရဲက ခပ်တိုးတိုးပြန်ဖြေလေသည်။

"ဗုဒ္ဓဂါယာတည်ရှိရာ ဘီဟာနယ်မှာ ရှေးမီနောက်မီ ဆာဒူးကြီးတစ်ဦးရှိတယ် အာစရိရဲ့၊ သူ့ရဲ့နာမည်က ချန္ဒရာမူတီတဲ့၊ သူဟာ အိန္ဒိယရဲ့ ရှေးဟောင်းမြို့ပြနိုင်ငံတွေအကြောင်း အတော်သိတယ်၊ ရှေးဟောင်းစာတွေကိုလည်း ဖတ်တတ်တယ်၊ သူ့မှာ ရှေးဟောင်းပေပုရပိုက်တွေအများကြီးရှိတယ်၊ ဒါကြောင့် ကျွန်တော်စူးစမ်းရှာဖွေမယ့် ရှေးဟောင်းဥဒယမြို့ပြနိုင်ငံနဲ့ ပတ်သက်တဲ့သတင်းအစအနဲ ရနိုင်လို့ သူ့ကိုရှာဖွေဖို့ရည်ရွယ်ပြီး လာခဲ့တာပဲ အာစရိရဲ့၊ ဗုဒ္ဓမြတ်ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂါယာမှာ





မြတ်စွာဘုရားကို အာရုံပြုဖူးမြော်မယ်ဆိုတဲ့ ရည်ရွယ်ချက်မျိုးလည်း ပါတာပေါ့ခင်ဗျာ"

ထို့နောက် ကျွန်ုပ်တို့သည် ကာကာဆိုင်ထဲမှ ထွက်ခဲ့ကြပြီး ဗုဒ္ဓဂါယာသို့ထွက်မည့် ခရီးသည်တင်ကားပေါ် တက်ခဲ့ကြလေသည်။

နံနက်ဆယ်နာရီထိုးခါနီးကားထွက်လုလုတွင်မှ ကာကာဆိုင်ထဲတွင် ထပ်ဆုံခဲ့သည့် ကုလားအဘိုးကြီးသည် ယမနေသားတုတ်ကောက်ကို ထောက်ကာ ကားပေါ်တက်လာပြီး ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်မှ ခုံဝယ် ဝင်ထိုင်လိုက်လေသည်။

ထို့နောက်တွင်မူ ဂါယာမြို့မှ ခုနစ်မိုင်ခန့်ဝေးကွာသည့် ဗုဒ္ဓဂါယာသို့ ဦးတည်ကာ ခရီးသည်တင်ကားကလေးက စတင်ထွက်ခွာလာခဲ့ပါ၏။

ကားပေါ်တွင်ရှိကြသော ယောက်ျားမိန်းမမှန်သမျှမှာ အိန္ဒိယတိုင်းရင်းသားများချည်း ဖြစ်ခြင်းကြောင့် ကျွန်ုပ်နှင့် မောင်လူရဲတို့မှာ မြန်မာဘာသာဖြင့် လွတ်လပ်စွာ စကားပြောခွင့်ရနေတော့သည်။

"အိုင်ဆေး လူရဲရဲ့ ... ဆာဒူးကြီးချန္ဒရာမူတီ ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



ဂါယာမှာ ရှိနေတဲ့သတင်းကို မောင်ရင် ဘယ်ကရသလဲကွဲ့''

''ကျွန်တော်ရဲ့အဖေနဲ့ ဆာဒူးကြီးချန္ဒရာမူတီတို့က ရင်းနှီးကြတယ် ခင်ဗျ၊ ဆာဒူးကြီးချန္ဒရာမူတီ မြန်မာပြည် ပုပ္ပားဘက်ကို လာတုန်းက ကျွန်တော်ရဲ့အဖေက အစစအရာရာ ကူညီခဲ့ဖူးတယ်လေ၊ အဲဒီတုန်းက ကျွန်တော်က ငယ်ငယ်ပဲရှိသေးတယ်၊ ဆာဒူးကြီးချန္ဒရာမူတီဟာ အဲဒီတုန်းက ရှေးဟောင်းအိန္ဒိယမြို့ပြနိုင်ငံတွေရဲ့အကြောင်း ပြောသွားတာကို ကျွန်တော်မှတ်မိတယ် ခင်ဗျ ...၊

အဖေကလည်း ဆာဒူးကြီးရဲ့ ဗဟုသုတကြွယ်ဝမှုကို ချီးကျူးဖူးတယ်၊ အခု အရေးကြုံလာတော့ ကျွန်တော်လည်း ဆာဒူးကြီးကို သတိရပြီး ဗုဒ္ဓဂါယာမှာ ဘုရားလည်းဖူးရင်း ဆာဒူးကြီးကိုလည်း ရှာရင်း လာခဲ့တာပဲ အာစရိရဲ့''

ဗုဒ္ဓဂါယာသို့ရောက်လေလျှင် ကျွန်ုပ်တို့သည် ဦးစွာ မဟာဗောဓိဘုရားကြီးကို ဝင်ရောက်ဖူးမြော်ကြလေ၏။

ထို့နောက် ဟိန္ဒူရပ်ကွက်လေးထဲ ဝင်ရောက်ခဲ့ကြပြီး တစ်ခုတည်းသော ထမင်းဆိုင်လေးတွင် နေ့လယ်စာကို စားသောက်ကြရလေ၏။





ကျွန်ုပ်တို့ ထမင်းစားနေကြစဉ် ဂျစ်ကားလေးတစ်စင်းသည် ဖုန်တထောင်းထောင်းထလျက် မောင်းလာပြီးလျှင် ထမင်းဆိုင်လေးရှေ့၌ ထိုးရပ်သွားလေသည်။

ထို့နောက် ကားပေါ်မှ ယောကျ်ားသုံးယောက်နှင့် မိန်းမတစ်ယောက်တို့ ဆင်းလာကြသည်ကိုတွေ့ရရာ ကျွန်ုပ်မှာ မျက်ခုံးပင့်လိုက်မိလေသည်။

လူရဲလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ...

''ဟာ အာစရိ ... အဲဒါ ဒေဝီမဟုတ်လား''

ဟု ခပ်တိုးတိုး မေးလိုက်လေသည်။

ကျွန်ုပ်လည်း ဒေဝီတို့နှင့် ပြဿနာထပ်မဖြစ်ချင်သဖြင့် ဆိုင်ထဲဝင်လာသည့်သူတို့ကို ကျောခိုင်းထိုင်လိုက်ရင်း ခပ်တိုးတိုး ပြန်ဖြေလိုက်ရလေသည်။

''ဟုတ်တယ် လူရဲ၊ မမြင်ချင်ဟန်ဆောင်နေလိုက်ကွာ၊ ကျုပ် သူတို့နဲ့ ပြဿနာထပ်မဖြစ်ချင်ဘူး''

ထို့နောက် ကျွန်ုပ်တို့သည် ထမင်းစားခြင်းကို ခပ်မြန်မြန် အဆုံးသတ်လိုက်ပြီး ငွေရှင်းကာ ဆိုင်ထဲမှထွက်ခဲ့ကြလေ၏။

ကျွန်ုပ်တို့သည် သီဟိုဠ်ကျွန်းမှလာသည့် ဘုရားဖူး ခရီး



www.burmeseclassic.com

www.burmeseclassic.com



သည့်အုပ်စုနှင့်အတူ နေရဥ္စရာမြစ်ကို ခြေလျင်ဖြတ်ကူးကြရာ ဆောင်းတွင်းကာလဖြစ်သဖြင့် မြစ်ရေမှာ နေရာတော်တော်များ များတွင် ခြေကျင်းဝတ်ခန့် ခြေသလုံးသားမြုပ်ရုံမျှသာ နက်လေ၏။

မိုင်ဝက်ခန့်ကျယ်သည့် နေရဥ္စရာမြစ်ကို ဖြတ်သန်းခဲ့ကြပြီးလျှင်မှ ဘကရောရှ်ဟူသည့် ရွာကလေးထဲ ဝင်ရောက်ခဲ့ကြပြီး သုဇာတာ၏အိမ်နေရာဟုဆိုသည့် အုတ်ပုံကြီးကို ကျွန်ုပ်တို့ စူးစမ်းလေ့လာကြည့်ရှုခဲ့ကြလေသည်။

ထို့နောက် ကျွန်ုပ်တို့သည် ဥရုဝေလတောဘက် ထွက်ခွာလာခဲ့ပေသည်။

ကျွန်ုပ်တို့သည် နှစ်မိုင်ခန့် လှမ်းလျှောက်ခဲ့ပြီးလျှင်မှ ဥရုဝေလတောစပ်သို့ ရောက်ရှိလာကြပြီးလျှင် ချုံနွယ်ပိတ်ပေါင်းတို့အကြားမှနေ၍ မြေလမ်းလေးများအတိုင်း တောင်ပေါ်သို့ တက်ခဲ့ကြလေ၏။

ထိုသို့ မြေလမ်းလေးများအတိုင်း တောင်ပေါ်သို့ တက်ရင်း သီဟိုဠ်ကျွန်းမှဘုရားဖူးများနှင့် လူစုကွဲသွားရတော့၏။

ကျွန်ုပ်နှင့်လူရဲတို့သည် မြေလမ်းလေးတစ်လမ်းအတိုင်း





လျှောက်လှမ်းလာခဲ့ကြရာ ချုံနွယ်ပိတ်ပေါင်းတို့ လွန်စွာထူထပ်သည့် တောင်ကြောထိပ်ရောက်လုလုတွင် ချုံနွယ်တို့ကြားမှ လူတစ်စု ရုတ်တရက်ထွက်လာသည်ကို တွေ့ရတော့၏။

"ဟင် ... ဒေဝီတို့ပါလား"

ဟုတ်ပါသည်။ ယောက်ျားသုံးယောက်နှင့် ဒေဝီတို့အုပ်စုမှာ ကျွန်ုပ်တို့ သုဇာတာ၏အိမ်နေရာကို သွားရောက်ကြည့်ရှုလေ့လာနေစဉ် ဤနေရာသို့ ဦးစွာရောက်နှင့်နေခြင်းဖြစ်ပါလိမ့်မည်။

သည့်တစ်ခါတော့ ဒေဝီ၏အုပ်စုတွင် ဓားမြှောင်များပါသည်ကို တွေ့ရ၏။ သူတို့က ကျွန်ုပ်တို့၏ရှေ့မှ ပိတ်ရပ်လိုက်ကြသည်။

"ဒေဝီ ... ဒါ ဘာသဘောလဲ၊ ဟိုတစ်ခါလည်း မင်းငါတို့ကို ဒုက္ခပေးခဲ့ပြီးပြီ"

ဒေဝီက ကျွန်ုပ်ကို စူးစူးရဲရဲကြည့်ရင်း မရယ်ချင့်ရယ်ချင်ရယ်လိုက်လေသည်။

"ဟင်း ဟင်း ဟင်း ... ဟိုတစ်ခါတုန်းက ရှင်တို့ရဲ့ လက်ချက်ကြောင့် ကျွန်မရဲ့လူတွေ အထိနာခဲ့ရတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ရှင်တို့ သွေးကြွေးဆပ်ဖို့ပြင်ပေတော့''

ထို့နောက် ဒေဝီတို့အုပ်စုက ကျွန်ုပ်တို့နှစ်ဦးကို ဓားမြှောင်များဖြင့် ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်တော့ရာ လက်နက်မဲ့ဖြစ်သော ကျွန်ုပ်တို့မှာ တစ်ပန်းရှုံးနေရလေ၏။

ထိုစဉ် မြေလမ်းကလေးအတိုင်း တစ်စုံတစ်ဦးတက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုသူသည်ကား ရထားပေါ်မှာကတည်းက ကြုံခဲ့ရသည့် ကုလားအဘိုးကြီးပင်ဖြစ်ပါ၏။

ယင်းကုလားအဘိုးအိုမှာ တုံ့ဆိုင်းမနေဘဲ ယမနေသားတုတ်ကောက်ဖြင့် ဓားသမားတို့ကို ပြင်းထန်စွာတိုက်ခိုက်တော့၏။

'ချွင် ချွင်'

'ဖြောင်း'

''အား''

ချက်ချင်းဆိုသလိုပင် ဒေဝီနှင့်ဓားသမားတို့မှာ အရေးနိမ့်လာကြပြီး ကျွန်ုပ်၏ခြေကန်ချက် လူရဲ၏ဒူးတံတောင် တိုက်ချက်တို့အပြင် ကုလားအဘိုးအို၏ တောင်ဝှေးရိုက်ချက်တို့မှာ ဒဏ်ရာအသီးသီးရရှိသွားကြရာ နောက်ဆုံးတွင် မခံနိုင်ကြတော့





ဘဲ ချုံများကြားသို့ ပြေးဝင်ပျောက်ကွယ်သွားကြတော့၏။

''ကျေးဇူးတင်ပါတယ်ဗျာ''

ကျွန်ုပ်က ကုလားအဘိုးအိုအား ဟိန္ဒူစတန်နီဘာသာဖြင့် ကျေးဇူးစကားဆိုလိုက်ရာ အဘိုးအိုက ပြုံးလိုက်ပြီး ...

''ရပါတယ်ကွယ်၊ ထမင်းဆိုင်မှာကတည်းက သူတို့လူစုဟာ ခင်ဗျားတို့ကို ဘယ်လိုဒုက္ခပေးရမယ်၊ ဘာမယ်နဲ့ တိုင်ပင်နေကြတာကို ကျုပ်ကြားရတာနဲ့ ခင်ဗျားတို့ကို ရန်ပြုတော့မှာပဲဆိုပြီး ကူညီဖို့လိုက်လာတာဗျ''

ဟု အေးဆေးစွာရှင်းပြလေသည်။

''ဒါထက် ဘာဘူကြီးကရော ဒီဗုဒ္ဓဂါယာကို ဘာကိစ္စအတွက်နဲ့ လာတာလဲဗျ၊ ကျုပ်တို့နဲ့ ဆုံပဲဆုံတတ်ပလေဗျာ''

''ဒီလို ... ကျုပ်ရဲ့မိတ်ဆွေ ဗာရာဏသီက သူကြွယ်ကြီးတစ်ဦးဟာ လွန်ခဲ့တဲ့နှစ်ပတ်လောက်ကပဲ ဆုံးပါးသွားတယ်ကွဲ့၊ သူ့မှာ နှစ်တွေအကြာကြီး ကွဲကွာနေတဲ့ မိတဆိုးဖတဆိုး မြေးမလေးတစ်ဦး ရှိတယ် ...၊

အဲဒီမြေးမလေးက နိုင်ငံရပ်ခြားမှာ နေရာကနေ သူ့အဘိုးဆီပြန်လာတဲ့အချိန်မှာ အဘိုးဖြစ်သူဟာ ဆုံးပါးသွားခဲ့ပြီကွဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရဲ့မိတ်ဆွေ သူကြွယ်ကြီးဟာ သူ့မြေး အမွေဆက်ခံဖို့ကိစ္စအဝဝကို ကျုပ်က ဆောင်ကြဉ်းပေးဖို့ အကူအညီတောင်းခဲ့တယ်လေ ...။

အမွေစားအမွေခံကိစ္စကိုတော့ ဗာရာဏသီက ဝတ်လုံတော်ရကြီး ဆာဂျစ်ဆင်းဆီမှာ အပ်နှံထားခဲ့တယ်၊ ဝတ်လုံတော်ရကြီး ဆာဂျစ်ဆင်းကလည်း ဗုဒ္ဓဘာသာဝင်တစ်ဦးမို့ ဒီ ဗုဒ္ဓဂါယာက ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ တရားစခန်းလာဝင်နေတယ် ...။

ဒါကြောင့် ကျုပ်ဟာ ဒီဗုဒ္ဓဂါယာကို လိုက်လာပြီး ဝတ်လုံတော်ရကြီးကို လာတွေ့ရတာပဲ ...။

သူ တရားစခန်းဝင်လို့ပြီးရင် မူလအစီအစဉ်အရ ဟိမဝန္တာတောင်တန်းမှာ တရားကျင့်နေတဲ့ သူ့ရဲ့ဆရာ ဆာဒူးကြီးဆီ ဆက်မသွားဘဲ ဗာရာဏသီကို ပြန်လာဖို့ ကျုပ်က လာပြောရတာပဲ ...။

ခုတော့ ကျုပ်လည်း ဝတ်လုံတော်ရကြီးနဲ့တွေ့ပြီးပြီမို့ ဗာရာဏသီပြန်တော့မယ်၊ ခင်ဗျားတို့ဟာ ကျုပ်လေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေဖြစ်ပြီး နိုင်ငံရပ်ခြားကလာတဲ့ ဧည့်သည်တွေ





မှန်းသိလို့ ခုလို ခရီးကြုံလမ်းကြုံ ကူညီရတာပါပဲ ...။

ကျုပ်ဟာ အရှယ်ကောင်းတုန်းက ဗာရာဏသီမှာ အိန္ဒိယ ရိုးရာသိုင်းကျောင်း ဖွင့်ခဲ့သူပဲကွဲ့၊ အခု အသက်အရွယ်ထောက်လာလို့ သိုင်းကျောင်းအုပ်အဖြစ်က အနားယူခဲ့တာပဲ၊

ကဲ ... ခင်ဗျားတို့ ဗာရာဏသီရောက်ရင် နန်းတော်ဟောင်းကြီးရဲ့ ဝဲဘက်မှာရှိတဲ့ အပြာ့ရောင်သုံးထပ်တိုက်ကြီးဆီ ဝင်လာခဲ့ပါ၊ အဲဒါ ကျုပ်ရဲ့မိတ်ဆွေ သူကြွယ်ကြီးရဲ့အိမ်ဂေဟာပဲ၊ လောလောဆယ် ကျုပ်က စောင့်ရှောက်ထိန်းသိမ်းထားရတယ်၊ ခင်ဗျားတို့ အေးအေးဆေးဆေး တည်းခိုလို့ရတယ် ...။

ခင်ဗျားတို့ရောက်လာတဲ့အခါ ကလေးမလေးရဲ့ မင်္ဂလာပွဲနဲ့ဆုံရင် စည်စည်ကားကားနဲ့ ပျော်စရာကောင်းတာကို တွေ့ရမယ်၊ ကျုပ်ရဲ့နာမည်ကိုလည်း မှတ်ထားဦး၊ မိုဒီလို့ ခေါ်တယ်''

ထို့နောက် အဘိုးအိုမိုဒီသည် ကျွန်ုပ်တို့ကို နှုတ်ဆက်ပြီး တောင်ကုန်းလေးပေါ်မှ ပြန်ဆင်းသွားတော့၏။

ကျွန်ုပ်တို့လည်း ဥရုဝေလတောကို လေ့လာပြီးနောက် နေရဉ္စရာမြစ်ကိုဖြတ်လျက် ဂါယာမြို့သို့ ပြန်လာခဲ့ကြပါတော့သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အသည်းကွဲမြို့တော်

နောက်ရက်များတွင်မူ ...

ကျွန်ုပ်နှင့် လူရဲတို့သည် ဘီဟာနယ်အနှံ့ရှိ မူရှိဒါဗွာတ်၊ ဂျေရာ၊ ပတ္တနားမြို့များသို့ တစ်မြို့ပြီးတစ်မြို့ လှည့်လည်ကာ လူရဲတွေ့ချင်နေသည့် ဆာဒူးကြီးချန္ဒရာမူတီ၏သတင်းကို စုံစမ်းထောက်လှမ်းခဲ့ကြပြီး ဘီဟာနယ်ဗုဒ္ဓဂါယာရှိ သံဝေဇနီယ ၄ ဌာနနှင့် သတ္တဌာနတို့သို့ပါ ခရီးကြုံလျှင်ကြုံသလို လေ့လာစူးစမ်းရင်း ဘုရားရှင်၏ဂုဏ်တော်တို့အား ဦးညွှတ်ပွားများ ပူဇော်ခဲ့ကြပါ၏။





သို့ဖြင့် ဆယ်ရက်ခန့် ဘီဟာနယ်တွင် သောင်တင်နေခဲ့သော်လည်း ဆာဒူးကြီးချန္ဒရာမူတီကို ရှာဖွေမတွေ့ချေ။

အချို့က ဆာဒူးကြီးချန္ဒရာမူတီကို သိကြပြီး ဆာဒူးကြီးသည် သီဟိုဠ်ကျွန်းသို့ ကူးသွားတာကြာပြီဟု ဆိုသူကဆို၏။

အချို့ကလည်း ဆာဒူးကြီးသည် ဟိမဝန္တာကိုကျော်ဖြတ်ကာ ဂမ္ဘီရပညာရှင်များ၊ ဂန္ဓာရီခရီးသည်များ၊ ဝိဇ္ဇာများ၏ အသည်းနှလုံးဒေသဖြစ်သော ရှန်ဗဲလားသို့ ဦးတည်သွားပြီဟု ဆိုကြ၏။

နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ဗုဒ္ဓဂါယာအနှံ့ သွားရောက်ကြည့်ညိုပြီးဖြစ်သလို ဆာဒူးကြီးချန္ဒရမူတီ၏သတင်းကိုပါ စုံစမ်း၍မရဘဲ လက်လျှော့လိုက်ရပြီမို့ ဗာရာဏသီသို့သွားရန် ဆုံးဖြတ်လိုက်ကြပါတော့၏။

"ကဲ လူရဲရေ ... မင်းရဲ့ ဆာဒူးကြီးကို မတွေ့တော့မယ့်အတူတူ ဗုဒ္ဓစာပေမှာ ထင်ရှားလှတဲ့ ဗာရာဏသီမြို့ဟောင်းဆီ သွားလေ့လာကြမယ်ကွာ၊ ဗာရာဏသီဟာ ဂင်္ဂါမြစ်ကမ်းပါးစပ်မှာ တည်ထားတာဆိုတော့ ဂင်္ဂါမြစ်ကိုလည်း တစ်ပါတည်း လေ့လာရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် တစ်နေ့သောနံနက်တွင် နံနက် ၈ နာရီခွဲထွက် သောရထားဖြင့် ဂါယာဘူတာမှနေ၍ ဗာရာဏသီမြို့သို့ ဦးတည် ထွက်ခွာခဲ့ကြပါတော့၏။

ဂါယာမြို့နှင့်ဗာရာဏသီမြို့မှာ ၁၅၅ ကီလိုမီတာ ဝေး ကွာပြီး ဘူတာပေါင်းများစွာကို ဖြတ်သန်းရသလို သာယာလှပ သည့် ဒေရီမြစ်ကိုပါ ဖြတ်သန်းခဲ့ရလေသည်။

ကျွန်ုပ်တို့သည် ဗာရာဏသီသို့ ညနေ ၃ နာရီခွဲခန့်တွင် မှ ရောက်ရှိကြရာ ရောက်ရောက်ချင်း ကျော်ကြားထင်ရှားလှ သည့် ရှေးဟောင်းမြို့တော် ဗာရာဏသီကို လေ့လာခြင်းမပြုနိုင် သေးဘဲ ထိုညအဖို့ တည်းခိုရန်ကိစ္စကို ဦးစားပေးစဉ်းစားရလေ သည်။

''ကျုပ်တို့ကို ကုလားအဘိုးအို မိုဒီက ဖိတ်ခေါ်ထားတာ ပဲ၊ သူရှိနေမယ့် အပြာရောင်စံအိမ်ဆီပဲ သွားပြီးတည်းခိုကြတာ ပေါ့''

သို့ဖြင့် ... ကျွန်ုပ်တို့သည် တက္ကစီကားတစ်စီးဖြင့် ဂင်္ဂါမြစ်ကမ်းပါးရှိ အပြာရောင်စံအိမ်ကြီးဆီသို့ လာခဲ့ကြပါတော့ သည်။





ကြီးမှားခံ့ညားလှသည့် ရှေးဟောင်းနန်းတော်ကြီးကို ကျော်လွန်လာပြီးလျှင်မူ တက္ကစီကားကလေးသည် မိုးပြာရောင် လွင်လွင်လေးသုတ်ထားသည့် သုံးထပ်တိုက်ကြီးတစ်တိုက်၏ ရှေ့ သို့ ရောက်ရှိသွားပါတော့၏။

''အပြာရောင်တိုက်ကြီးဆိုတော့ ဒီတိုက်ကြီးပဲဖြစ်မယ် ကွ၊ ကားဆရာ ... ရပ် ရပ်''

ကားကလေးက ထိုးရပ်သွားပြီး ကျွန်ုပ်နှင့်လူရဲမှာ ကား ပေါ်မှ ကျောပိုးအိတ်ကိုယ်စီလွယ်လျက် ဆင်းလိုက်ကြတော့၏။

''တိုက်ကြီးက အတော်ခမ်းနားတာပဲကွ၊ အေးပေါ့လေ ... ဗာရာဏသီမြို့က သူကြွယ်ကြီးတစ်ဦးရဲ့ စံအိမ်တော်ဆိုတော့ လည်း ခမ်းနားကြီးကျယ်မှာပေါ့ကွ''

''ဟာ ... တိုက်ကြီးအထဲမှာ ပန်းစက္ကူတွေ, ရွှေရောင် စက္ကူတွေ, ပူပေါင်းတွေ ဆင်ယင်ထားပါလားဗျ''

''ဩော် ... အေး ... ဘာသူကြီးမိုဒီပြောသွားသားပဲ ကွ၊ ဒီစံအိမ်ပိုင်ရှင် သူကြွယ်ကြီးရဲ့မြေးမလေး မင်္ဂလာပွဲရှိတယ် ဆိုလားပဲ''

ကျွန်ုပ်တို့သည် အပြာရောင်တိုက်အိမ်ကြီး၏ အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝတွင် ရပ်လိုက်ကြစဉ် အိမ်ထဲမှ ဒိုတီအဖြူဝတ်ထားသော လူငယ်လေးတစ်ဦးထွက်လာကာ ကျွန်ုပ်တို့ကို ဟိန္ဒူစတန်နီ ဘာသာစကားဖြင့် မေးမြန်းလေသည်။

"ဘာကိစ္စများရှိလို့ပါလဲ"

"ဘာဘူကြီး မိုဒီနဲ့တွေ့ချင်လို့ပါကွယ်၊ ကျုပ်တို့ဟာ သူ့ရဲ့ညှိသည်တွေပါ"

"ခဏလေးစောင့်ပါနော်"

ကောင်ကလေး အထဲပြန်ဝင်သွားပြီး ခဏအကြာတွင် ဘာဘူကြီးမိုဒီအိမ်အတွင်းပိုင်းမှ အူယားဖားယားထွက်လာသည်ကို တွေ့ရတော့သည်။

"ဟရေး ကျုပ်ရဲ့မိတ်ဆွေကြီးတို့ . . . တကယ့်ကို လာလည်တာပါလား၊ ဒီအိမ်မှာ မနက်ဖြန်ဆို မင်္ဂလာပွဲကြီး ကျင်းပတော့မှာမို့ ခင်ဗျားတို့ ရောက်လာတာအတော်ပဲဗျို့၊ စည်စည်ကားကား ဖြစ်သွားတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန်မင်္ဂလာဆောင်မယ့်သတို့သားနဲ့ သတို့သမီးတို့ဟာ ခင်ဗျားတို့ဗမာလူမျိုးတွေဖြစ်တဲ့အပြင် မင်္ဂလာပွဲကိုလည်း ခင်ဗျားတို့ ဗမာထုံးစံနဲ့အညီ ဆင်ယင်ကျင်းပမှာမို့လို့ပဲဗျ"





ဘာဘူကြီးမိုဒီ၏စကားကြောင့် ကျွန်ုပ်တို့နှစ်ဦးမှာ အံ့အားကြီးသင့်သွားရတော့၏။

"ဘယ်လို ဘယ်လို . . . မင်္ဂလာဆောင်မယ့် သတို့သမီးနဲ့ သတို့သားက ကျုပ်တို့ဗမာလူမျိုး . . . ဟုတ်လား၊ ဗမာလိုမင်္ဂလာဆောင်မှာတဲ့လား၊ ဘယ်လိုဖြစ်ရတာလဲဗျ . . . ခင်ဗျားပြောတော့ ဒီစံအိမ်ပိုင်ရှင်သူကြွယ်ကြီးရဲ့ မြေးဆို"

"ဟား ဟား ဟား . . . အင်း . . . အဲဒီအကြောင်းကို ကျုပ်ရှင်းပြပါ့မယ်၊ ကဲ ကဲ ကောင်ကလေးတွေ . . . ဒီက ကျုပ်ညှိသည်တွေရဲ့ ကျောပိုးအိတ်တွေကိုယူသွားပြီး အိမ်ပေါ်ထပ်တောင်ဘက်စွန်းကအခန်းတွေမှာ နေရာချထားလိုက်စမ်း"

ဘာဘူကြီးမိုဒီက သူ့လူများကို ခိုင်းစေလိုက်ပြီးနောက် ကျွန်ုပ်တို့အား ခမ်းနားလှပသည့် ညှိခန်းမကြီးထဲခေါ်သွားကာ သပြေသီးရောင်ဆိုဖာခုံကြီးများတွင် ထိုင်ခိုင်းလေသည်။

အိမ်ဝန်ထမ်းများ ငွေလင်ပန်းဖြင့် လာချပေးသည့် သစ်သီးဖျော်ရည်အေးအေးတို့ကိုလည်း သောက်စေသည်။

"မကြာခင် ညစာ ပျော်ပျော်ကြီးစားကြတာပေါ့ဗျာ ကိုယ့်အိမ်လိုသဘောထားပြီး လွတ်လွတ်လပ်လပ်ကြီးနေပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ ... ဘာဘူကြီးက ခုလို လိုက်လိုက်လှဲလှဲ ဖော်ဖော်ရွေရွေ ကြိုဆိုတဲ့အတွက် ကျုပ်တို့ စိတ်ချမ်းသာလိုက်တာဗျာ၊ ဒါထက် စောစောက မေးတာကို ဖြေဦးလေဗျာ၊ သတို့သား သတို့သမီးကိစ္စ"

"ဒီလိုဗျ ... ဒီစံအိမ်ကြီးရဲ့ပိုင်ရှင် သူကြွယ်ကြီး ရာကူးမားမှာ တစ်ဦးတည်းသောသား ရှိတယ်၊ သူက ကာလကတ္တား တက္ကသိုလ်ကနေ ဘူမိဗေဒဘာသာရပ်နဲ့ ပါရဂူဘွဲ့ရပြီး ယိုးဒယားနဲ့မြန်မာနိုင်ငံနယ်စပ်က သတ္တုတွင်းတွေမှာ သတ္တုတူးဖော်ရေးဆိုင်ရာပညာရှင်အဖြစ် အမှုထမ်းရင်း မြန်မာအမျိုးသမီးတစ်ဦးနဲ့ အိမ်ထောင်ကျခဲ့တယ် ...၊

အဲဒီလို အိမ်ထောင်ကျပြီး သမီးလေးတစ်ဦးတည်း မွေးခဲ့တယ်၊ သမီးလေးက ဗမာရုပ်၊ ချောလှပြီး ချစ်စရာကောင်းတယ်၊ ဖအေဘက်ကရော မအေဘက်ကပါ ဗုဒ္ဓဘာသာမို့ သူလေးလည်း ဗုဒ္ဓဘာသာဝင်ပဲပေါ့ဗျာ ...၊

နောက် သမီးလေး ကြီးပြင်းလာတော့ ယိုးဒယားမှာပဲ ကျောင်းထားတယ်၊ ကလေးမလေးက ငယ်ငယ်တုန်းကတော့ ဗာရာဏသီကို မိဘတွေနဲ့အတူ အလည်လိုက်လာပြီး ဘိုးအေ





ဖြစ်သူ ရာကူးမားနဲ့ တွေ့ခဲ့တာပေါ့၊ ရာကူးမားက သူ့ရဲ့ တစ်ဦးတည်းမြေးမလေးကို သိပ်ချစ်ရှာတယ်၊ ဒါပေမဲ့ ကောင်မလေးက အတန်းကြီးလာတော့ သူ့အဘိုးဆီ မလာဖြစ်တော့ဘူး ...၊

ကြားထဲမှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့ လေယာဉ်လိုင်းတွေမရှိဘဲ ပင်လယ်ကူးသင်္ဘောပတ်လည်း မရှိသလောက်ဖြစ်လာတဲ့အတွက် သူ့ဘိုးအေနဲ့ ပိုမတွေ့ဖြစ်တော့ဘူး၊ နောက် ကောင်မလေးက ဘန်ကောက်တက္ကသိုလ်ကပဲ ဓာတုဗေဒဘာသာအထူးပြုနဲ့ မဟာဘွဲ့ရပြီး သူ့အဖေအလုပ်လုပ်တဲ့ ကုမ္ပဏီမှာပဲ အရာရှိအဖြစ် အလုပ်ဝင်နေခဲ့တယ် ...၊

အဲဒီအချိန်မှာပဲ ပြီးခဲ့တဲ့နှစ်က ကလေးမလေးရဲ့ မိဘနှစ်ပါးဟာ ဖူးခက်မှာ ကားမှောက်ပြီးကွယ်လွန်ခဲ့ရတယ်၊ ဒါနဲ့ ရာကူးမားက သူ့မြေးကို အလုပ်ကထွက်ပြီး ဗာရာဏသီမှာ လာနေဖို့ ကြေးနန်းရိုက်ခေါ်တယ် ...၊

ကောင်မလေးကလည်း ကုမ္ပဏီမှာ စာချုပ်မိနေတော့ ရုတ်တရက် မလာနိုင်ဘူးဖြစ်နေတယ် ...၊

အဲဒီအချိန်မှာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်တဲ့ ရာကူးမားဟာ အသက်ကြီးလာပြီမို့ သံဝေဂရပြီး ဗုဒ္ဓဂါယာက မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးကျောင်းဝင်းထဲမှာ စေတီတစ်ဆူတည်တယ်၊ အဲဒီလို စေတီတည်ပြီး ဌာပနာခါနီးမှာ ဌာပနာတိုက်မပိတ်မီ ဗမာလူမျိုး လုလင်တစ်ဦးရောက်လာပြီး ရှေးဟောင်းရတနာထည်တွေ လာပေးတယ် …၊

အဲဒီ ရှေးဟောင်းရတနာတွေကို သူ့ကိုယ်ကျိုးအတွက် မသုံးရဲ မသုံးရက်လို့ ဌာပနာဖို့လာလှူတာလို့ပြောတယ်၊ အဲဒီတင် သူ့ရဲ့ရတနာပစ္စည်းတွေကို ဘုရားဒကာ ရာကူးမားက ဌာပနာခွင့် ပြုလိုက်တယ် …၊

အဲဒီလုလင်ကလည်း ဘုရားတည်ရာမှာ ဝိုင်းပြီး ကူညီလုပ်ကိုင်ပေးတယ်၊ နောက်တော့ ရာကူးမားနဲ့ အဲဒီလုလင်ဟာ အတော်ကြီးကို ရင်းနှီးသွားတယ် …၊

ရာကူးမားက ဗာရာဏသီက ဒီစံအိမ်ကြီးဆီ အဲဒီလုလင်ကို ခေါ်ထားတယ်၊ နောက်ဆုံးမှာတော့ အဲဒီလုလင်ကို သဘောကျပြီး သူ့ရဲ့မြေးမလေးနဲ့ လက်ဆက်ပေးဖို့ ဆုံးဖြတ်လိုက်တယ်”

“ဪ … ဒီလိုကိုး”

“ဟုတ်တယ်၊ ကလေးမလေးကလည်း ဗမာရုပ်ရည်





ဗမာသွေးအပြည့်နဲ့ သူ့ကိုယ်သူ ဗမာလူမျိုးအဖြစ်ပဲ ခံယူထားတယ်၊ ရာကူးမားက သူ့မြေးမလေးကို သူ့ရဲ့အမွေအနှစ်တွေ လွှဲပေးပြီးရင် သူ သဘောတူထားတဲ့လုလင်နဲ့ လက်ဆက်ရမယ်လို့ မသေမီမှာသွားခဲ့တယ်၊ ကောင်မလေး ဗာရာဏသီရောက်လာတော့ သူ့ရဲ့အဘိုးဟာ ဆုံးပါးခဲ့ပြီးပြီ”

ဤတွင် လူရဲက ဝင်မေးလေသည်။

“နေပါဦး … ဘဘူကြီးပြောပြတဲ့ဇာတ်လမ်းက စိတ်ဝင်စားစရာပါပဲ၊ ဒါထက် အဲဒီမိန်းကလေးကရော သူ့အဘိုး သဘောတူထားသူကို ကြည်ကြည်ဖြူဖြူ လက်ခံလို့လား၊ အရင်က တစ်ခါမှ တစ်ဦးနဲ့တစ်ဦး မတွေ့မြင်ကြဖူးပဲနဲ့”

“အင်း … ဖူးစာမှန် ကံတူအကျိုးပေးလို့ ဆိုရမှာပေါ့ကွယ်၊ သူတို့နှစ်ဦးဟာ နတ်ဖက်တဲ့ဖူးစာပါပဲ၊ မိန်းကလေး ဒီကိုရောက်လာပြီး သူတို့ချင်းတွေ့ကြတော့ တစ်ဦးကိုတစ်ဦး နှစ်လိုစုံမက်သွားကြတယ်ကွဲ့၊ ဒီစံအိမ်ကြီးထဲမှာပဲ အတူနေကြရင်း ရက်ပိုင်းအတွင်းမှာပဲ ချစ်သူရည်းစားတွေ ဖြစ်သွားကြတယ်ကွဲ့၊

အဲဒီတော့ နတ်ကလည်းလို ဂြိုဟ်ကလည်းမပြီဆိုတော့ သူတို့နှစ်ဦးကို အမြန်ဆုံးလက်ထပ်ပေးဖို့ ကျုပ်နဲ့ ဝတ်လုံတော်ရ



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့နေကြီး ဆာဂျစ်ဆင်းတို့က ခုလိုစီစဉ်ရတာပါပဲကွယ်''

''ကောင်းပါလေ့ဗျာ၊ ကြည်နူးစရာအချစ်ဇာတ်လမ်းကလေးပါပဲ''

ထိုစဉ် အိမ်ပေါ်ထပ်မှနေ၍ လှပနုပျိုသော အမျိုးသမီးလေးတစ်ဦးနှင့် အမျိုးသားချောချောတစ်ဦးတို့သည် လက်ချင်းတွဲချိတ်လျက် ပြုံးရွှင်ကြည်နူးစွာ လှေကားကြီးအတိုင်း ဆင်းလာကြသည်ကို တွေ့ရတော့၏။

''အဲ အဲဒါပေါ့ ... သတို့သားနဲ့ သတို့သမီးဆိုတာ''

''ဗျာ''

''ဟင်''

ကျွန်ုပ်က သတို့သားချောချောကိုကြည့်ရင်း မှင်တက်မိသွားရသလို လူရဲမှာ သတို့သမီးကိုကြည့်ရင်း ကြက်သေသေသွားရရှာတော့၏။

''ဟာ ... သ သတို့သားက နဂါးမာန်ကျော်ရင်ပါလား''

''သ သတို့သမီးက မာ မာလာပါလား''

သတို့သားကလည်း ကျွန်ုပ်ကို မှတ်မိသွားလေ၏။

''ဩော် ... ဦးကိုး''





သတို့သမီးကလည်း လူရဲကိုမှတ်မိသွားလေသည်။

''ဩော် ... ရှင်တို့ကိုး''

ဘာဘူကြီးမိုဒီလည်း အံ့အားသင့်သွားတော့သည်။

''ဟာရေး ... ခင်ဗျားတို့က အချင်းချင်း သိနေကြပါလား၊ ဘယ်လိုကဘယ်လို သိနေကြတာလဲ ... ရှင်းပြပါဦး''

ဤတွင် ကျွန်ုပ်က ခပ်ဖြည်းဖြည်း ရှင်းပြလိုက်ရတော့သည်။

''ဒီလိုဘာဘူကြီးရဲ့ ...ကျုပ်တို့ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့လေဆိပ်မှာ ဒီမိန်းကလေးနဲ့ အသိအကျွမ်းဖြစ်ပြီး ခရီးဖော်ဖြစ်ခဲ့ကြတာပါ''

''ဩော်''

''ဒီကလူငယ်နဲ့ ကျုပ်ဟာလည်း မြန်မာပြည်မှာတုန်းက မိတ်ဟောင်းဆွေဟောင်းတွေပါပဲ၊ အခုလို မမျှော်လင့်တဲ့နေရာမှာ မထင်မှတ်တဲ့ အနေအထားတွေနဲ့ ပြန်ဆုံကြတော့ အံ့ဩကုန်ကြရတာပေါ့''

''ဩော် ... ဒီလိုလား၊ မိတ်ဟောင်းဆွေဟောင်းတွေ ဒီလို ပြန်ဆုံတော့ ကောင်းတာပေါ့ဗျာ၊ ပျော်စရာကြီးပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား ... ဟား ဟား ဟား''

ထိုစဉ် ဆလွန်းကားကြီးတစ်စီးသည် ကျွန်ုပ်တို့ရှိရာ တိုက်အိမ်ကြီးရှေ့သို့ ထိုးဆိုက်လာပြီး ကားထဲမှ ခံ့ခံ့ညားညား ပုဂ္ဂိုလ်ကြီးနှစ်ဦး ထွက်လာကြတော့၏။

''ဟော ... ဝတ်လုံတော်ရကြီးနဲ့ သူ့ရဲ့ဆရာ ဆာဒူးကြီး တို့ ရောက်လာကြပြီ၊ အတော်ပဲ ဝတ်လုံတော်ရကြီး ... ဒီမှာပဲ ညစာစားသွားဗျာ၊ မနက်ဖြန်မင်္ဂလာပွဲအတွက် အကြို ပျော်ပျော် ပါးပါးပေါ့၊ ဆာဒူးကြီးကိုလည်း သစ်သီးဖျော်ရည်တွေ ကပ်ပါ့ မယ်''

ကျွန်ုပ်က ဝဖြိုးခံ့ညားပြီး မျက်နှာချောချောကြီးတွင် မုတ်ဆိတ်ပါးမြိုင်းမွေးများ သန့်ပြန့်စွာပေါက်ရောက်နေသည့် ဝတ်လုံတော်ရကြီးကို ဦးစွာ အကဲခတ်ကြည့်လိုက်၏။

အနောက်တိုင်းဝတ်စုံဝတ်ထားသည့် ဝတ်လုံတော်ရကြီး မှာ ခံ့ညားပြီး သဘောသဘာရကောင်းပုံ ရလေသည်။

ဆာဒူးကြီးမှာ အဖြူရောင်နံ့ငယ်ပိုင်းကို ခါးတွင်စည်း ထားပြီး ဖြူလွလွပဝါကို ကိုယ်အထက်ပိုင်း၌ ရစ်သိုင်းထား လေသည်။





ဖြူဖွေးသည့် မုတ်ဆိတ်ကျင်စွယ်များရှိပြီး ပိန်လှီသည့် တိုင် အသားအရေက ကြည်စင်လျက်ရှိသည်။

အသက်မှာမူ အတော်ကြီးလှပြီး ခန့်မှန်းရခက်သည့်တိုင် သန်စွမ်းဖျတ်လတ်ပုံ ရလေသည်။

ဘာဘူကြီးမိုဒီက ကျွန်ုပ်နှင့်လူရဲကို ဝတ်လုံတော်ရကြီး တို့နှင့် မိတ်ဆက်ပေးလေသည်။

''ဒါ ဝတ်လုံတော်ရကြီး ဆာဂျစ်ဆင်းပဲ''

''ဒီသူတော်စင်ကြီးကတော့ ဆာဒူးကြီးချန္ဒရာမူတီပါပဲ ကွယ်''

ဤတွင် ကျွန်ုပ်ရော လူရဲပါ ဆာဒူးကြီးကိုကြည့်ပြီး လွန်စွာ အံ့ဩသွားကြတော့၏။

အံ့ထူးသဖြင့် လူရဲမှာ ထခုန်မိမတတ် ဝမ်းသာသွား တော့၏။

''ဟာ ... ဆာ ဆာဒူးကြီးချန္ဒရာမူတီ ... ဟုတ်လား''

ဆာဒူးကြီးက လူရဲကို အေးချမ်းစွာစိုက်ကြည့်လိုက်ပြီး ပြုံးလိုက်လေသည်။

''ဟုတ်ပါတယ်ကွယ်၊ ကျုပ်ဟာ လူကလေးလိုက်ရှာနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဆာဒူးကြီးချန္ဒရာမူတီပါပဲ''

''ဟင် ... ဆာဒူးကြီးက ကျွန်တော်လိုက်ရှာနေတာကို ဘယ်လိုသိသလဲဟင်''

ဤတွင် ဝတ်လုံတော်ရကြီးက ဝင်ပြောလေသည်။

''ဆာဒူးကြီးက သူတော်စင်ပဲ၊ သမထကျင့်အားလည်း အင်မတန်ကောင်းလေတော့ အကြားအမြင်ဝိဇ္ဇာတစ်ဦးလည်း ဖြစ်နေပြီ၊ မောင်ရင်ရဲ့ဆန္ဒအပြင် မောင်ရင်ရဲ့ အတိတ်နဲ့အနာဂတ်ကိုပါ သူပြောနိုင်တယ်''

''လေးစားပါတယ် ဆာဒူးကြီးခင်ဗျာ၊ ဒါဆို ကျွန်တော်ရှာဖွေလိုတဲ့ ရှေးဟောင်းမြို့ပြဥဒယကို တွေ့နိုင်မှာလားခင်ဗျာ''

လူရဲက လေးစားကျိုးနွံစွာမေးလိုက်လျှင် ဆာဒူးကြီးက မျက်ခွံများကို ခေတ္တပိတ်လိုက်ပြီး ခဏအကြာတွင် ပြန်ဖွင့်ကာ ခပ်လေးလေး ပြန်ဖြေလေသည်။

''ဥဒယမြို့ပြနိုင်ငံဟာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင်ကျော်လောက်က သဲမုန်တိုင်း ပြင်းပြင်းထန်ထန်တိုက်ခိုက်တဲ့အခါမှာ သဲတွေလွှမ်းပြီး သဲကန္တာရဖြစ်သွားခဲ့ပြီကွဲ့၊ အဲဒီလိုဥဒယမြို့ပြနိုင်ငံဟာ သဲတွေအောက်မှာ နစ်မြုပ်ပျောက်ကွယ်ခဲ့





တာ နှစ်ပေါင်းနှစ်ထောင်ကျော်ကြာခဲ့ပြီမို့ ဘယ်လိုလူမှ သဲကန္တာရတွေအောက်မှာ ဥဒယကို ရှာဖွေမတွေ့နိုင်တော့ဘူးကွဲ့၊ လက်လျှော့လိုက်ပါတော့ လူကလေးရယ်''

လူရဲလည်း သက်ပြင်းချလိုက်ပါတော့သည်။

ဤတွင် နဂါးမာန်ကျော်ရင်နှင့် မာလာတို့စုံတွဲကို တွေ့ရစဉ်က မျက်နှာအပျက်ကြီးပျက်သွားရှာသည့် လူရဲကို ကျွန်ုပ်ကစနောက်ကျီစယ်လိုသဖြင့် ...

''ဆာဒူးကြီးခင်ဗျာ ... ဆာဒူးကြီးဟာ လူရဲရဲ့အတိတ်အနာဂတ်တွေကို သိမြင်နိုင်တယ်ဆိုတာကို ကျုပ်တို့ယုံကြည်ပါတယ်၊ ဒါပေမဲ့ တစ်ခုတော့မေးပါရစေဦး ခင်ဗျာ ... အဲဒါကတော့ ပစ္စုပ္ပန်မျက်မှောက်ကာလမှာ လူရဲ ဘယ်လိုစိတ်ခံစားနေရသလဲဆိုတာ သိချင်လို့ပါ''

ဟု ပြုံးစိစိအမူအရာဖြင့် မေးလိုက်ရာ ဆာဒူးကြီးက ခေါင်းဆတ်ကာ ပြုံးလိုက်ပြီး ...

''သင့်ရဲ့မိတ်ဆွေလေး အသည်းကွဲနေရှာပါတယ်''

ဟုပြောလိုက်ရာ တစ်လမ်းလုံး မာလာ့ကို ပြန်ဆုံတွေ့နိုးနိုးဖြင့် မသိမသာ ရှာဖွေစူးစမ်းလာသည့် လူရဲမှာ မာလာ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲစွာ တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက် ခေါင်းငုံ့ကာ ပြုံးလျက်သာနေလိုက်ရှာလေ၏။

နဂါးမာန်ကျော်ရင်၏လက်မောင်းတစ်ဖက်ကို ချစ်မြတ်နိုး အားကိုးစွာ ဆုပ်ကိုင်ဖက်တွယ်ရင်း ယို့ယို့လေးရပ်နေသည့် မာလာမှာမူ လူရဲ၏စိတ်ခံစားမှုကို ဂရုမပြုမိဘဲ သူမချစ်သူ၏ မျက်နှာကိုသာ တရှိုက်မက်မက် ငေးမောကြည့်လျက်ရှိတော့၏။

နဂါးမာန်ကျော်ရင်က ကျွန်ုပ်ကို ဦးညွှတ်လိုက်ပြီး ...

"ဦးရဲ့ကျေးဇူး ကျွန်တော့်အပေါ်မှာ ကြီးမားစွာရှိပါတယ် ခင်ဗျာ၊ ဦးကို လူကိုယ်တိုင်နှုတ်မဆက်ဘဲ ထွက်ခွာသွားမိတာကို ခွင့်လွှတ်ပါ၊ အဲဒီတုန်းက ကျွန်တော်နဲ့အတူရှိနေရင် ဦးအပေါ်မှာ ဘေးဒုက္ခကျရောက်လာမှာစိုးလို့ပါ"

ဟု တောင်းပန်စကား ခပ်တိုးတိုးပြောရှာလေ၏။

"ရပါတယ် မောင်ကျော်ရင်ရယ်၊ ကျုပ် သဘောပေါက်ပါတယ်၊ မောင်ကျော်ရင်နဲ့ပတ်သက်လို့ ဘာဘူကြီးပြောပြတဲ့အတွက် ကျုပ် အားလုံးသိပြီးပါပြီ မောင်ကျော်ရင်ရဲ့ဘဝရှေ့ရေး ဖြောင့်ဖြူးသာယာပြီး ချစ်ရသူနဲ့လက်တွဲပျော်ရွှင်နိုင်ပါစေလို့ ကျုပ် ဆုတောင်းလိုက်ပါတယ် ...၊





ကျုပ်ကတော့ မြန်မာပြည်ကို လောလောဆယ် ပြန်ဖို့ အဆင်မပြေလောက်သေးဘူးထင်တယ်၊ ဒါကြောင့် ဒီ ဗာရာဏသီမှာ တစ်ထောက်နားပြီးရင် အရှေ့အလယ်ပိုင်းဒေသဆီ ခရီးလှည့်ဦးမလား စဉ်းစားမိတာပါပဲ"

ဤတွင် ဆာဒူးကြီးက ကျွန်ုပ်အားစိုက်ကြည့်လိုက်ပြီး လေးနက်သောအသံဖြင့် ...

"စာရေးဆရာကြီး ... သင့်ရဲ့ဒုက္ခကိုလည်း ကျွန်ုပ်သိပါတယ်၊ ဒါပေမဲ့ သင် ပူပန်ဖို့မလိုတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သင့်ကိုဒုက္ခပေးမယ့် မကောင်းသူတို့ရဲ့ အဖွဲ့အစည်းတွေဟာ သူတို့အချင်းချင်း ပြဿနာတွေဖြစ်ပြီး အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ရာက ပုလိပ်အဖွဲ့က အားလုံးကိုဖမ်းမိသွားပါပြီ၊ မကြာခင် ဥပဒေရဲ့ပြစ်ဒဏ်ပေးမှု ခံစားသွားကြရတော့မှာပါ၊ သင့်နိုင်ငံကို သင်ပြန်ရင်လည်း အန္တရာယ်မရှိတော့ပါဘူး"

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရတော့၏။

"ဟာ ... ဒါဆိုရင်တော့ ဝမ်းသာစရာပဲဗျာ၊ မောင်ကျော်ရင်တို့လည်း မြန်မာပြည်ကို ဟန်းနီးမွန်းထွက်လို့ရပြီပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် မြန်မာပြည်မှာ အခြေချနေထိုင်လိုရင်လည်း ရပြီ၊ ကျုပ်ကတော့ မောင်ရင်တို့ဖန်းမောင်နှံကို ဝမ်းပန်းတသာ ကြိုဆိုပါတယ်ဗျာ၊ လူရဲ ... မင်းလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမှာပဲ မဟုတ်လား"

"ကြို ကြိုမှာပါ ခင်ဗျာ"

လူရဲက မချိတင်ကဲအသံကြီးဖြင့် ပြောလိုက်ရာ ဆာဒူးကြီးနှင့် ကျွန်ုပ်မှာ လူရဲ၏ခံစားကြေကွဲနေဟန်ကိုကြည့်ပြီး ကရုဏာသက်စွာ ပြုံးလိုက်မိကြပါတော့သတည်း။

သြော် ... သဗ္ဗေသတ္တာ ကမ္မသကာပါတကား။

စိတြဲအငွေ့

BURMESE CLASSIC .com

www.burmeseclassic.com